BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၆၃) ခရစ်နှစ် ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၁) ရက် | မြန်မာသက္ကရာဇ် (၁၃၆၇) | ( ၁၅–၁–၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်။

## ဒေါ်အောင်ဆန်းစုကြည်၏ အသက် (၆၀) ပြည့်မွေးနေ့ အခမ်းအနားများကို ပြည်တွင်းပြည်ပတွင် အောင်မြင်စွာကျင်းပ



ဒေါ်အောင်ဆန်းစုကြည်၏ အသက် (၆၀) ပြည့် မွေးနေ့အခမ်းအနားကို အဲန်အယ်လ်ဒီဌာနချုပ်တွင် ကျင်းပနေစဉ်

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အသက် (၆၀)ပြည့် မွေးနေ့အခမ်းအနားကို မြန်မာနိုင်ငံအနှံ့ အပြားနှင့် ကမ္ဘာအရပ်ရပ်တွင် ဒီမိုကရေစီ မြတ်နိုးသူများနှင့် နိုင်ငံအသီးသီးမှ ကျော်ကြားသော ပုဂ္ဂိုလ်များက ဦးဆောင်၍ အောင်မြင်စွာ ကျင်းပခဲ့ကြောင်းသိရှိရသည်။

ဇွန်လ (၁၉)ရက်နေ့ကရန်ကုန်မြို့၊ ရွှေဂုံတိုင်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ကျင်းပသော ဒေါ်အောင်ဆန်းစုကြည် အသက် (၆၀)ပြည့်မွေးနေ့နှင့် မြန်မာနိုင်ငံအမျိုးသမီးများနေ့အခမ်းအနားသို့ အဲန်အယ်လ်ဒီပါတီဝင်များ၊ ဝါရင့်နိုင်ငံရေးသမားများ၊ ကျောင်းသား ခေါင်းဆောင်များ၊ စီအာရ်ပီပီအဖွဲ့ဝင်များ၊ ကယန်းစည်းလုံးညီညွတ်ရေးပါတီနှင့် ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားလှယ်များ၊ ဗြိတိန်နှင့်ဂျာမဏီမှ သံတမန်များ တက်ရောက်ခဲ့ကြသည်။

အန်အယ်လ်ဒီမိသားစုဝင်များက ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ နံနက်စောစောတွင် မွေးနေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များအား အရုဏ်ဆွမ်းကပ်လှူဒါနပြုပြီး၊ နံနက် (၁၀)နာရီခန့်တွင် အခမ်းအနားသို့ တက်ရောက်လာသူ တထောင်ကျော်တို့က ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ဆုတောင်းရင်း ချိုးငှက်များ၊ မိုးပျံပူပေါင်းများကို ကောင်းကင်သို့ လွှတ်တင်ခဲ့ကြသည်။

အခမ်းအနားတွင် အဲန်အယ်လ်ဒီဥက္ကဋ္ဌ ဦးအောင်ရွှေဖတ်ကြားသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ကြေညာစာတမ်းနှင့် ပတ်သက်၍ အခမ်းအနားပြောခွင့်ရသူ နန်းခင်ထွေးမြင့်က "ဒေါ်အောင်ဆန်းစုကြည်ရဲ့ စိတ်ဓာတ်ဟာ ယခုတိုင်ကြံ့ခိုင်နေပြီး၊ ပြည်သူလူထုအတွက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အင်တိုက်အားတိုက် ဆောင်ရွက်နေဦးမယ်ဆိုတဲ့အချက်ရယ်။ သူရဲ့အသက်ကို အန္တရာယ်ရှိပါစေ။ ပြည်သူလူထုအတွက်အကျိုးရှိမယ်ဆိုရင် ဘာမှ ကြောက်ရွံ့ခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင်နေမယ်ဆိုတာရယ်၊ နောက်ပြီး အမ (ဒေါ်အောင်ဆန်းစုကြည်)ဟာ မြန်မာပြည်မှာ မရှိမဖြစ်လိုအပ်နေတဲ့ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို ရအောင်ယူပေးနိုင်တဲ့ခေါင်းဆောင်ဖြစ်တယ်ဆိုတာကို အန်ကယ်လ် ဦးအောင်ရွှေက ရဲရဲကြီးတာဝန်ခံ ပြောကြားသွားတာပါ"ဟုဆိုသည်။

အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သဘာပတိဦးအောင်ရွှေက နိုင်ငံတကာသို့ကျေးဇူးတင်လွှာကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဒေါ်အောင်ဆန်းစုကြည်ကိုယ်စားဖတ်ကြားခဲ့ပြီး အမျိုးသမီးအဖွဲ့ကလည်း အမျိုးသမီးနေ့ကြေညာစာတမ်းကို ဖတ်ကြားခဲ့သည်။

ထို့နောက် ညနေပိုင်းတွင် နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုဝင် (၇၄)ဦးအတွက် ပညာရေးထောက်ပံ့ကြေးအဖြစ် တဦးလျှင် ကျပ်တသောင်းနှင့် စာရေးကိရိယာများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အကူအညီပေးခဲ့သည်။

ရွှေတိဂုံစေတီတော်တွင်လည်း ဒေါ်အောင်ဆန်းစုကြည်၏မွေးနံ အင်္ဂါထောင့်တွင် ဒေါ်အောင်ဆန်းစုကြည်တီရှပ်များ ဝတ်ဆင်ထားသော အဲန်အယ်လ်ဒီလူငယ်များက ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူခြင်း၊ ဒေါ်စု လွတ်မြောက်ရေးအတွက် ဆုတောင်းခြင်း၊ မေတ္တာပို့သခြင်းများပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ ရွှေတိဂုံစေတီတော်မှ ပြန်အဆင်းတွင် မြောက်ဘက်မုခ်၌ စောင့်ကြည့်နေသော ရဲများ၊ ကြံ့ဖွံ့အဖွဲ့နှင့် မီးသတ်တို့က ဒေါ်အောင်ဆန်းစုကြည်တီရှပ်ဝတ်ဆင်ထားသော လူငယ်များကို တီရှပ်ချွတ်ခိုင်းခဲ့ပြီး အမျိုးသမီးများကိုလည်း အဖြူရောင်တီရှပ်များ လဲလှယ်ဝတ်ဆင်ခိုင်းခဲ့သည်။

ထို့နေ့တနေ့လုံး ဒေါ်အောင်ဆန်းစုကြည် အိမ်ရှေ့လမ်းကို ယာဉ်အသွားအလာပိတ်ထားပြီး၊ အဖွဲ့ချုပ်က ဒေါ်အောင်ဆန်းစုကြည်အတွက်ရည်စူး၍ပေးပို့သော ကြက်သားပလာတာကို အိမ်ရှေ့တွင် အစောင့်ချထားသော ရဲများကသာ လက်ခံလိုက်သဖြင့် ဒေါ်အောင်ဆန်းစုကြည်ထံမှ မွေးနေ့အမှာစကား တစုံတရာမျှ ကြားနာခွင့်မရခဲ့ကြောင်း ရန်ကုန်ရုံးချုပ်မှ တာဝန်ရှိသူများကို ကိုးကား၍ သတင်းများကဆိုသည်။

ဝါရင့်နိုင်ငံရေးသမားကြီး သခင်သိန်းဖေ၏နေအိမ်တွင်လည်း ဒေါ်အောင်ဆန်းစုကြည်မွေးနေ့နှင့် သခင်သိန်းဖေ အသက် (၈၆)နှစ်ပြည့်မွေးနေ့ပွဲကို ပူးတွဲကျင်းပခဲ့ပြီး၊ ဝါရင့်နိုင်ငံရေးသမားများက တိုင်းပြည်အကျိုးအတွက် တွေ့ဆုံဆွေးနွေးရေး အကောင်အထည်ဖော်ရန် တိုက်တွန်းထားသောစာကို နအဖဥက္ကဋ္ဌထံသို့ ပေးပို့ခဲ့ကြောင်းသိရှိရသည်။


ဒေါ်အောင်ဆန်းစုကြည်၏ အသက်(၆၀)ပြည့် မွေးနေ့အခမ်းအနားကို အဲန်အယ်လ်ဒီဌာနချုပ်တွင် ကျင်းပစဉ်

ယင်းအခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်

နောက်ကျောဖုံးသို့ ...


ထိုင်းမြန်မာနယ်စပ်တနေရာတွင် ကျင်းပနေသော ဒေါ်အောင်ဆန်းစုကြည်မွေးနေ့အခမ်းအနား မြင်ကွင်း

## ဒေါ်အောင်ဆန်းစုကြည်၏ အသက်(၆၀)ပြည့်မွေးနေ့အတွက် အမေရိကန်သမတထံမှ ဂုဏ်ပြုသဝဏ်လွှာပေးပို့

အကျဉ်းကျခံနေရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင် ဆန်းစုကြည်၏ အသက် (၆၀) ပြည့်မွေးနေ့ မတိုင်မီ တရက်အလိုတွင် အမေရိကန်သမတထံမှ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့အတွက် ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့ကြောင်း သိရှိရသည်၊

ဇွန်လ (၁၈)ရက်နေ့က ဂျော့ဒဗလျူဘုရှ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာပြည်သူတရပ်လုံးဖိနှိပ်ခံဘဝမှ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေသော ဒေါ်အောင်ဆန်းစုကြည်၏ အင်အား၊ သတ္တိနှင့် ကိုယ်ကျိုးစွန့်မှုများကို ချီးကျူးထားပြီး မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ဖြစ်ထွန်းပြီး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လွတ်လပ်မှုများ ပေါ်ပေါက်လာမည့်နေ့ကို အမေရိကန်နိုင်ငံက မျှော်လင့်နေပါကြောင်း ရေးသားထားသည်။

သမတဘုရှ်၏ ယင်းဆုတောင်းသဝဏ်လွှာသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်များနှင့် ကမ္ဘာ့ခေါင်းဆောင်များ၏ မွေးနေ့ဆုတောင်းများနှင့် ရှေ့ဆင့်နောက်ဆင့်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်၊

အလားတူ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ဒေါ်အောင်ဆန်းစုကြည်၏ (၆၀)ပြည့်မွေးနေ့နှင့်ပတ်သက်၍ ကြေညာချက်တစောင်ထုတ်ပြန်ရာတွင် ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာတဝှမ်းရှိ လွတ်လပ်မှုကို ငံ့လင့်နေသူများ၏ မျှော်လင့်ချက်အလင်းရောင်ဖြစ်ပြီး၊ စစ်အုပ်စုသည် သူမကို နေအိမ်အကျယ်ချုပ်ဖြင့် နှုတ်ဆိတ်အောင်ပြုလုပ်ထားလင့်ကစား ကမ္ဘာ့ပြည်သူများသို့ပန်ကြားသော သူမ၏ ဒီမိုကရေစီနှင့်လွတ်လပ်ရေး အမှာစကားကိုမူ တားဆီးထား၍ မရနိုင်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် ရက်စက်ကြမ်းကြုတ်သော နအဖ၏ အုပ်ချုပ်မှုအောက်မှ မြန်မာပြည် လွတ်မြောက်ရေးကြိုးပမ်းမှုအဖြစ် ရဲစွမ်းသတ္တိရှိသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးခွန်ထွန်းဦးနှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် အမေရိကန်နှင့်အတူ ညီညီညာညာ၊ ဇွဲကောင်းကောင်းနှင့် ဆက်လက် ရပ်တည်ပေးကြရန် ကမ္ဘာ့နိုင်ငံများကို

စာမျက်နှာ (၁၀) ကော်လံ (၅) သို့ ...

**မင်းဆိုးကို မိုးကြိုး ပစ်ပြီ**

# တော်လှန်သော ဂီတသံစဉ်များဖန်တီးကြစို့

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို မြန်မာနိုင်ငံသာမက ကမ္ဘာနှင့်ချီ၍ ကျင်းပကြသည်ကို တွေ့မြင်ရသည်မှာ မြန်မာပြည်သူတို့၏ ဒီမိုကရေစီရေးအတွက် ဝမ်းမြောက်အားတက်ဖွယ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဒေါ်စု၏မွေးနေ့ အခမ်းအနားများသည် လူတစ်ဦးတစ်ယောက်၏မွေးနေ့ကို ကျင်းပသည် ဆိုသည်ထက် တိုင်းပြည်တပြည်၏ ပြည်သူလူထုလိုအင်ဆန္ဒကို ထုတ်ဖော်တင်ပြသည့် နိုင်ငံရေးဆိုင်ရာလှုပ်ရှားမှုဖြစ်သောကြောင့် ဖြစ်ပေသည်။

(၁၇)နှစ်ကျော်ကြာ သူမ၏အံ့မခန်းသော ကိုယ်ကျိုးစွန့်မှု၊ အနစ်နာခံမှုများနှင့် စွမ်းအားပြည့်ထက်မြက်သော ပြည်သူလူထုအား စည်းရုံးလှုံ့ဆော်နိုင်မှုများက မြန်မာပြည်သူတို့အတွက်သာမက နိုင်ငံတကာဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးအရေးတော်ပုံကြီး၏ ရှေ့ဆောင်လမ်းပြအဖြစ် သူမအားနိုင်ငံတကာပြည်သူတို့က အသိအမှတ်ပြုလာစေသည်။ ထို့အပြင် သူမကြောင့် မြန်မာပြည်သူတို့၏ အံ့မခန်းသောဇွဲသတ္တိကို ကမ္ဘာသို့ ထုတ်ဖော်တင်ပြရာ၌ ပိုမို၍ ထိရောက်မှုရှိစေသည်။ ဤအချက်များက သူမသည် မြန်မာပြည်သူ တရပ်လုံးကို ကိုယ်စားပြုသည့် သမိုင်းကအပ်နှင်းပေးလိုက်သော "ခေါင်းဆောင်" ဖြစ်သည်ဆိုသည်ကို ပိုမိုထင်ရှားစေခဲ့သည်။

မြန်မာပြည်နှင့် အိန္ဒိယပြည်တို့၏ ကိုလိုနီလွတ်မြောက်ရေးလှုပ်ရှားမှု သမိုင်းများကို နှိုင်းယှဉ်လေ့လာသူတချို့က အိန္ဒိယတွင် ခေါင်းဆောင်ကောင်းရှိပြီး နောက်လိုက်ကောင်းနည်းသည်။ မြန်မာပြည်တွင်မူ ခေါင်းဆောင်ကောင်းနည်းပြီး နောက်လိုက်ကောင်းများရှိသည်ဟု သုံးသပ်ကြသည်။ ဤအဆိုနှင့် စပ်လျဉ်း၍ မှားသည်၊ မှန်သည် အငြင်းပွားဖွယ်မရှိသော်လည်း မြန်မာပြည်၏ ယနေ့ တမျိုးသားလုံးဆိုင်ရာ လက်ငင်းလိုအပ်ချက်များအပေါ် မှီတည်၍ "ခေါင်းဆောင်မှု"ပိုင်းကို ဆန်းစစ်ရန် လိုအပ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ခေါင်းဆောင်မှုဟူသည် ကတ္တားပိုင်းဆိုင်ရာဖြစ်ထွန်းမှု၏ အဓိကမောင်းနှင်အားဖြစ်သောကြောင့် ဖြစ်ပေသည်။

"ခေါင်းဆောင်မှု (Leadership)"နှင့် "ခေါင်းဆောင် (Leader)"ဟူသည်မှာလည်း တသီးတခြားစီမဟုတ်သကဲ့သို့ တပြိုင်တည်းမှာပင် တခုတည်းမဟုတ်ပေ။ ခေါင်းဆောင်ဟူသည်မှာ ခေါင်းဆောင်မှု၏ ခွဲခြားမရသော အစိတ်အပိုင်းဖြစ်သော်လည်း ယင်းခေါင်းဆောင်အား ဖြည့်ဆည်းဝိုင်းရံပေးသော မူဝါဒပိုင်းနှင့် လက်တွေ့ပိုင်းဆိုင်ရာ အခြေခံလိုအပ်ချက်များ ပြည့်စုံမှု၊ မပြည့်စုံမှုက ခေါင်းဆောင်မှုမှန်ကန်၏၊ မမှန်ကန်၏ဟူသည့်အချက်ကို ပြဋ္ဌာန်းပေးလျက်ရှိသည်။ အချုပ်ဆိုသော် ခေါင်းဆောင်သည် စွမ်းရည်ပြည့်ဝသော စည်းရုံးလှုပ်ရှားသူ (မူဝါဒချမှတ်ရာတွင် အထောက်အကူပြုသူ၊ ခေါင်းဆောင်နှင့်လူထုကြား ဆက်စပ်ပေးသူ) များ၏ ဝန်းရံပံ့ပိုးမှု၊ ပူးပေါင်းလုပ်ဆောင်မှု မည်မျှရှိသည်ဆိုသည့်အပေါ်တွင် မူတည်၍သာ သူ၏ ခေါင်းဆောင်မှုစွမ်းရည်ကို ထုတ်ဖော်ခြင်းပြုနိုင်ပေသည်။

စွမ်းရည်ပြည့်ဝသည့် စည်းရုံးလှုပ်ရှားသူပေါင်း တစ်ထောင့်သုံးရာငါးဆယ်ကို ထောင်ထဲထည့်ထားခံရခြင်းသည် ဒီမိုကရေစီရေးတိုက်ပွဲအတွက် ကြီးမားသော အကန့်အသတ်ဖြစ်သည်မှာ မှန်ပါသည်။ သို့သော် တချို့အကန့်အသတ်များသည် ရန်သူက ကန့်သတ်ခြင်းမဟုတ်။ မိမိဘာသာကန့်သတ်ခြင်း ဖြစ်သည်။ ဥပမာ ဒေါ်အောင်ဆန်းစုကြည် ထောင်မှလွတ်လာတာကိုစောင့်ပြီး သူလွတ်လာမှ အရာရာကိုဆုံးဖြတ်မည်ဟူသော စဉ်းစားတွေးခေါ်မှုသည် ရန်သူကိုသာအကျိုးဖြစ်ထွန်းစေပေလိမ့်မည်။ နိုင်ငံရေးအဖွဲ့အစည်းများသည်လည်း မိမိတို့၏ လုပ်ငန်းစဉ်မူဝါဒများကို စနစ်တကျ ပြန်လည်သုံးသပ်ရန်လိုအပ်နေသည်။ သို့မဟုတ်ပါက ရရှိထားသော ခေါင်းဆောင်မှုကဏ္ဍကို ဆုံးရှုံးရနိုင်သည်။ လက်တွေ့ကျသော လူထုတိုက်ပွဲများတွင်း လက်တွေ့မပါသော ခေါင်းဆောင်မှုကို အတင်းဝင်ရောက်စိုက်ထူပါက သမိုင်း၏ကဲ့ရဲ့မှုကို ခံရနိုင်သည်။ အတိတ်၏ ရှေ့ထီးဆောင်းမှုကို ပြန်ပြောင်းတသနေ၍မရ၊ လူထုကိုအမှန် ဦးဆောင်နိုင်ရန်လိုအပ်ပေသည်။

ဒေါ်အောင်ဆန်းစုကြည်၏မွေးနေ့တွင်သူမအားချစ်ခင်လေးစားပါသည် ဆိုသူများမှ သူမအား အကောင်းဆုံးပေးနိုင်သောမွေးနေ့လက်ဆောင်မှာ သူမအား ဝန်းရံတိုက်ပွဲဝင်ရန်အတွက် ကိုယ့်ကိုယ်ကို ပြုစုပျိုးထောင်၍ "လူထုနှင့် ဆက်စပ်လှုပ်ရှားရန်" ဖြစ်သည်။ ထို့အတွက် အဓိကအချက်အချာကျသောနည်းလမ်းမှာ စက်ရုံများ၊ အလုပ်ရုံများ၊ လယ်ယာလုပ်ငန်းခွင်များရှိ ပြည်သူလူထုထံ နည်းပေါင်းစုံဖြင့်ရောက်ရှိစေလျက် ပြည်သူလူထု၏ ရင်ခုန်သံများကို တော်လှန်သော ဂီတသံစဉ်များအဖြစ် ဖန်တီးရန်ဖြစ်သည်။ ဤသို့ဖန်တီးရာတွင် ကာရံမဲ့မဟုတ်၊ ရစ်သမ်မဲ့မဟုတ်၊ စည်းဝါးမဲ့မဟုတ်။ ဒေါ်အောင်ဆန်းစုကြည်၏ စဉ်းစားတွေးခေါ်ချက်များ၊ မိန့်မှာချက်များနှင့် ကိုယ်ကျိုးစွန့်အနစ်နာခံမှုများ အထူးသဖြင့် ပြည်သူလူထုအပေါ်ထားရှိသော ချစ်မြတ်နိုးမှုတို့ကို ပြည်သူလူထု၏ လက်တွေ့ဘဝ ရင်ခုန်သံများနှင့် ဟန်ချက်ညီစွာပေါင်းစပ်ရန်ဖြစ်သည်။ ဤသို့ လုပ်ဆောင်နိုင်မည်ဆိုပါက ဒီမိုကရေစီအောင်ပွဲသည် အမြန်ဆုံးဖြစ်ထွန်းလာမည်မှာ မုချဖြစ်ပါကြောင်း။ ❖

# စစ်တပ်က နိုင်ငံတော်အာဏာ၏လေးပုံတပုံကို အရယူမည်ဟု နအဖပိုင်ကြေးမုံ သတင်းစာတွင်ဖော်ပြ

ဇွန်လ (၁)ရက်နေ့ထုတ် နအဖပိုင် သတင်းစာက နိုင်ငံတော်အာဏာ၏ (၂၅) ရာခိုင်နှုန်းကို စစ်တပ်က အရယူလိုကြောင်း ဖော်ပြလိုက်သည်။

နအဖအာဘော်ဖြစ်သော ကြေးမုံ သတင်းစာပါ ရွေးကောက်ပွဲ (၁၅)နှစ်မြောက် နှစ်ပတ်လည်သုံးသပ်ချက် ဆောင်းပါးတွင် ၁၉၉၃ အမျိုးသားညီလာခံ၌ စစ်တပ်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံတော်အာဏာကို ပြည်သူလူထုကိုယ်စားလှယ်က (၇၅)ရာခိုင်နှုန်းရယူပြီး ၊ စစ်တပ်ကို (၂၅) ရာခိုင်နှုန်းပေးရန်နှင့် အဆိုပြုခဲ့သော်လည်း ယင်းအဆိုပြုချက်ကို အဲန်အယ်လ်ဒီက လက်မခံခဲ့ကြောင်းဖော်ပြထားပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး အဆင်ပြေချောမွေ့စေရန် အဲန်အယ်လ်ဒီအပါအဝင် နိုင်ငံရေးအင်အားစုများအနေဖြင့် ပါတီအစွဲမထားဘဲ စစ်တပ်၏အဆိုပြုချက်ကို လက်ခံရန် တောင်းဆိုထားသည်။

အဲန်အယ်လ်ဒီပြောခွင့်ရသူ ဦးလွင်က အဲန်အယ်ဒီသည် ပါတီအစွဲကင်းကင်းဖြင့် လူထုကောင်းစားရေးအတွက် လူထုစိတ်ချမ်းသာရေးအတွက် သင်ပုန်းချေရေး၊ တွေ့ဆုံဆွေးနွေးရေးအတွက် နအဖထံမကြာခဏ တောင်းဆိုခဲ့သော်လည်း နအဖဘက်က တုံ့ပြန်ခြင်း မပြုခဲ့ကြောင်း၊ နအဖသတင်းစာဆောင်းပါးပါ အချက်အလက်များသည်တွင်လည်း အသစ်အဆန်းဆို၍ ဘာတခုမှမပါကြောင်း သတင်းဌာနများသို့ ပြောကြားသွားသည်။

ကြေးမုံသတင်းစာတွင် လတ်တလော ရပ်ဆိုင်းထားသော မျိုးသားညီလာခံနှင့်ပတ်သက်၍ ဖော်ပြရာတွင် အမျိုးသားညီလာခံသို့ အဲန်အယ်လ်ဒီကို တက်ရောက်ရန် ဖိတ်ကြားခဲ့ကြောင်း၊ သို့သော် အဲန်အယ်လ်ဒီကတောင်းဆိုသော ဒေါ်အောင်ဆန်းစုကြည်နှင့်ဦးတင်ဦး လွှတ်ပေးရေး၊ ပါတီရုံးများဖွင့်ခွင့်ပေးရေးအချက်များကို ခေတ္တဆိုင်းငံ့ထားရန် နအဖဘက်က မေတ္တာရပ်ခံချက်ကို အဲန်အယ်လ်ဒီက လက်မခံဘဲ ညီလာကို သပိတ်မှောက်ခဲ့ကြောင်း ဖော်ပြထားသည်။



အဲန်အယ်လ်ဒီ ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်

ထိုကိစ္စနှင့်ပတ်သက်၍ ဦးလွင်က ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်အား ချုပ်နှောင်ထားသည့်ကိစ္စ၊ ပါတီရုံးများ ပြန်ဖွင့်ခွင့်ရမည့်အချိန်နှင့်ပတ်သက်၍ နအဖဘက်က အတိအကျ တုံ့ပြန်ပြောဆိုထားခြင်း မရှိခဲ့ကြောင်း၊ အဲန်အယ်လ်ဒီအနေဖြင့် ယခင်ကကိစ္စများကို ပြန်လည်ပြောဆိုနေလျှင် ပါတီက လက်ရှိကျင့်သုံးသော သင်ပုန်းချေရေးမူဝါဒနှင့် ဆန့်ကျင်နေသည်ဟု ပြောဆိုလာမည်ကို မလိုလား၍ မိမိအနေဖြင့် အထူးအထွေမပြောလိုကြောင်း သတင်းဌာနများသို့ ပြောကြားသွားသည်။ ❖

## ဒေါ်အောင်ဆန်းစုကြည်၏ အနှစ် (၆၀) ပြည့်မွေးနေ့တွင် ဝါရင့်နိုင်ငံရေးသမားများ၏ နအဖဥက္ကဋ္ဌထံသို့ ပန်ကြားစာ

"အနာသိ ဆေးရှိ လူသိ" ဟု ရှေးရှေးကတည်းကစကားအတိုင်း ယနေ့ တိုင်းပြည်ကို ခေါင်းဆောင်နေသော ခေါင်းဆောင်များအနေဖြင့် အခြေအနေမှန်များကို သိစေလို၍လည်းကောင်း၊ စုံစမ်းစစ်ဆေး၍ မှန်မှန်ကန်ကန် သုံးသပ်ကာ ပြင်ဆင်ကျော်လွှားနိုင်စေရန်လည်းကောင်း ဖော်ပြခြင်းဖြစ်ပါသည်။ အမိန့်အာဏာဖြင့် ဖြေရှင်း၍လည်းကောင်း၊ ဖမ်းဆီးချုပ်နှောင်အကျဉ်းချထားသည့် ဥပဒေနည်းဖြင့် ဖြေရှင်း၍လည်းကောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးမရနိုင်ပါ။ တစုံတရာ ဟန့်တားတားဆီး၍ရနိုင်သော်လည်း အသွင်တမျိုးပုံစံတမျိုးဖြင့် ထပ်မံပေါ်ပေါက်လာဦးမည် ဖြစ်ပါသည်။ ပိုမို၍ ပြင်းထန်ဆိုးဝါးလာမည်ဟု ကျွန်ုပ်တို့အနေဖြင့် စိုးရိမ်နေမိပါသည်။ တကယ်တမ်းပြည်ထောင်စုကြီး မပြိုကွဲစေလိုပါက ငြိမ်းချမ်းသာယာစည်ပင်ဝပြောသည့် ဒီမိုကရေစီပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်ဆောက်လိုပါက တန်တူရည်တူနည်းဖြင့် ရိုးသားပွင့်လင်းမှုနည်းဖြင့်ကြည့်၍ အပေးအယူ အလျော့အတင်းများလည်းပြုလုပ်ကာ တွေ့ဆုံဆွေးနွေးအဖြေရှာ ဖြေရှင်းကြရာမှာသာ တခုတည်းသောနည်းလမ်းနှင့် အမှန်ကန်ဆုံးသောနည်းဖြစ်ကြောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေနှင့် ယထာဘုတကျစွာ စဉ်းစားသုံးသပ်၍ တိုင်းပြည်၏အကျိုး ပြည်သူလူထု၏အကျိုးကို ရှေးရှုကာ အမြန်ဆုံး စတင်ဆောင်ရွက်သင့်ပါကြောင်း အလေးအနက်မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။ ❖



# နိုင်ငံတကာအကူညီနှင့် စီးပွားရေးပိတ်ဆို့အရေးယူမှုအပေါ် အဖွဲ့ချုပ်၏ သဘောထား

နိုင်ငံတကာ Sanction တို့၊ ကမ္ဘာ့ခရီးသည်ကိစ္စတို့ ဘာတို့ဟာ ဒါပေါ်လစီနဲ့ဆိုင်တဲ့ ကိစ္စတွေပါ။ အဲဒါကို အရင်နှစ်တုန်းက အန်တီတို့ သတင်းစာရှင်းလင်းပွဲမှလည်း ပြောပြီးပါပြီ။ ပေါ်လစီဆန်တဲ့ကိစ္စတွေနဲ့ ပတ်သက်လို့ ဆွေးနွေးပွဲများ မဖြစ်မြောက်မခြင်း အန်တီတို့ဘက်က လုံးလုံးအပြောင်းအလဲ မရှိဘူးလို့ ပြောပြီးပါပြီ။ အဲဒီတော့ နိုင်ငံခြား Sanction တွေနဲ့ ပတ်သက်လို့၊ ကမ္ဘာ့ခရီးသည်တွေနဲ့ ပတ်သက်လို့ရှိရင် အန်တီတို့ အရင်တုန်းကနေပြီးတော့ ရပ်တည်ချက်အတိုင်းပဲ ဆက်ပြီးတော့ ရပ်တည်သွားမှာပါ။ အရင်တုန်းကကတည်းက အန်တီတို့ပြောခဲ့ထားပြီးသားပဲ လူသားချင်းစာနာတဲ့ အထောက်အကူဆိုတာ အန်တီတို့အနေနဲ့ အထောက်အကူကို မလုပ်ရဘူးလို့ ပြောတာမဟုတ်ဘူး။ ဤထောက်အကူကို လုပ်ပုံလုပ်နည်းအပေါ်မှာ မူတည်တယ်။ Accountability တာဝန်ရှိမှု ရှိရမယ်။ Transparency ပွင့်လင်းမှု ရှိရမယ်။ နောက်ပြီးတော့ လွတ်လွတ်လပ်လပ် ထိန်းကွပ်နိုင်ရမယ်။ နောက် အပြင်ကနေပြီးတော့ ဒီလို လုပ်ငန်းတွေ၊ ဒီလို အကူညီတွေပေးနေတဲ့ အစီစဉ်တွေကို လွတ်လွတ်လပ်လပ် စိစစ်ပိုင်ခွင့်ရှိရမယ်။ ကြည့်ပိုင်ခွင့်ရှိရမယ်။ နိုင်ငံတကာက ဒီလို ဆွေးနွေးပွဲတွေ ဖြစ်စေချင်တယ်ဆိုတာဟာ နိုင်ငံတကာက နားလည်လို့ပေါ့။ ဆွေးနွေးပွဲဆိုတာ ဒီနိုင်ငံအတွက်တင် မဟုတ်ဘူး။ ကမ္ဘာအတွက် အကောင်းဆုံးလမ်းပဲ၊ အဲဒါကြောင့်မို့ နိုင်ငံတကာကနေပြီးတော့ ဆွေးနွေးပွဲတွေဖြစ်စေချင်တယ်လို့ ပြောတာဟာ ဒီလူသားတွေရဲ့ယဉ်ကျေးမှုနဲ့ ကိုက်ညီတဲ့ တိုက်တွန်းချက်ပဲလို့ အန်တီတို့က ဒီလိုပဲယူဆပါတယ်''။

[(၂၀၀၃) ခုနှစ်၊ မေလ (၁၄) ရက် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီဗွီဘီနှင့် မေးမြန်းခန်းမှ]



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်

# ဒေါ်အောင်ဆန်းစုကြည်အား ထိုင်းနိုင်ငံ တမာဆတ်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘွဲ့ချီးမြှင့်

ဒေါ်အောင်ဆန်းစုကြည်၏ အသက် (၆၀)ပြည့် မွေးနေ့ပွဲအခမ်းအနားနှင့် နိုင်ငံရေးသိပ္ပံဘွဲ့အပ်နှင်းပွဲအခမ်းအနားကို ဇွန်လ (၁၈) ရက်နေ့နံနက်(၉)နာရီတွင် ဘန်ကောက်မြို့ တမာဆတ်တက္ကသိုလ်တွင် ကျင်းပခဲ့ကြောင်း သိရှိရသည်။

ဒေါ်အောင်ဆန်းစုကြည်အားပေးအပ်သော နိုင်ငံရေးသိပ္ပံဘွဲ့ (Doctor of Political Science)ကို ပြည်ပရောက် အဲန်အယ်လ်ဒီပါတီ၊ ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းက လက်ခံရယူခဲ့သည်။



ဆိပ်ကမ်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအား ဆုပေးပွဲတွင်တွေ့ရစဉ်

အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ဆုလက်ခံယူသူ ဒေါ်စန်းစန်းက ''ဒီဘွဲ့ကို ထမာဆတ်တက္ကသိုလ်က ၁၉၉၂ ခုနှစ်ကတည်းက ပေးချင်နေတာ။ သူတို့က ဒေါ်စုကို ကိုယ်တိုင်တက်ယူစေချင်တယ်။ ဒါပေမယ့် ဒေါ်စုက ဒီနေ့အထိ စစ်အစိုးရရဲ့ ဖမ်းဆီးမှုကနေ မလွတ်မြောက်နိုင်တဲ့အတွက်ကြောင့် ဒေါ်စုမွေးနေ့ပွဲနဲ့ပေါင်းပြီး အခုမှ တခမ်းတနားကျင်းပလိုက်တာဖြစ်တယ်''ဟု ပြောကြားသွားသည်။

ကုလသမဂ္ဂဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ဟောင်းတဦးက ''မြန်မာ့ဒီမိုကရေစီအရေးကို အာဆီယံထဲမှာတော့ အင်ဒိုနီးရှား၊ မလေးရှား ၊ ဖိလစ်ပိုင်တို့က ပြည့်ပြည့်ဝဝထောက်ခံတယ်၊ ထိုင်းအစိုးရရဲ့ ရပ်တည်မှုကတော့ တည်ငြိမ်မှု မရှိဘူး။ အကယ်၍ ဒေါ်စုကိုမလွှတ်ပေးရင် အာဆီယံဉက္ကဋ္ဌနေရာကို မြန်မာကို မပေးမှာသေချာတယ်''ဟု ဆိုသည်။

အခမ်းအနားတွင် မြန်မာစစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းများ နယ်စပ်ဒေသများတွင် တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများနှင့် နအဖတပ်များအကြား ဖြစ်ပွားသောတိုက်ပွဲများကြောင့် ပြည်တွင်းဒုက္ခသည်များ ထွက်ပြေးနေပုံ၊ လက်နက်ခဲယမ်းများထိမှန်၍ အပြစ်မဲ့ပြည်သူများ သေကြေရပုံ မှတ်တမ်းရုပ်ရှင်ကို ပြသခဲ့သည်။

ထို့နောက် ထမာဆတ်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများ၏ နအဖကနှစ်ပေါင်းများစွာ ဒေါ်စုအားဖမ်းဆီထားသော်လည်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင်သည် သည်းခံနားလည်မှုဖြင့် ငြိမ်းချမ်းစွာ တိုက်ပွဲဝင်နေပုံ၊ မြန်မာနိုင်ငံသားများ ထိုင်းအိမ်ဖော်များလုပ်ကိုင်၍ နှိပ်စက်ခံနေရပုံများကိုသရုပ်ပြအပြီးတွင် အခမ်းအနားသို့ တက်ရောက်လာသူ ထိုင်းကျောင်းသားပြည်သူများနှင့် မြန်မာပရိသတ် စုစုပေါင်း (၁၀၀၀)တို့က တနေ့တွင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီထွန်းကားမည့်အကြောင်း သံခိဋ္ဌာန်ပြုခဲ့ကြသည်။

ဆက်လက်၍ထိုင်းကျောင်းသူ၊ ကျောင်းသားများက မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးနှင့် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် ထိုင်းဘာသာဖြင့် သီချင်းများရွတ်ဆို၍ မွေးနေ့ဆုတောင်းပွဲများပြုလုပ်ခဲ့သည့်အပြင် ထိုင်းအဆိုကျော်များနှင့် ထိုင်း–မြန်မာ့ဒီမိုကရေစီအတွက် ငြိမ်းချမ်းရေးသီချင်းများ သီဆိုခဲ့ကြသည်။

အခမ်းအနားတွင် ထိုင်းမုန့်ဟင်းခါး၊ မြန်မာမုန့်ဟင်းခါးများ ကျွေးမွေးဧည့်ခံ၍ မြန်မာတိုင်းရင်းသားလူမျိုးများဖြစ်သော ကချင်၊ကရင် မွန်၊ ပအို့တို့၏ ရိုးရာအဆိုအကများဖြင့်လည်း ဖြေဖျော်သွားကြောင်း သိရှိရသည်။ ❖

# လောကနီယာမအရ "အဟောင်းအဟောင်းတို့နေရာမှာ အသစ်အသစ်တို့ဖြင့်အစားထိုးရစမြဲ" ဆိုသော်လည်း ...

(၁၉၈၈ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၊ ကိုကိုကြီးနှင့်ဘီဘီစီအင်တာဗျူးမှ ကောက်နုတ်ဖော်ပြပါသည်)

မင်းကိုနိုင် ။ ။ လောကနီယာမ အတိုင်းကတော့ အဟောင်းတို့၊ အအိုတို့နေရာမှာ အသစ်သစ်တွေနဲ့ အစားထိုးရစမြဲဆိုတာ ကျနော် မငြင်းပါဘူးခင်ဗျ။ ဒါပေမယ့် ကျနော်တို့ အဓိကအခြေခံပြီးတော့ စဉ်းစားရမယ့်အချက်တချက်က ဘာလဲဆိုတော့ အဲန်အယ်လ်ဒီဟာ ပြည်သူလူထုရွေးချယ်တင်မြှောက်ထားတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ပြည်သူလူထုဟာ ရွေးကောက်ပွဲမှာ တခဲနက် (၈၃)ရာခိုင်နှုန်း၊ ကမ္ဘာမှာ အင်မတန်မှရှားပါးတဲ့ အောင်နိုင်မှု ရာခိုင်နှုန်းပါခင်ဗျ။ အဲဒီလိုရထားတော့ သူတို့ဟာ ပြည်သူလူထုရဲ့ ကိုယ်စားလှယ်ဆိုတဲ့အချက်ကို ကျနော်တို့ မေ့ပျောက်ထားလို့မရပါဘူး။ ဖျောက်ဖျက်ပစ်ဖို့ မသင့်ပါဘူး။ အဲဒီသူတွေကို လူကြီးတွေလို့ ပြောကြပါစို့။ သူတို့တွေမှာ ငယ်ရွယ်သူတွေထက်သာတဲ့ အတွေ့အကြုံရှိတယ်။ ဗဟုသုတရှိတယ်။ အဲဒါတွေကို အားလည်းအားကိုးဖို့ လိုပါတယ်။ ကျနော်တို့ ကျန်တဲ့ လူငယ်ပိုင်းဆိုတာကတော့ စိတ်အားတက်ကြွမှုတွေရှိတယ်။ စွန့်လွှတ်အနစ်နာခံမှုတွေ ရှိတယ်။ အဲဒါတွေကို ကျနော်တို့က ပေါင်းစပ်နိုင်ဖို့ လိုပါတယ်။ အဲဒါဟာ အချိုးညီညီ ပေါင်းစပ်နိုင်မယ်ဆိုလို့ရှိရင် ဘယ်ဟာကိုတော့ ကျနော်တို့က ဖြုတ်ပစ်မယ်။ ဘယ်ဟာကိုတော့ အစားထိုးမယ်ဆိုတဲ့စဉ်းစားပုံစဉ်းစားနည်းဟာ ဖောက်ထွက်တဲ့ စဉ်းစားပုံစဉ်းစားနည်းပါ။ သမားရိုးကျအားဖြင့် အဟောင်းနေရာမှာ အသစ်အစားထိုးတယ်ဆိုတာကတော့ ပြောရင်တော့ သမားရိုးကျပေါ့ဗျ။ ဒါပေမယ့် တချို့ကိစ္စတွေမှာ ခြွင်းချက်သဘောနဲ့ ယေဘုယျသဘောတွေ ရှိပါတယ်။ ကျနော်တို့ ဒီကနေ့ကိစ္စမှာကတော့ ခုနက ကျနော်တို့ပြောတဲ့ လူကြီးတွေမှာရှိတဲ့ အားသာချက် လူငယ်တွေမှာရှိတဲ့ အားသာချက်ကို အချိုးကျကျပေါင်းစပ်ပြီး တော့သွားသင့်တယ်လို့ ကျနော်ယူဆပါတယ်ခင်ဗျ။

* * * * *

ကိုကိုကြီး ။ ။ လက်ရှိနိုင်ငံတော်ရဲ့ ပြဿနာဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးပြဿနာပါ။ အမျိုးသားပြန်လည်သင့်မြတ်ရေးပြဿနာကို ဖြေရှင်းတဲ့အခါမှသာ ဒီမိုကရေစီအခြေခံမူတခုအနေနဲ့ ၁၉၉၀ ရလဒ်ပေါ်မှာ အခြေခံပြီးတော့ တွေ့ဆုံဆွေးနွေး ဖြေရှင်းဖို့၊ နိုင်ငံရေးပြဿနာဖြေရှင်းမှုဟာ လူထုကနေပြီးတော့ ကိုယ်စားပြုလွှဲအပ်ထားတဲ့ ပုဂ္ဂိုလ်များရဲ့အခန်းကဏ္ဍပါဝင်ပြီး ဖြေရှင်းဖို့ ဒါကိုပဲဖြေရှင်းဖို့ ဦးတည်ပြီး ကျနော်တို့ ပြောနေပါတယ်။ ဒါကြောင့်မို့လို့လည်း ၁၉၉၀ ရလဒ်ကို ကျနော်တို့ပြောပြောနေကြတယ်ဆိုတာဟာ တိုင်းပြည်နဲ့လူမျိုးရဲ့ ဂုဏ်သိက္ခာပါ။ ဒီရွေးကောက်ပွဲမှာပါဝင်ပြီး ရွေးကောက်ခံယှဉ်ပြိုင်ခဲ့ကြတဲ့ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများရဲ့ ဂုဏ်သိက္ခာပါ။ ဒီထက်ပိုအရေးကြီးတာက ဒီရွေးကောက်ပွဲကို ဦးစီးကျင်းပပေးခဲ့တဲ့ တပ်မတော်တခုလုံးရဲ့ ဂုဏ်သိက္ခာနဲ့လည်း ဆိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျနော်တို့ ၁၉၉၀ ရလဒ်ကို အထွဋ်အမြတ်ထားပြီး ပြောနေရခြင်းဖြစ်ပါတယ်။ ❖



ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်

# အဝါရောင် ဖဲကြိုးရင်ထိုးလေးရဲ့ နောက်ကွယ်မှာ ……

ဖွန်မှိုင်း

(၁)

အဝါရောင်စာရွက်တရွက်ကို ဖတ်နေရင်း အရောင်တွေပြောင်းနေတဲ့ အလုပ်သမလေးတယောက်ရဲ့မျက်နှာကို သင်မြင်ဖူးပါသလား။

တခါတခါ နှုတ်ခမ်းလေး လှုပ်တယ်ဆိုရုံလေး လှုပ်ပြီး၊ တခါတခါ အသံကလေး ထွက်လာအောင် သူမ ကြည်ကြည်နူးနူး ဖတ်ကြည့်နေတာပါ။

“ဒေါ်အောင်ဆန်းစုကြည်ဟာ ပြည်သူတဦးတယောက်အနေနဲ့လည်းကောင်း၊ လူထုခေါင်းဆောင်တဦးအနေနဲ့ လည်းကောင်း သူယုံကြည်တဲ့အတိုင်း ပြောဆိုသလို ယုံကြည်တဲ့အတိုင်းလည်း လုပ်ကိုင်ဆောင်ရွက် နေပါတယ်”

သူမရဲ့ လက်ကလေးတွေ တဆတ်ဆတ် တုန်နေတယ်။

“လူထုရဲ့ ကျီးလန့်စာစားဘဝကို အဆုံးသတ်နိုင်ဖို့အတွက် ဒေါ်အောင်ဆန်းစုကြည်ဟာ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအလံကို အမြင့်မားဆုံး လွှင့်ထူထားဆဲပါ”

တချက်တချက် မျက်မှောင်ကလေး ကြုတ်သွားပြီး၊ တချက်တချက် အံကလေး ကြိတ်ပြီး တခုခုကို ဆုံးဖြတ်ချက်ချလိုက်သလိုမျိုး။ ပြီးတော့ သူမရင်ဘတ်ပေါ်မှာ ချိတ်ထိုးထားတဲ့ အဝါရောင် ရင်ထိုးလေးကို စူးစူးငေးငေးလေး ငုံ့ကြည့်လိုက်တယ်။

အဲဒီအဝါရောင် ရင်ထိုးလေးထဲမှာ ဘာတွေရှိနေမလဲ။

(၂)

တောင်အာဖရိကက နိုဘယ်လ်ဆုရှင် ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူးက ….

“ဒေါ်အောင်ဆန်းစုကြည် မလွတ်မြောက်သေးသရွေ့ ကျနော်တို့အားလုံးလည်း အမှန်တကယ် မလွတ်မြောက်နိုင်ပါ”လို့ ရဲရဲတင်းတင်း ယတိပြတ်ပြောဆိုလိုက်တာ။

တပြိုင်နက်တည်းမှာ …. နိုဘယ်ဆုရှင် (၁၄) ဦးရဲ့ အိတ်ဖွင့်ပေးစာတစောင် ထွက်ပေါ်လာတာ။

အိုင်းရစ်အဆိုတော် ဒါမီယန်ရိုက်စ်ရဲ့ ‘မတီးခတ်ဖြစ်သော စန္ဒယား’(Unplayed Piano)အမည်ရတေးသံ ကမ္ဘာ့နေရာအနှံ့မှာ

> တကယ်ဆိုရင် … အဲဒီ ဖဲကြိုးဝါဝါရင်ထိုးလေးထဲမှာ …
> ဒီထက်မကတဲ့ သမိုင်းတန်ဖိုးတွေ၊ ပေးဆပ်ရင်းနှီးမှုတွေ၊ ပိုင်းပိုင်းဖြတ်ဖြတ် သန္နိဋ္ဌာန်တွေ၊ စိမ်ခေါ်နေတဲ့
> လမ်းဆုံလမ်းခွတွေ၊ ပြီးတော့ တောက်ပရွှန်းလက်နေတဲ့ ကျနော်တို့ရဲ့ ရွှေရောင် အိမ်မက်တွေ …
> အများကြီး၊ အများကြီးကိုပဲ ရှိနေသေးတယ်ဆိုတာ အဲဒီညီမလေးတွေ၊ ညီလေးတွေကို
> အပြည့်အစုံသိသွားစေချင်နေမိတယ်ဆိုရင် ကျနော် လောဘကြီးလွန်းသလို ဖြစ်သွားလေမလား။

လွင့်ပျံ့နေတာ။

နိုင်ငံတကာမှာရှိတဲ့ နအဖသံရုံးတွေရှေ့မှာ ဒီမိုကရေစီရေးလှုပ်ရှားသူတွေရဲ့ တောင်းဆိုကြွေးကြော်လိုက်တဲ့အသံတွေ ဟိန်းဟိန်းညံနေတာ။

မွေးနေ့ဆုတောင်းကဒ်တွေ ထောင်ပေါင်းများစွာကို အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမှာရှိတဲ့ နအဖစစ်သံရုံးဆီသွားပြီး ပေးအပ်ကြတာ။

အဝါရောင်ဖယောင်းတိုင်တွေကို တပြိုင်နက်တည်း ထွန်းညှိလိုက်ပြီး ဘာသာပေါင်းစုံက ‘ဒေါ်အောင်ဆန်းစုကြည် အမြန်ဆုံးလွတ်မြောက်ပါစေ’လို့ ဆုတောင်းပေးနေကြတာ။

ပြည်တွင်းမှာရော၊ နိုင်ငံတကာမှာပါ စကားဝိုင်းတွေ၊ အခမ်းအနားတွေကို ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ကျင်းပနေကြတာ။

နိုင်ငံတကာခေါင်းဆောင်များနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ တာဝန်ရှိသူ



မစ္စတာပီနဲရိုးတို့ရဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးပြန်လွှတ်ပေးဖို့ အရေးတကြီး လိုအပ်ကြောင်း ထောက်ပြ ပြောဆိုနေကြတာ။

ဒါတွေအားလုံး အဲဒီအဝါရောင် ရင်ထိုးလေးထဲမှာရှိနေတယ် လို့ ကျနော်ခံစားမိတယ်။ ရင်ထိုးလေးကို စူးစူးငေးငေးလေးငုံ့ကြည့်နေတဲ့ ကျနော့်ညီမလေး ဒီအရာအားလုံးကို မြင်တွေ့သွားနိုင်ပါစေလို့ ကျနော် ကြိတ်ပြီး ဆန္ဒပြုနေမိတယ်။

တကယ်ဆိုရင် ….

အဲဒီ ဖဲကြိုးဝါဝါရင်ထိုးလေးထဲမှာ ….

ဒီထက်မကတဲ့ သမိုင်းတန်ဖိုးတွေ၊ ပေးဆပ်ရင်းနှီးမှုတွေ၊ ပိုင်းပိုင်းဖြတ်ဖြတ် သံမိဋ္ဌာန်တွေ၊ စိန်ခေါ်နေတဲ့ လမ်းဆုံလမ်းခွတွေ၊ ပြီးတော့ တောက်ပရွှန်းလက်နေတဲ့ ကျနော်တို့ရဲ့ ရွှေရောင်အိမ်မက်တွေ …. အများကြီး၊ အများကြီးကိုပဲရှိနေသေးတယ်ဆိုတာ အဲဒီညီမလေးတွေ၊ ညီလေးတွေကို အပြည့်အစုံသိသွားစေချင်နေမိတယ်ဆိုရင် ကျနော် လောဘကြီးလွန်းသလို ဖြစ်သွားလေမလား။

(၃)

ဒေါ်စုကို ကျနော်တို့လူထုက ဘယ်အချိန်မှာ စပြီး သတိပြုမိကြပါသလဲ။

ကျနော်မြင်တာကတော့ …. ၁၉၈၈ ဩဂုတ်လ (၂၆)ရက်နေ့ ရွှေတိဂုံလူထုတရားပွဲမှာ လူထုရင်ထဲကို ဒေါ်စု စပြီး ရောက်လာတယ်လို့ ယူဆမိတယ်။

နိုင်ငံတနံတလျား သိမ့်သိမ့်တုန်အောင် လူးလွန့်လှုပ်ရှားနေတဲ့ ရှစ်လေးလုံး အရေးတော်ပုံကြီးရယ်။

ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ အမျိုးသားတန်းတူခွင့်နှင့် ငြိမ်းချမ်းရေးအတွက် အသက်စွန့်ရန်ပင် အဆင်သင့်ဖြစ်နေတဲ့ ဧရာမလူထုကြီးရယ်။

ပြီးတော့ …. အဖြေရှာလိုစိတ်ထက် အာဏာမြဲရေးကိုသာဇောကပ်ပြီး ရက်ရက်စက်စက်ပစ်ခတ်ဖြိုခွဲနေတဲ့ မဆလ စစ်အုပ်စုရဲ့ လူမဆန်တဲ့ ရမ်းကားမှုတွေရယ်။

ဒါတွေဟာ ….ဒေါ်စုကို လူထုဆီအရောက်ပို့ပေးလိုက်တဲ့ တကယ့်တွန်းအားတွေလို့ ကျနော်ထင်တယ်။

မြန်မာပြည်သူတွေကိုချစ်တဲ့၊ မြန်မာပြည်သူတွေကို လွတ်လပ်ငြိမ်းချမ်းစေချင်တဲ့ ဒေါ်စုရဲ့ရင်ကို ဒီမြင်ကွင်းတွေ၊ ဒီဖြစ်ရပ်တွေက တည့်တည့်ကြီးကို ထိမှန်ခဲ့ပါပြီ။

(၄)

ဒီလိုနဲ့ပဲ ဒေါ်စုဟာပညာရှင်တယောက်အဖြစ်သာရပ်တည်ပြီး လူထုကြီးရဲ့အကျိုးကို နိုင်သလောက် ကူညီပေးသွားမယ်လို့ ရိုးရိုးလေးပဲ ဘဝကို စဉ်းစားထားရာကနေ နိုင်ငံရေးသမားဖြစ်မှန်းမသိဖြစ်လာ။

အရေးတော်ပုံကြီး အတွင်းမှာပဲ ကြီး (၅) ကြီးဖြစ်။

စစ်အုပ်စုက အာဏာသိမ်းအပြီး မလွှဲမရှောင်သာ နိုင်ငံရေးပါတီတွေ ထောင်ခွင့်ပေးလိုက်တဲ့အခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အထွေထွေအတွင်းရေးမှူးတာဝန်အထိ ယူခဲ့ရပါပြီ။

(၅)

၁၉၈၈ ဒီဇင်ဘာ (၂၉)မှာ မိခင်ကြီးဒေါ်ခင်ကြည် ဆုံးပါးသွားခဲ့ပါတယ်။

ဒီအတွက် သမီးတယောက်ရဲ့၊ လူသားတယောက်ရဲ့ကြေကွဲမှုတွေ ဘယ်လိုရှိနေမလဲ။

ကျနော်တို့ ခံစားကြည့်လို့ရနိုင်ပါတယ်။

အဲဒီအချိန်မှာပဲ စစ်အုပ်စုက ဖဆပလရပ်ကွက်ကို အငြိုးနှင့် အကြမ်းပတမ်းနှင်ပါတော့တယ်။ အိမ်တွေကို အတင်းဆွဲဖျက်၊ လူတွေကို အတင်းမောင်းချ။ ရှစ်လေးလုံးအတွင်းမှာ စစ်ရုံးချုပ်ကိုလာပြီးဝိုင်းတုန်းက အဓိကပါခဲ့တယ်ဆိုတဲ့ အငြိုးနဲ့ အညှာအတာမဲ့ အတင်းဝင်ဖျက်တာပါ။

အဲဒီမှာ …. လူထုကို အကာအကွယ်ပေးဖို့၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ကိုမိုးသီးဇွန်တို့နှင့်အတူ ဒေါ်စုဟာ ဇွတ်တရွက်ဆွဲဖျက်နေတဲ့ စစ်တပ်နှင့် သွားဆွေးနွေးခဲ့တာ ကျနော် ခုထိ မြင်ယောင်နေမိတယ်။

ဖုန်လုံးတွေကြားထဲမှာ၊ ဘက်နက်တပ်ဂျီသရီးသေနတ်တကားကားနဲ့ စစ်အုပ်စုတွေကြားမှာ ….

လူထု အန္တရာယ်ကျနေပြီဆိုရင် ….မိမိတဦးချင်းခံစားမှုကိုရော၊ မိမိအပေါ် ကျလာနိုင်တဲ့ အန္တရာယ်အမျိုးမျိုးကိုရော ဘာကိုမှ ထည့်မတွက်ဘဲ လုပ်စရာကို ရဲရဲတင်းတင်း လုပ်ဝံ့သူအဖြစ် ဒေါ်စုကို ကျနော်မြင်လိုက်ရတယ်။

(၆)

ခနေပြုအဖြစ်ကတော့ ဒေါ်စုရဲ့ ရဲရင့်မှုကို လူထုကြီးကသာမက စစ်အုပ်စုကပါ အသိအမှတ်ပြုလိုက်ရပါပြီ။

‘တနိုင်ငံလုံးဒီမိုကရေစီရရင်တောင် ရောဝတီတိုင်းကို မရစေရဘူး’ဆိုတဲ့ ဗိုလ်ချုပ်မြင့်အောင်တောင် အသက်ရှုမှားသွားလောက်ပါတယ်။

စစ်ဒေသမှူးတွေ၊ ခဝတ၊ မဝတတွေအားလုံးကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရောဝတီခရီးစဉ်ကို နည်းအမျိုးမျိုးနှင့် အနှောက်အယှက်ပေးဖို့၊ ပိတ်ဆို့တားဆီးဖို့၊ လူထုနှင့် အဆက်အသွယ်ဖြတ်တောက်ဖို့ အမိန့်အမျိုးမျိုးထုတ်စေခဲ့ပါတယ်။

‘ဘယ်သင်္ဘောမှ မထွက်ရ’ဆိုတာမျိုး။

‘ဘယ်လှေ၊ ဘယ်သမ္ဗာန်မှ မထွက်ရ’ ဆိုတာမျိုး။

‘ဘယ်သူမှ ထွက်ပြီးမကြိုရ၊ လမ်းမပေါ်မစုဝေးရ’ဆိုတာမျိုး။

ရောဝတီခရီးစဉ်ဟာ တကယ့်ကို စိမ်ခေါ်ချက်ပါပဲ။

တော်ရုံတန်ရုံ ခေါင်းဆောင်ဆိုရင်တော့ ရှေ့ဆက်တိုးဖို့ ခက်ပြီ။

ဒေါ်စု ဘာလုပ်မလဲ။ အားလုံးက စောင့်ကြည့်နေကြပြီ။ ဒေါ်စုက လူထုဆီအရောက်သွားဖို့ ဆုံးဖြတ်လိုက်တယ်။ လူထုကြီးကလည်း မဝတ၊ ခဝတတွေရဲ့အမိန့်ကို မနာခံဘူး၊ ထွက်ကြိုကြတယ်။ ကမ်းညွှတ်အောင်ကြိုတယ်ဆိုတဲ့ စကားအတိုင်းပဲ။ ကမ်းညွှတ်လူကုန် ထွက်ကြိုကြတယ်။

စစ်အုပ်စုက ဆီးကြိုနေတဲ့ လူထုကြီးနှင့်ဒေါ်စုကြားမှာ။

ဘက်နက်ချင်းထပ်ပြီး လမ်းကိုပိတ်ဆို့ထားတယ်၊ ‘လုံးဝ မသွားရ’ဆိုတဲ့ တချက်လွှတ်အမိန့်ပဲ။

ဒေါ်စုဟာ နည်းနည်းမှ မျက်နှာမပျက်ဘဲ အဲဒီဘက်နက်တွေကြားကပဲ တိုးပြီး လူထုရှိရာကို ထွက်လိုက်တယ်။

ဘက်နက်ကိုင်တပ် ဘာလုပ်ရမလဲ မသိတော့ဘူး။ အဲဒီလောက်ရဲရဲတင်းတင်း တိုးထွက်လိမ့်မယ်လို့လည်း မျှော်လင့်မထားဘူး၊ အားလုံး မင်သက်နေကြတုန်း ….

တာဝန်ကျစစ်ဗိုလ်က ဘယ်လိုမှ စိတ်ကို မထိန်းချုပ်နိုင်တော့ဘဲ သေနတ်မောင်းကို ဆွဲအတင် ….

စက္ကန့်ပိုင်းပါပဲ၊ ဒီ တစက္ကန့်၊ နှစ်စက္ကန့်ဟာ ဒေါ်စုကို သေွးအိုင်ထဲကို ရောက်သွားစေနိုင်တဲ့ စက္ကန့်တွေပါ။

တစုံတရာအမြော်အမြင်ရှိပုံရတဲ့ ဗိုလ်မှူးတယောက်က သူ့စစ်ဗိုလ်ရဲ့ လှုပ်ရှားမှုကို အချိန်မီထိန်းသိမ်းလိုက်ပါတယ်။

စစ်ဗိုလ်ဆိုတာ သူ့ပခုံးပေါ်က ကြယ်ပွင့်တွေကို ဆွဲဖြုတ်ပြီး ဒေါသတကြီး ကိုင်ပေါက်လွှင့်ပစ်။ ဖြစ်ချင်တိုင်းဖြစ်ပြီး ကျန်ခဲ့တယ်။

ဒေါ်စုကတော့ လူထုကြီးဆီရောက်သွားပါပြီ။

(၇)

တပ်ပေါင်းစုဖွဲ့ဖို့လိုတယ်။

ဒီနေ့အခြေအနေကြီးကို ရင်ဆိုင်ကျော်လွှားဖို့ဆိုတာ တပါတီချင်း၊ တဖွဲ့ချင်း ရင်ဆိုင်လို့ မဖြစ်နိုင်ဘူးဆိုတာ ဒေါ်စု ကောင်းကောင်းနားလည်တယ်။

ဖြေရှင်းပုံနည်းနာမှာလည်း နိုင်ငံရေးအရ တန်းတူရည်တူ ဆွေးနွေးအဖြေရှာရမယ်ဆိုတာ ဒေါ်စု ကောင်းကောင်းနားလည်တယ်။

ဒီ နားလည်မှုတွေကြောင့်ပဲ …. တပ်ပေါင်းစုဖြစ်မြောက်ရေးကော်မတီကို ဖွဲ့တယ်။

တပြိုင်နက်တည်းမှာ (၁၀၄)ပါတီရဲ့ ကိုယ်စားလှယ်အဖြစ် ဗိုလ်စောမောင်နှင့် တွေ့ဆုံဆွေးနွေးချင်ပါတယ်လို့ တင်ပြတောင်းဆိုလိုက်ပါတယ်။

ဗိုလ်စောမောင်က ‘မဆွေးနွေးနိုင်ဘူး ပါတီ (၂၀၀)ကျော်အတွက် အချိန်မပေးနိုင်

စာမျက်နှာ (၆) ကော်လံ (၁)သို့ …

# မြန်မာနိုင်ငံတွင်း မူးယစ်ဆေးပပျောက်ရန် အခြေအနေမရှိသေး



ဘိန်းစိုက်ပျိုးထုတ်လုပ်မှု စွန့်လွှတ်လိုက်ကြောင်း ကြေညာခဲ့သော
'ဝ' ဒေသမှ ဘိန်းစိုက်ခင်းတခု

ကမ္ဘာပေါ်တွင် အာဖဂန်နစ္စတန်ပြီးလျှင် ဘိန်းအများဆုံးထုတ်လုပ်နေသော မြန်မာနိုင်ငံ 'ဝ'ဒေသတွင် မူးယစ်ဆေးဝါးပပျောက်ရန် အခြေအနေမရှိသေးဟု မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂအရာရှိတဦးက ပြောကြားလိုက်သည်။

ကုလသမဂ္ဂ မူးယစ်ဆေးတိုက်ဖျက်ရေးအဖွဲ့ (UNODC) ၏ မြန်မာနိုင်ငံဌာနကိုယ်စားလှယ် ဂျွန်နလမန်ယုက 'ဒီနှစ်ထဲမှာ ဘိန်းစိုက်ပျိုးမှု မကျဆင်းနိုင်ပါ။ ဒါဟာ အင်မတန်စိုးရိမ်စရာကောင်းတဲ့ အခြေအနေပါ။ ၂၀၀၄ ခုနှစ် ဘိန်းထုတ်လုပ်မှုကို ပြန်ကြည့်မယ်ဆိုရင် လျော့ကျမှုမဖြစ်ဘဲ ပိုတိုးလာတာတွေ့ရမှာပါ'ဟု မကြာသေးမီက ဘီဘီစီသို့ ပြောဆိုသွားသည်။

၎င်းက မြန်မာနိုင်ငံတွင် ဘိန်းထုတ်လုပ်မှုပပျောက်ရေးလုပ်ငန်းများ မအောင်မြင်ရသည့်ကိစ္စနှင့်ပက်သတ်၍ 'ဘိန်းတောင်သူတွေမှာ တခြားနည်းလမ်းနဲ့ ဝင်ငွေမလုံလောက်တဲ့အခါ တခြားသီးနှံကို ပြန်စိုက်တယ်။ နောက်ပြီး မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေအရလည်း အစိုးရဟာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစီမံကိန်းအပေါ် အာရုံစိုက်မှုနည်းပါးလွန်းတယ်'ဟု ဆိုသည်။

ထို့ပြင်ပြီးခဲ့သည့်လ (၂၆)ရက်နေ့က 'ဝ'တပ်များက 'ဝ'နယ်တွင် ဘိန်းထုတ်လုပ်မှုစွန့်လွှတ်လိုက်ပြီဟု ကြေငြာသည့်အပေါ် ဂျွန်နလမန်ယုက 'ဝတွေက ကတိအတိုင်းဘိန်းစိုက်ပျိုးထုတ်လုပ်တာကို စွန့်လွှတ်မယ်ဆိုရင် လာမယ့်နှစ်မှာ (၄၀)ရာခိုင်နှုန်းအထက် ကျဆင်းနိုင်ပါတယ်။ ဒါပေမယ့် ရေရှည် ဘယ်လောက်ကြာကြာ ထိန်းထားမလဲဆိုတာ ခန့်မှန်းဖို့ ခက်ပါတယ်'ဟု ဆိုသည်။

ဤအတောအတွင်း ကုလသမဂ္ဂ၏ ၂၀၀၄ ခုနှစ် မူးယစ်ဆးထုတ်လုပ်မှု နှစ်ပတ်လည်စစ်တမ်းတွင် မြန်မာအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၏ နယ်စပ်ဒေသများတွင် တရားဥပဒေ စိုးမိုးမှုမရှိခြင်းကြောင့် အက်ဖက်တမင်းဆေးများ ပိုမိုထုတ်လုပ်လာကြောင်း ဖော်ပြထားသည်။ ❖

# မြန်မာ့တရားစီရင်ရေးစနစ် ဆိုးရွားနေ

မြန်မာနိုင်ငံ၏ တရားရေးစနစ်သည် ဆိုးရွားနေကြောင်း လန်ဒန်အခြေစိုက် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် (AI)အဖွဲ့ကြီးက ဝေဖန်လိုက်သည်။

မြန်မာနိုင်ငံမှ စစ်တပ်အုပ်စု အုပ်ချုပ်သူများသည် နိုင်ငံရေးလှုပ်ရှားသောကျောင်းသား၊ ပညာရှင်များ၊ စီးပွားရေးသမားများနှင့် အိမ်ထောင်ရှင်များမကျန်၊ နိုင်ငံရေးနှင့်ပတ်သက်သည့် ပြည်သူအများကို မတရားဖမ်းဆီးခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ တရားမဲ့ထောင်ဒဏ်ချမှတ်ခြင်းများပြုလုပ်နေသည်ဟု ဇွန်လ၊ (၁၅)ရက်နေ့ထုတ် (AI)၏ ကြေညာချက်တွင် ဖော်ပြထားသည်။

နအဖသည် အသက်အရွယ်အိုမင်း၍ ကျန်းမာရေးဆိုးရွားနေသော အသက် (၇၅) နှစ်အရွယ် သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်၊ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး အပါအဝင် ရှမ်းတိုင်းရင်းသားခေါင်းဆောင် (၁၀)ဦးတို့ကို မတရားဖမ်းဆီးထားကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။



ရန်ကုန်မြို့ ပန်ဆိုးတန်းရှိ ဗဟိုတရားရုံးနှင့် ရှေ့နေချုပ်ရုံး

မြန်မာနိုင်ငံတွင် မှားယွင်းစွာပြစ်ဒဏ်ပေးမှု၊ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခွင့် ပိတ်ပင်ခံရမှုများနှင့် ပတ်သက်၍လည်း ၁၉၉၈ ခုနှစ်တွင် ကျောင်းသားအခွင့်အရေးတောင်းဆို၍ ထောင်ဒဏ် (၅၉)နှစ် ကျခံနေရသော ကိုသက်ဝင်းအောင်၊ မေလဆန်းက စစ်ကြောရေးစခန်းတွင် နှိပ်စက်ညှဉ်းပန်းခံရ၍ သေဆိုးခဲ့ရသူ အဲန်အယ်လ်ဒီအဖွဲ့ဝင် ကိုအောင်လှိုင်ဝင်းကို နမူနာပေးထားသည်။

နအဖလက်ထက်တရားရေးစနစ် ဆိုးရွားနေခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့မှ ရှေ့နေတဦးဖြစ်သည့် နိုင်ငွေရက ဦးခွန်ထွန်းဦးအမှုကို သာဓကပေး၍ ....

"လမ်းစဉ်ပါတီခေတ်က ဗိုလ်ကြီးအုန်းကျော်မြင့်တို့ နိုင်ငံတော်လုပ်ကြံမှုအပေါ်မှာ သတင်းစာတို့၊ ရေဒီယိုတို့၊ စာနယ်ဇင်းတွေမှာထည့်သွင်းပြီးတော့ ကြားနာတယ်။ ကျနော်တို့ အခု စစ်ဆေးစီရင်တဲ့နေရာမှာ အများပြည်သူရဲ့ရှေ့မှောက်မှာ စစ်ဆေးရမယ်။

ထောင်ထဲမှာ လျှို့ဝှက်ပြီးစစ်ဆေးတာဟာ ဥပဒေအရ ခုခံချေပခွင့်အခွင့်အရေးဆုံးရှုံးတဲ့အတွက် ကျနော်တို့ပြောတဲ့ တရားစီရင်ရေးမဏ္ဍိုင်ဟာ တည့်မတ်တယ်လို့ ယူဆလို့မရပါဘူး"ဟု ပြောကြောင်း ဒီဗွီဘီသတင်းတပုဒ်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား (၁၃၅၀)ရှိနေပြီး ယခုနှစ်ဆန်းပိုင်းတွင် လွှတ်တော်ကိုယ်စားလှယ် (၅)ဦး ထပ်မံဖမ်းဆီးထောင်ချခံရခြင်းက မြန်မာ့တရားရေးစနစ် ဆိုးရွားနေခြင်းကိုပြသနေကြောင်း (AI)၏ ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

❖

# မြန်မာနိုင်ငံတွင် အေ့ဒ်စ် ရောဂါရှင်များအတွက် ဆေးဝါးအကူအညီလိုအပ်နေ

မြန်မာနိုင်ငံတွင် အေ့ဒ်စ်ရောဂါတိုက်ဖျက်ရေးအတွက် နိုင်ငံတကာမှ အကူအညီပေးသော ငွေကြေးပမာဏသည် နည်းလွန်းသဖြင့် ရောဂါကုသရေးအပိုင်းတွင် ဆေးဝါးမလုံလောက်မှုများနှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂ ဆိုင်ရာမြန်မာအရာရှိတဦးကို ကိုးကား၍ ဇွန်လ (၇)ရက်နေ့ထုတ် ပန်းသတင်းဂျာနယ်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် (HIV) ပိုး ကူးစက်ခံရသူ (၃)သိန်းကျော်ရှိသည့်အနက် (၅၀၀) ခန့်ကိုသာ အေ့ဒ်စ်ရောဂါပိုး မပြန့်ပွားအောင် တားဆီးထားနိုင်သည် (Anti-Retroviral, ARV) ဆေးတိုက်ကျွေးနိုင်သေးကြောင်း၊ ဝေဒနာရှင်တဦးအတွက် တလ ပျမ်းမျှကုန်ကျစရိတ်မှာ မြန်မာကျပ်ငွေ (၃) သောင်းဖြစ်သဖြင့် ယင်းကုန်ကျမှုများအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် နိုင်ငံတကာလူမှုရေးအဖွဲ့များက ကူညီထောက်ပံ့မှုများလိုအပ်နေသေးကြောင်း ကုလသမဂ္ဂ အေ့ဒ်စ်ရောဂါတိုက်ဖျက်ရေးအဖွဲ့ (UNAIDS)မှ အစီအစဉ်အကြံပေးအရာရှိ ဒေါက်တာစစ်နိုင်၏ပြောဆိုချက်ကို သတင်းတွင် ဖော်ပြထားသည်။

အေ့ဒ်စ်နှင့် အဆုတ်ရောဂါတိုက်ဖျက်ရေးအတွက် ကမ္ဘာ့ရန်ပုံငွေအဖွဲ့ကြီး( Global Fund)က မြန်မာနိုင်ငံကို အမေရိကန်ဒေါ်လာ (၂၇.၂)သန်း အကူအညီပေးထားပြီး၊ (၁၉.၂)သန်းမှာ အေ့ဒ်စ်ရောဂါကာကွယ်ရေးအတွက်အသုံးပြုရန် လျာထားကြောင်း သိရှိရသည်။

နအဖ၏ တရားဝင်စစ်တမ်းများအရ မြန်မာနိုင်ငံတွင် အေ့ဒ်စ်ရောဂါပိုးရှိသူ (၃) သိန်း (၃)သောင်းခန့်ရှိသည်ဟု ဖော်ပြထားသော်လည်း UNAIDS အဖွဲ့၏ လေ့လာချက်များအရ မြန်မာနိုင်ငံတွင် အသက် (၁၅)နှစ်နှင့် (၄၉)နှစ်အကြား လူဦးရေ (၆)သိန်းကျော်သည် အေ့ဒ်စ်ရောဂါကူး စက်ခံထားရသည်ဟု ဆိုသည်။

အေ့ဒ်စ်ရောဂါကာကွယ်ရေးတွင် ယခုကဲ့သို့ အခက်ကြုံနေရခြင်းသည် နအဖ၏ ပွင့်လင်းမှုနည်းပါးခြင်းကြောင့် နိုင်ငံတကာအကူအညီနည်းပါးနေခြင်း၊ အေ့ဒ်စ်ရောဂါကာကွယ်တိုက်ဖျက်ရေးတွင် အာရုံမထားခြင်းနှင့် ထောက်ပံ့ငွေကို အလွဲသုံးစားပြုလုပ်နေခြင်းကြောင့်ဖြစ်သည်ဟု သုံးသပ်နေကြသည်။

ယခုအခါ ရန်ကုန်နှင့် မြို့ကြီးတချို့တွင် အေ့ဒ်စ်ဝေဒနာရှင်များကို ကာကွယ်စောင့်ရှောက်မှုပေးရန် လူမှုရေးအဖွဲ့များ ပေါ်ပေါက်နေသော်လည်း အချို့မှာ အေ့ဒ်စ်ရောဂါကာကွယ်ရေးအကြောင်းပြ၍ နိုင်ငံတကာမှ စေတရှင်များက လှူဒါန်းသောရန်ပုံငွေများကို ၎င်းတို့၏ ကိုယ်ကျိုးအတွက်အသုံးချနေကြကြောင်း ဒီဗွီဘီသတင်းက ဆိုသည်။ ❖

# ရှမ်းဒုက္ခသည်များအရေး ရတက်မအေးသေး

## ရှမ်းအဖွဲ့များက ထိုင်းအစိုးရထံ စာရေးတောင်းဆို

ထိုင်းနိုင်ငံတွင်ခိုလှုံနေသော ရှမ်းလူမျိုးဒုက္ခသည် (၅၀၀) ကျော်ကို နယ်ရင်းပြန်ပို့ရန် ဖိအားပေးသည့်အနေဖြင့် ၎င်းတို့ကို အကူအညီပေးနေသော စားနပ်ရိက္ခာများကို ထိုင်းအစိုးရမှ ဖြတ်တောက်လိုက်ကြောင်း သိရှိရသည်။

အမျိုးသမီးများနှင့်ကလေးများပါဝင်သော ရှမ်းဒုက္ခသည်များကို ၎င်းတို့၏ မူလနေရပ်သို့ ဇွန်လ ပထမပတ် နောက်ဆုံးထား၍ ပြန်ကြရန် ထိုင်းအစိုးရက အမိန့်ပေးခဲ့သည်။ ရှမ်းဒုက္ခသည်များသည် လွန်ခဲ့သော (၅) နှစ်ကျော်ကာလ UWSA နှင့် SSA တောင်ပိုင်းတပ်များအကြားပြင်းထန်သော တိုက်ပွဲများကြောင့် နေရပ်ကိုစွန့်၍ ထိုင်းနိုင်ငံမြောက်ပိုင်း၊ မဲဟောင်ဆောင်ခရိုင်၊ ထိုင်းနယ်မြေပေါ်သို့ လာရောက်နေထိုင်ခဲ့ကြသည်။

ထိုင်းအစိုးရ၏ ဖိအားကြောင့် ၎င်းတို့သည် ယခုအခါ SSA တောင်ပိုင်းတပ်များ ထိန်းချုပ်ရာဒေသသို့ ပြောင်းရွှေ့နေထိုင်ကြပြီး အချို့မှာ အမိုးအကာအောက်သို့ မရောက်သေးဘဲ မိုးတွင်းကာလကြီးတွင် ကြိုသလို နေထိုင်ရကြောင်း SSA တောင်ပိုင်းတပ်မှ ပြောခွင့်ရသူ နန်းခူးဆန်ကဆိုသည်။

ဒုက္ခသည်များ နေထိုင်ရာဒေသသည် "ဝ"တပ်များ အချိန်မရွေးလာရောက် တိုက်ခိုက်နိုင်သည့် အခြေအနေရှိသဖြင့် ဒုက္ခသည်များကိစ္စကို ပြန်လည်စဉ်းစားပေးပါရန် ရှမ်းအဖွဲ့များက ထိုင်းအစိုးရထံ စာရေးတောင်းဆိုထားသည်။

❖

# ထိုင်းအစိုးရက နိုင်ငံခြားအလုပ်သမားများ အလုပ်လုပ်ခွင့် မှတ်ပုံတင်ပြုလုပ်ရန်နောက်ဆုံးရက်ကို ဩဂုတ်လကုန်အထိတိုးပေး

ရွှေ့ပြောင်းအလုပ်သမားများ အလုပ်လုပ်ခွင့်မှတ်ပုံတင်ပြုလုပ်ရန် နောက်ဆုံးရက်ကို ထိုင်းအစိုးရက ဩဂုတ်လ (၃၁) ရက်နေ့အထိ တိုးမြှင့်ပေးလိုက်ကြောင်း ထိုင်းနိုင်ငံအလုပ်သမားရေးရာဌာန ညွှန်ကြားရေးမှူးချုပ် ချူသာတာဝပ်အင်ဒရာစပ်စရိက သတင်းထောက်များအား ဇွန်လ (၂၉) ရက်နေ့က ထုတ်ဖော်ပြောကြားလိုက်သည်။

ထိုသို့ တိုးပေးသောအချိန်အတွင်း စာရင်းပေးသွင်းထားပြီးဖြစ်သော အလုပ်သမားများသည် သွေးစစ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် အလုပ်ရှင်ရှာခြင်းများကို ပြီးစီးအောင်ပြုလုပ်ရမည်ဖြစ်သည်။

ထိုင်းအစိုးရ၏ပေါ်လစီအရ ယခင်နှစ်က မှတ်ပုံတင်ထားပြီး သူများကိုသာ အလုပ်လုပ်ခွင့်မှတ်ပုံတင်သက်တမ်း တိုးပေးမည်ဖြစ်ပြီး သတ်မှတ်ရက်အတွင်း အလုပ်သမားမှတ်ပုံတင်မရှိသူများနှင့် မှတ်ပုံတင်စာရင်းသွင်းထားခြင်းမရှိသူများကို တရားမဝင်နေထိုင်သူများအဖြစ် ဖမ်းဆီး၍ နေရင်းနိုင်ငံသို့ ပြန်ပို့ခံရမည်ဖြစ်သည်။

တရားမဝင်အလုပ်သမားများကို လက်ခံထားသော အလုပ်ရှင်များသည်လည်း ထောင်ဒဏ် (၃) နှစ် (သို့မဟုတ်) ဒဏ်ငွေ ဘတ် (၆) သောင်း သို့မဟုတ် ထောင်ဒဏ်နှင့် ငွေဒဏ်နှစ်ရပ်လုံးကျခံရမည်ဖြစ်သည်ဟု ဆိုသည်။

ထိုင်းအလုပ်သမားဝန်ကြီးဌာန၏ ထုတ်ပြန်ထားချက်အရ ထိုင်းနိုင်ငံတွင် မြန်မာအပါအဝင် တရားဝင်မှတ်ပုံတင်ထားသူ နိုင်ငံခြားသားအလုပ်သမားဦးရေ (၁၂) သိန်းကျော်ရှိသည်။

ထိုင်းအစိုးရသည် မူလက ထိုင်းနိုင်ငံအတွင်းရှိ နိုင်ငံခြားအလုပ်သမားများကို ဇွန်လ (၁) ရက်နေ့မှ (၃၀) ရက်နေ့ အတွင်း သက်ဆိုင်ရာရုံးများတွင် အလုပ်သမားမှတ်ပုံတင်ခြင်းအပြီးအစီးပြုလုပ်ကြရန် ကြေညာခဲ့သည်။

❖

## အဝါရောင် ဖဲကြိုးရင်ထိုးလေးရဲ့ နောက်ကွယ်မှာ ဆောင်းပါးမှ ...

ဘူး။ (၁၀၄)ပါတီရဲ့ ကိုယ်စားလှယ်ဆိုတာလည်း မဟုတ်ဘူး’ဆိုပြီး ငြင်းဆန်တာတဝက်၊ စော်ကားတာ တဝက်နှင့် တုန့်ပြန်လိုက်တယ်။

အေးအေးဆေးဆေး တွေ့ဆုံဆွေးနွေးပြီး စာပွဲဝိုင်းမှာ အဖြေရှာဖို့ ပြောတယ်။

စစ်အုပ်စုက ဒါကို ငြင်းတယ်။ တပြိုင်နက်တည်းမှာ အမိန့်အမျိုးမျိုးထုတ်ပြီး ဖိနှိပ်ဖို့၊ ကန့်သတ်ဖို့ တိုးလုပ်လာတယ်။ ဖမ်းတာ ဆီးတာတွေ ပိုလုပ်လာတယ်။

ကျနော်တို့ ဘာဆက်လုပ်ခဲ့ကြပါသလဲ။

(၈)

“တပ်မတော်ထဲမှာ အားလုံးဆိုးတာ မဟုတ်ဘူး။ ဆိုးတဲ့လူတွေရှိသလို ကောင်းတဲ့လူတွေလည်းရှိတယ်။ တကယ်ဆိုလို့ရှိရင် ဒီလို တပ်မတော်နာမည်ပျက်စေတာက ကိုယ့်ရဲ့ အာဏာတည်တံ့ခိုင်မြဲရေးအတွက် လုပ်နေတဲ့ လူနည်းစု လူတစုကြောင့်သာ ဖြစ်ပါတယ်”

မြေနီကုန်း တနှစ်ပြည့်အခမ်းအနားမှာ စစ်အုပ်စုကို စပြီး ဝေဖန်ပြောဆိုလိုက်တယ်။

“အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရဖီဆန်ကြ၊ တာဝန်အရ ဖီဆန်ရမယ်၊ လူတိုင်းလူတိုင်းမှာ တာဝန်ရှိတယ်။ လူတိုင်းလူတိုင်းမှာ အခြေခံလူ့အခွင့်အရေးတွေကို ကာကွယ်ဖို့ တာဝန်ရှိတယ်” လို့ အဲဒီညနေမှာပဲ လူထုကို အသိနိုးပေးခဲ့တယ်။

ဒီလိုနှင့်ပဲ ....

ဇွန်၊ ဇူလိုင်ထဲမှာ ဒေါ်စုနှင့်လူထုဟာ တသားတည်းပိုပိုဖြစ်လာပြီး ....

“ဒီလိုသာ ဖမ်းလားဆီးလား လုပ်နေမယ်ဆိုရင် ကျမအနေနှင့် နဝတတပ်ကို ဖက်ဆစ်တပ်လို့ ခေါ်ရတော့မှာပဲ”လို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဌာနချုပ်ရုံး အပေါ်ထပ်ဝရံတာ တရားပွဲမှာ အတိအလင်းပြောကြားလိုက်သည်အထိ စစ်အုပ်စုအပေါ်လည်း အမြင်ပြတ်လာတယ်။

တလှမ်းချင်း၊ တလှမ်းချင်း ရှေ့ကို ချီလာရင်းနှင့်ပဲ ....

ဒေါ်စုဟာ လူထုခေါင်းဆောင်ဖြစ်လာခဲ့ပြီး စစ်အုပ်စုရဲ့ အတားအဆီးအပိတ်အဆို့တွေကိုလည်း ပိုပိုခံလာရပါတော့တယ်။

(၉)

ခေါင်းဆောင်ဆိုတာ အကင်းပါးဖို့လိုတယ်။

အမြော်အမြင်ရှိဖို့လိုတယ်။

အခြေအနေမှန်ကို အကဲဖြတ်တတ်ဖို့ လိုတယ်။

အဲဒီအခြေအနေနဲ့ ကိုက်ညီတဲ့ အဆုတ်အတက်ကို မှန်မှန်ကန်ကန်ဆုံးဖြတ်တတ်ဖို့ လိုတယ်။

ဒေါ်စုဟာ ၁၉၉၅၊ ဇူလိုင် (၁၀)ရက်နေ့မှာ ပြန်လွတ်လာတယ်ဆိုရင်ပဲ ....

ဗဟိုအလုပ်အမှုဆောင်တွေ၊ တိုင်းစည်းမြို့နယ်စည်းတွေနဲ့ တွေ့ဆုံတယ်။

မကြာခင်မှာပဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ Mandate နှင့် တိုင်းစည်းမြို့နယ်စည်းများရဲ့ Mandate တွေကို ရယူလိုက်တယ်။

“ကျမကို လွတ်လွတ်လပ်လပ်လုပ်ခွင့်ပေးပါ။

မှားသွားတာရှိရင် နောက်ပိုင်းမှာ ကြိုက်သလိုဝေဖန်ပါ။ အပြစ်တင်ပါ။

“အခုလောလောဆယ်အနေအထားမှာ ကျမကို လွတ်လွတ်လပ်လပ် ဆုံးဖြတ်လုပ်ကိုင်ခွင့်ပေးပါ”လို့ ရဲရဲဝံ့ဝံ့ တောင်းဆိုလိုက်ပါတယ်။

ဘာ ဒီမိုကရေစီမှမရှိတဲ့ အောက်မှာ။

ဘာလုပ်ပိုင်ခွင့်ကိုမှ ခွင့်ပြုမထားတဲ့ စစ်အုပ်စုရဲ့ ဖိနှိပ်ကန့်သတ်မှုတွေအောက်မှာ။

အလုပ်ကို သွက်သွက်လက်လက် ထိထိရောက်ရောက် လုပ်နိုင်ဖို့ဆိုရင် ဒီတောင်းဆိုချက်ဟာ တကယ့်လိုအပ်ချက်တခု ဖြစ်တယ်ဆိုတာ အားလုံးကလက်ခံလိုက်ကြတယ်။

ပြောရရင် ဒါကလည်း ဒေါ်စုမို့လို့ပါ။

(၁၀)

ဒေါ်စုဟာ ရိုးဖြောင့်စွာပဲ သူယုံကြည်တာကို ယုံကြည်တဲ့အတိုင်း ပြောဆိုတယ်။ ပြောတဲ့အတိုင်းလည်း လုပ်တယ်။

“တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ ကျမတို့ကပြောတယ်။ တဖက်ကမလုပ်ဘူး။ အချိန်ဆွဲနေတယ်။ ကျမတို့ကလည်း တွေ့ဆုံဆွေးနွေးရေးလုပ်လာမည့်ရက်ကို ဖုန်းဘေးက ထိုင်စောင့်နေမှာမဟုတ်ဘူး”လို့ ပြောလည်း ပြောပြီး ....

ပြောတဲ့အတိုင်းပဲ လူထုကြီးနှင့်အတူ၊ မဟာမိတ်အင်အားစုများနှင့်အတူ ရှေ့ကို တိုးပြီး ချီတက်ခဲ့တာချည်းပဲ။

ဒါကြောင့်လည်း ဒီနေ့ဆိုရင် ဒေါ်စုဟာ၊

လူမျိုးပေါင်းစုံပြည်သူလူထုကြီးရဲ့ ချစ်ခင်မှု၊ အားထားယုံကြည်မှု၊ အင်အားစုအသီးသီး တရားဝင်ရော၊ တရားမဝင်ရော၊ လက်နက်ကိုင်ထားသူရော၊ အပစ်ရပ်ထားသူရော၊ ပြည်တွင်းကရော၊ နိုင်ငံတကာကရော၊ NGO များကရော၊ အစိုးရများကရော အားလုံးရဲ့ထောက်ခံမှု၊ ဝန်းရံမှု၊ လက်တွဲလုပ်ဆောင်မှုတွေကို ဘယ်တုန်း ဘယ်အခါကထက်မဆို ပြည့်ပြည့်ဝဝ ရရှိပိုင်ဆိုင်နေပြီဖြစ်ပါတယ်။

(၁၁)

ဒီနေ့ရင်ဆိုင်နေရတဲ့ အခြေအနေကြီးကို ပြောင်းလဲပစ်ဖို့ဆိုရင် ဘာတွေလိုမလဲ ....

ပထမဆုံး ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရမယ်။

ဒုတိယ နိုင်ငံရေးအကျဉ်းသားတွေ အားလုံး ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးရမယ်။

တတိယ ရုံးခန်းတွေအားလုံး ပြန်ဖွင့်ပေးပြီး လွတ်လပ်တဲ့ နိုင်ငံရေးလှုပ်ရှားခွင့်တွေ ပေးရမယ်။

စတုတ္ထက ....ပြည်သူတွေအားလုံး အကြောင့်ကြမဲ့ ပူးပေါင်းပါဝင်ခွင့်ပေးရမယ်။

ပြီးတော့ တန်းတူရည်တူ ဆွေးနွေး အဖြေရှာရမယ်။

တကယ့်ကို ရှင်းလင်းတဲ့ ဖြေရှင်းရန်နည်းနာပါ။

ဘယ်သူမဆို စိတ်ကောင်းရှိရင် ရိုးသား ရင် အလွယ်နဲ့ မြင်နိုင်ပါတယ်။

စစ်အုပ်စုကတော့ ကနေ့ထိ မမြင်ချင်ယောင်ဆောင်၊ မကြားချင်ဟန်ပြုပြီး ဉာဏ်ထိုင်းလို့ကို မဝအောင်ဖြစ်နေသေးတာလည်း ကမ္ဘာ့အံ့ဖွယ်တပါးပါပဲ။

ဒေါ်စုကတော့ ပြောပါတယ်။

တပ်မတော်ထဲမှာလည်း စိတ်ကောင်းရှိတဲ့၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့၊ လူထုကြီးရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်လိုတဲ့ တပ်မှူးတပ်သားကောင်းတွေ လည်းရှိနေပါတယ်တဲ့။

(၁၂)

ကျနော် သူတို့ကို ပြောပြချင်တာတွေ စဉ်းစားနေဆဲမှာပဲ

‘Free Free Aung San Su Kyi’

ဆိုတဲ့ ကြွေးကြော်သံတွေ ....

‘ဒေါ်အောင်ဆန်းစုကြည် အမြန်ဆုံး လွတ်မြောက်ပါစေ’ဆိုတဲ့ ဆုတောင်းသံတွေ ဟိန်းပြီး ထွက်ပေါ်လာတယ်။

စက္ကန့်ပိုင်းအတွင်းမှာပဲ အဝါရောင်မိုးပျံပူပေါင်းလေးတွေ ကောင်းကင်ထက်ကို အလုအယက်ပြေးတက်သွားကြတယ်။

သူတို့လွှတ်တင်လိုက်တဲ့ ဒီမိုးပျံပူပေါင်းဝါဝါကလေးတွေဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဌာနချုပ်ရုံးက တောင်ပံခတ် ပျံသန်းလာတဲ့ ဂျိုးဖြူကလေးတွေနှင့် အပြာရောင်ကောင်းကင်လွင်ပြင်ထဲက တနေရာရာမှာ တွေ့ဆုံနှုတ်ဆက်မိကြလေမလားလို့ ....

အဲဒီအလုပ်သမလေး ရင်ခုန်နေတယ်ဆိုရင် ခင်ဗျားဘယ်လိုနားလည်မလဲ ....

အဲဒီအလုပ်သမလေးကတော့

ဒေါ်အောင်ဆန်းစုကြည် နှစ် (၆၀)ပြည့် မွေးနေ့လှုပ်ရှားမှုကော်မတီကဝေငှခဲ့တဲ့ လက်ကမ်းစာစောင်လေးထဲက ဒေါ်စုရဲ့ မုံရွာမှာ ပြောခဲ့တဲ့ မိန့်ခွန်းကောက်နှုတ်ချက်ကလေးကို အသံထွက်ပြီး ထပ်ကာထပ်ကာ ရွတ်ရွတ်ပြီး ကြည့်နေတယ်။

“ကျမတို့နိုင်ငံ တိုးတက်ဖို့ဆိုတာ တကယ်စဉ်းစားလိုက်မယ်ဆိုလို့ရှိရင် ကျမတို့ နိုင်ငံသားတွေမှာ လိုအပ်တဲ့အရည်အချင်းဟာ ဒီ(၂)ခုပဲ။

မလုပ်သင့် မလုပ်ထိုက်တာကို မလုပ်ရဲတဲ့ သတ္တိ။

လုပ်သင့်လုပ်ထိုက်တာကို လုပ်ရဲတဲ့ သတ္တိ။”

ကလေးမလေးဟာ သူ့နှုတ်ခမ်းကို တချက်ဖိကိုက်လိုက်တယ်။

ပြီးတော့ အဖြေတခုကို ရှာတွေ့သွားသလိုမျိုး ကောင်းကင်ထက်ကို ပြေးပြေးပြီး တက်နေတဲ့ သူမလွှတ်တင်လိုက်တဲ့ မိုးပျံပူပေါင်းကလေးကို ခပ်ငေးငေးလေးမော့ပြီး စိုက်ကြည့်နေတော့တယ်။ ။

ဇွန်မှိုင်း

၁၉၊ ၆၊ ၂၀၀၅။

## မြန်မာနိုင်ငံတွင် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ အခြေအနေဆိုးရွားနေဆဲ



ရွှေ့ပြောင်းအခြေချနေထိုင်နေကြရသော ကရင်ဒုကက္ခသည်များ

နအဖတပ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်များအကြား ဖြစ်ပွားသော တိုက်ပွဲများကြောင့် မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းပုန်းရှောင်နေရသော ဒုက္ခသည်များ၏ အခြေအနေသည် ပိုမိုဆိုးရွားနေဆဲဖြစ်ကြောင်း နော်ဝေအခြေစိုက် ဒုက္ခသည်များဆိုင်ရာကောင်စီ၏ ဇွန်လ (၂၇)ရက်နေ့ ထုတ်အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၀၄ ခုနှစ် အောက်တိုဘာလအထိ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည် (၅)သိန်း (၂)သောင်း (၆)ထောင်ကျော်ရှိနေပြီး ၎င်းသည် စစ်အုပ်စုနှင့် တိုင်းရင်းသားများအပေါ်ထားသော ဖိနှိပ်ရေးပေါ်လစီ၏ ရလဒ်ဖြစ်သည်ဟု အစီရင်ခံစာကဆိုသည်။

မြန်မာနိုင်ငံအနောက်ဘက် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ရိုဟင်ဂျာ လူနည်းစုများသည် ခွဲခြားဆက်ဆံခြင်းခံနေရပြီး ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်နီဒေသများတွင် နေထိုင်သူများသည် နအဖတပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်နေရကြောင်း အစီရင်ခံစာကဆိုသည်။

အလားတူ နယူးရောက်အခြေစိုက် နိုင်ငံတကာ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကလည်း ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များနှင့်ပတ်သက်၍ ဇွန်လ (၉) ရက်နေ့က ထိုင်းနိုင်ငံမဲဆောက်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ရာတွင် နအဖတပ်၏ တိုင်းရင်းသားလူမျိုးစုများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခြင်းနှင့် လက်နက်ကိုင်တပ်များကို တိုက်ခိုက်ရာတွင် ဒေသခံများကို ဖိနှိပ်နေခြင်းတို့သည် ပြည်တွင်းဒုက္ခသည် ဖြစ်လာစေသောအကြောင်းအရင်းဖြစ်သည်ဟု ဆိုသည်။ မြန်မာနိုင်ငံအတွင်း အခြေအနေမှဲ့ ဒုက္ခသည်ခြောက်သိန်းခွဲခန့်ရှိသည်ဟု ခန့်မှန်းထားသည်။

❖

## ကရင်နီအမျိုးသားပါတီ၏ (၁၀) ကြိမ်မြောက်ညီလာခံ ပြီးစီး၊ ဖက်ဒရယ်မှုကို လက်ခံရန်ဆုံးဖြတ်

ကရင်နီပြည်သည် သီးခြားနိုင်ငံဖြစ်သည်ဟူသော ယခင်က ကိုင်စွဲခဲ့သော မူဝါဒကိုစွန့်လွှတ်၍ ပြည်နယ်ပေါင်းစုံ ပြည်ထောင်စု (ဖက်ဒရယ်မူ) ကို လက်ခံရန် ကေအဲန်ပီပီက ဆုံးဖြတ်လိုက်ကြောင်း သိရှိရသည်။

ထိုင်းမြန်မာနယ်စပ် ကေအဲန်ပီပီနယ်မြေတွင် မေလ (၂၇) ရက်နေ့မှ ဇွန်လ (၂) ရက်နေ့အထိ ကျင်းပသော ကေအဲန်ပီပီပါတီ၏ (၁၀) ကြိမ်မြောက်ညီလာခံက ကရင်နီတိုင်းရင်းသားများသည် မိမိတို့၏ မူလအခွင့်အရေးကို မဆုံးရှုံးစေဘဲ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတွင် အခြားတိုင်းရင်းသားများနှင့် တန်းတူရည်တူ တာဝန်နှင့်အခွင့်အရေးများအတွက် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသော ဖက်ဒရယ်မူကို လက်ခံကြောင်း ဆုံးဖြတ်လိုက်သည်။

ညီလာခံတွင် ကရင်နီအစိုးရအဖွဲ့ကို လွှတ်တော်ဖွဲ့စည်းပုံတွင် သမတစနစ်အစား ဝန်ကြီးချုပ်စနစ်သို့ ပြောင်းလဲရန် ဆုံးဖြတ်ခဲ့ခြင်းနှင့်ပတ်သက်၍ ကေအဲန်ပီပီ ပြောခွင့်ရသူ ခူးရေမွန်ထူးက “ဒီလိုကြီးမားတဲ့ သမတ နေရာမှာ လူစားထိုးဖို့ အခက်အခဲရှိတယ်။ ဝန်ကြီးချုပ်စနစ်နဲ့ သွားတော့ လုပ်ငန်းတွေ အကောင်အထည်ဖော်တဲ့ နေရာမှာ ပိုပြီးသွက်လက်လာနိုင်မယ်”ဟု ဆိုသည်။

ယင်းညီလာခံသို့ ကေအဲန်ပီပီကိုယ်စားလှယ် (၁၆၀) ကျော်တက်ရောက်ခဲ့ပြီး ပါတီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်အဖြစ် ခူးထဲကူးဖဲ၊ ဒုဥက္ကဋ္ဌအဖြစ် အေဘယ်လ်တွိဒ်၊ အထွေထွေအတွင်းရေးမှူးအဖြစ် ခူးရေမွန်ထူးနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် ခူးဦးရယ်တို့ကို ရွေးကောက်တင်မြှောက်ခဲ့ကြောင်း သိရှိရသည်။

ကေအန်ပီပီနှင့် နအဖအကြားတွင် ၁၉၉၅ ခုနှစ်က အပစ်အခတ်ရပ်စဲရေး သဘောတူခဲ့သော်လည်း လပိုင်းအတွင်း ငြိမ်းချမ်းရေးပျက်ခဲ့သည်။

ယမန်နှစ်က ကေအဲန်ပီပီနှင့် နအဖတို့အကြား အပစ်အခတ်ရပ်စဲရေးနှင့် ပက်သက်၍ ဆွေးနွေးမှုများရှိခဲ့သော်လည်း သဘောတူညီမှုမရခဲ့ပေ။ ယခုအချိန်ထိလည်း တရားဝင်ဆွေးနွေးပွဲဖြစ်မြောက်ရန် အလားအလာမရှိသေးကြောင်း သိရှိရသည်။ ❖

**အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ**

# ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အမွေကိစ္စအတွက် တာဝန်လွှဲအပ်ထားသူ ရှေ့နေကြီး ဦးထွန်းတင်ကွယ်လွန်

အဖွဲ့ချုပ်ဗဟို ဥပဒေအထောက်အကူပြု အဖွဲ့ဝင် ရှေ့နေကြီး ဦးထွန်းတင် (၇၆)နှစ်သည် ဇွန်လ (၁၈)ရက်နေ့က ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ ဦးထွန်းတင်သည် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အမွေကိစ္စအတွက် တာဝန်လွှဲအပ်ခြင်းခံထားရသူ တရားရုံးကိုယ်စားလှယ်တဦးဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စတင်တည်ထောင်စဉ်ကတည်းက တတ်သိပညာရှင်များအဖွဲ့ဝင်အဖြစ်သာမက အဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့တွင်လည်း ပါဝင်ခဲ့သည်။ ထို့အပြင် ရန်ကုန်တိုင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌအဖြစ်လည်း အဖွဲ့ချုပ်တာဝန်များကို တက်ကြွစွာ ဆောင်ရွက်ခဲ့သူဖြစ်သည်။

၁၉၄၉ ခုနှစ် ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝကတည်းက ကျောင်းသားလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ပြီး၊ ရှေ့နေလောကတွင် မတရားခံရသူများဘက်မှ အမှုလိုက်ပေးသူအဖြစ် ထင်ရှားသူဖြစ်သည်။

ထိုကြောင့်လည်း စစ်အာဏာပိုင်များ၏ အငြိုးထားမှုခံရကာ ၁၉၅၉ ခုနှစ်တွင် ပုဒ်မ (၅/ည)ဖြင့် ကိုကိုးကျွန်းတွင် (၁)နှစ်ကျော်၊ ၁၉၆၇ ခုနှစ်တွင် ရေကြည်အိုင်၌ (၃)နှစ်ကျော် ထိန်းသိမ်းခံခဲ့ရသည်။ ၁၉၅၅ ခုနှစ် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဦးဆောင်သော ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့တွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

အဖွဲ့ချုပ်ခေါင်းဆောင်တဦးအဖြစ် ၁၉၈၉ ခုနှစ်၊ ဇူလိုင်လတွင် နောက်ဆုံးအကြိမ် အဖမ်းခံခဲ့ရပြီး ၁၉၉၄ ခုနှစ်တွင် ပြန်လည်လွတ်မြောက်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အမွေကိစ္စအတွက် တာဝန်လွှဲအပ်ခြင်းခံထားရသူ ဦးထွန်းတင်ကွယ်လွန်သွားသဖြင့် ယင်းအမှုကို ဇွန်လကုန်ပိုင်းတွင် ချိန်းဆိုထားသောအမှုကို နအဖတရားရုံးက ဩဂုတ်လ (၂၆) ရက်နေ့သို့ ရွှေ့ဆိုင်းလိုက်သည်။

ယခုအခါ ကွယ်လွန်သူ ဦးထွန်းတင်နေရာတွင် ကိုယ်စားလှယ်အသစ် ထပ်မံရွေးချယ်ရန် အဖွဲ့ချုပ်ရှေ့နေများက ကြိုးစားဆောင်ရွက်နေကြောင်း သိရှိရသည်။

ဦးအောင်ဆန်းဦးက နေအိမ်တဝက်ပိုင် ဆိုင်လိုကြောင်း ၂၀၀၀ ခုနှစ်ကတည်းက တရားစွဲဆိုထားပြီး ဆုံးဖြတ်ချက်မချနိုင်သေးသော ယင်းနေအိမ်အမွေကိစ္စ မည်သို့ဖြစ်လာမည်ဆိုသည်ကို ရန်ကုန်ရှေ့နေအသိုင်းအဝိုင်းမှ စိတ်ဝင်စားစွာ စောင့်ကြည့်နေသည်ဟု သိရသည်။ ❖

# နအဖအနေဖြင့် နှိပ်စက်ညှဉ်းပမ်းမှု မပြုလုပ်ရန်တားမြစ်သည့် နိုင်ငံတကာသဘောတူညီချက်များကို လက်မှတ်ထိုးရန် အေအေပီပီက တောင်းဆို

နအဖအနေဖြင့် စစ်ကြောရေးစခန်းနှင့် အကျဉ်းထောင်များတွင် ပြုလုပ်နေသော ညှဉ်းပမ်းနှိပ်စက်မှုများကို ရပ်တန့်ပြီး၊ နှိပ်စက်ညှဉ်းပမ်းနှိပ်စက်မှု မပြုလုပ်ရန် တားမြစ်ထားသည့် နိုင်ငံတကာသဘောတူညီချက်တွင် လက်မှတ်ထိုးရန် နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်းက တောင်းဆိုလိုက်သည်။



ကိုအောင်လှိုင်ဝင်း

နိုင်ငံတကာ နှိပ်စက်ညှဉ်းပမ်းမှု တိုက်ဖျက်ရေးနေ့ဖြစ်သော ဇွန်လ (၂၆)ရက်နေ့က ထုတ်ပြန်သော အေအေပီပီ၏ ကြေညာချက်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သော စစ်အုပ်စုသည် နိုင်ငံရေးလှုပ်ရှားဆောင်ရွက်သူများကို လူမဆန်သော ကြောက်မက်ဖွယ်ရာနှိပ်စက်မှု နည်းနာများကို အသုံးပြုညှဉ်းပမ်းခဲ့သဖြင့် အကျဉ်းထောင်များနှင့် စစ်ကြောရေးစခန်းများတွင် နိုင်ငံရေးအကျဉ်းသား (၉၄)သေဆုံးခဲ့ရကြောင်းဖော်ပြထားသည်။

ကြေညာချက်တွင် မေလက ရန်ကုန် စားသောက်ဆိုင်တဆိုင်တွင် ညစာ စားသောက်နေစဉ် အဖမ်းခံခဲ့ရပြီးနောက် စစ်ကြောရေးစခန်းတွင် သေဆုံးခဲ့ရသော ကိုအောင်လှိုင်ဝင်းကိစ္စက နအဖ၏ လူမဆန်သောနှိပ်စက်မှု၏ သက်သေဖြစ်ကြောင်း ဖော်ပြထားပြီး၊ အကျဉ်းထောင်များတွင် နည်းအမျိုးမျိုးဖြင့် ညှဉ်းပမ်းနှိပ်စက်ခံခဲ့ရသောနိုင်ငံရေး လှုပ်ရှားသူများသည် ဘဝတလျှောက်လုံးတွင် ရုပ်ပိုင်းဆိုင်ရာ ချွတ်ယွင်း ရုံမျှမက စိတ်ပိုင်းတွင်လည်း ညှဉ်းပမ်းခံခဲ့ရသည့်အချိန်ကို ပြန်လည်အမှတ်ရနေကြသဖြင့် စိတ်ဒဏ်ရာဒဏ်ချက်များကို မည်သည့်အခါမှ ကုသ၍မရနိုင်ကြောင်းဖော်ပြထားသည်။

ထို့အပြင် နအဖသည် ညှဉ်းပမ်းနှိပ်စက်မှုတားမြစ်သည့် နိုင်ငံတကာသဘောတူညီချက်များတွင် လက်မှတ်ရေးထိုးထားခြင်းမရှိသော်လည်း နိုင်ငံတကာဥပဒေစံများကို မပျက်မကွက်လိုက်နာရန် တာဝန်ရှိဖြစ်သဖြင့်၊ ၎င်းတို့ကျူးလွန်သော နှိပ်စက်ညှဉ်းပမ်းမှုအားလုံးအတွက် တာဝန်ရှိမှုကင်းမဲ့နေမည် မဟုတ်ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ကြေညာချက်၏ နိဂုံးချုပ်ပိုင်းတွင် နအဖအနေဖြင့် နိုင်ငံရေးအကျဉ်းသားများကို မိသားစုများနှင့် အဆက်အသွယ်ဖြတ်တောက်ချုပ်နှောင်ထားခြင်းကို ရပ်တန့်ရန်၊ အပြည်ပြည်ဆိုင်ရာ ညှဉ်းပမ်းနှိပ်စက်မှု ဆန့်ကျင်ရေးစာချုပ်တွင် လက်မှတ်ထိုးရန်၊ ညှဉ်းပမ်းနှိပ်စက်မှုတွင်တာဝန်ရှိသူများကို စုံစမ်းဖော်ထုတ်၍ ရုံးတင်စစ်ဆေးပေးရန် အေအေပီပီက နအဖကို တိုက်တွန်းတောင်းဆိုထားသည်။ ❖

# နိုင်ငံရေးသမား (၅) ဦးကို စာရွက်စာတမ်းဖြန့်ဝေမှုဖြင့် နအဖတရားရုံးက ထောင်ဒဏ်တသက်တကျွန်းချမှတ်



ဦးဘတင့်



ဦးဘမြင့်

နိုင်ငံရေးလှုပ်ရှားဆောင်ရွက်သူ (၅)ဦးကို စာရွက်စာတမ်းဖြန့်ဝေမှုဖြင့် နအဖတရားရုံးက ဇွန်လ (၁၃)ရက်နေ့တွင် ထောင်ဒဏ်တသက်တကျွန်း ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရှိရသည်။

ယခု ထောင်ဒဏ်တသက်တကျွန်းကျခံရသူများမှာ အဲန်အယ်လ်ဒီအဖွဲ့ဝင်များဖြစ်သော ကိုအောင်မျိုးဆန်း၊ ဦးဘမြင့်၊ ဦးဘတင့်၊ ကိုခင်ကျော်နှင့် လူ့ဘောင်သစ်ပါတီမှ ကိုသက်နိုင်အောင် (ခေါ်)ကိုသက်ဦးတို့ ဖြစ်ကြသည်။



ဦးသက်နိုင်အောင်

၎င်းတို့ကို ရှေ့နေများနှင့်တွေ့ခွင့်မပေးသကဲ့သို့ မိသားစုများနှင့်လည်း တွေ့ခွင့်မပေးဘဲ ယခုကဲ့သို့ စီရင်ချက်ချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ မည်သည့်သက်သေခံပစ္စည်းမျှ မတွေ့ဘဲ မတရားဖမ်းဆီး ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သဖြင့် မိမိအနေနှင့် အလွန်ခံစားဒေါသဖြစ်မိကြောင်း ကိုခင်ကျော်၏ဇနီး မသန္တာက သတင်းဌာနများသို့ ပြောဆိုသွားသည်။



ကိုခင်ကျော်

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ (အေအေပီပီ)မှ အတွင်းရေးမှူး ကိုတိတ်နိုင်က ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် ပြည်သူလူထု၊ အနုပညာရှင်နှင့် တပ်မတော်သားများသို့ ဒီမိုကရေစီလက်ကမ်းစာစောင်များ ဖြန့်ဝေမှုဖြင့် ၁၉၉၆ ခုနှစ်က ထုတ်ပြန်ထားသော နအဖ၏ ၅/၉၆၊ ပုဒ်မ (၃)ဖြင့် ယခုကဲ့သို့ ပြစ်ဒဏ်ချမှတ်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ဆက်လက်၍ တိတ်နိုင်က "စာရွက်ဖြန့်ဝေရုံလောက်နဲ့ တသက်တကျွန်းချတယ်ဆိုတော့ စစ်အုပ်စုက ဒီမိုကရေစီရေးလှုပ် ရှားသူတွေကို အပြင်းအထန်အနိုင်ကျင့်တဲ့အပြင် နိုင်ငံတော်တိုးတက်မှုတွေကို အဓိက ဖျက်ဆီးနေသူဟာ စစ်အုပ်စုဖြစ်တယ်ဆိုတာ ဖော်ပြလိုက်ပဲဟု ပြောကြောင်းအေအေပီပီက ထုတ်ပြန်သော သတင်းတပုဒ်တွင် ဖော်ပြထားသည်။



ကိုအောင်မျိုးဆန်း

(၅/၉၆) သည် နအဖက ကျင်းပသည့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးကို နှောင့်ယှက်ခြင်းမှ ကာကွယ်ရန် ပြဋ္ဌာန်းထားသော ဥပဒေဖြစ်သည်။

ထိုသို့ မတရားပြစ်ဒဏ်ချမှတ်ခံရခြင်းနှင့်ပတ်သက်ပြီး အဖွဲ့ချုပ်ရှေ့နေများက လိုက်ပါဆောင်ရွက်ရန် ပြင်ဆင်နေသော်လည်း နအဖတရားရုံးက အမိန့်စီရင်ချက်စာကို မိသားစုအား ထုတ်မပေးသေးသည့်အတွက် ဥပဒေကြောင်းအရ ဆောင်ရွက်ရန် အခက်တွေ့နေရသည်။ ပြစ်ဒဏ်ချမှတ်ခံရသူများအနက် ဦးဘမြင့်၊ ကိုအောင်မျိုးဆန်းနှင့် ကိုခင်ကျော်တို့သည် (၂) ကြိမ်မြောက်၊ ကိုသက်နိုင်အောင်မှာ(၃)ကြိမ်မြောက် မတရားထောင်ဒဏ် ချမှတ်ခံရ သူများဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား ၁၄၀၀ ခန့်ရှိပြီး ၎င်းတို့ထဲတွင် သံဃာတော်များ၊ အမျိုးသမီးများ၊ အသက်အရွယ်ကြီးမြင့် သူများနှင့် ကျန်းမာရေးချို့တဲ့သူများလည်း ပါဝင်နေသည်။ ❖

# တန့်ဆည်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းကို မတရားထောင်ဒဏ်ချလိုက်ပြန်ပြီး

စစ်ကိုင်းတိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ တန့်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းကို သွင်းကုန်ထုတ်ကုန် ဥပဒေပုဒ်မဖြင့် ဇွန်လ (၆) ရက်နေ့က အင်းစိန်မြို့နယ် တရားရုံးမှ ထောင်ဒဏ်(၇)နှစ်ချမှတ်လိုက်ကြောင်း သိရှိရသည်။

ဦးကျော်ဆန်း ထောင်ဒဏ်ချမှတ်ခံရခြင်းနှင့်ပတ်သက်၍ ဇနီးသည် ဒေါ်မေနွဲ့က ဦးကျော်ဆန်းသည် အာဏာပိုင်များစွဲဆိုထားသောပုဒ်မများနှင့် ငြိစွန်းမှုလုံးဝမရှိဘဲ မတရားထောင်ဒဏ် အပြစ်ပေးခြင်းဖြစ်ကြောင်း၊ ဦးကျော်ဆန်းရှေ့နေမှ တင်ပြလာသောအချက်အလက် စီရင်ထုံးများကို တရားရုံးမှ ဥပဒေနှင့်အညီ လုပ်ဆောင်ခြင်းလုံးဝမတွေ့ရကြောင်း၊ ထောင်ထဲတွင် (၉)နှစ်ကျော်နေခဲ့ပြီးသော မိမိ၏ခင်ပွန်းသည်အား ထောင်မှပြန်လွှတ်ပေးပြီး (၄)လ မပြည့်ခင်မှာပင် ထပ်မံ၍ မတရားဖမ်းဆီးထောင်ချခြင်းဖြစ်၍ စိတ်ထိခိုက်ရသည်ဟု သတင်းဌာနများသို့ ပြောဆိုသွားသည်။

အသက် (၇၂)နှစ်ရှိပြီဖြစ်သော ဦးကျော်ဆန်းကို နအဖက လိုရာဆွဲပြီးဥပဒေမဲ့ တရားခံဖြစ်အောင် ပြုလုပ်လိုက်ခြင်းသာပြီး ဦးကျော်ဆန်းကလည်း အဓမ္မစနစ်ကို မည်သည့်အခါမှ ဒူးထောက်လိမ့်မည် မဟုတ်ကြောင်း မိမိအားပြောဆိုသွားကြောင်း ဒေါ်မေနွဲ့က ဆိုသည်။

ဦးကျော်ဆန်း၏ အကျိုးဆောင်ရှေ့နေ ဦးသိန်းညွှန့်က အမှုတွင် ပစ္စည်းပိုင်ရှင်များဖြစ်သော ဒီကေဘီအေမှ ဗိုလ်မှူးစောချစ်သူနှင့် ဗိုလ်မှူးစောမင်းမူ၊ ကယန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အထူးဒေသ (၁)စီးပွားရေးတာဝန်ခံ ဦးညွန့်လွင်တို့ကို တရားခံပြ သက်သေအဖြစ် ဆင့်ခေါ်ပေးရန် တင်ပြချက်ကို တရားရုံးမှ လက်မခံသည့်အတွက် တရားခံဘက်မှ ရပိုင်ခွင့်များ လုံးဝဆုံးရှုံးခဲ့ရခြင်းဖြစ်ပြီး ဤအမှုသည် မှားယွင်းသောဆုံးဖြတ်ချက်သက်သက်သာဖြစ်သဖြင့် ဦးကျော်ဆန်း ပြန်လည်လွတ်မြောက်ရေးအတွက် ဥပဒေဘောင်အတွင်းမှ ဆက်လက်ကြိုးပမ်းသွားမည်ဟု သူကဆိုသည်။

ယမန်နှစ် နိုဝင်ဘာလကမှ ထောင်မှပြန်လွတ်လာသော ဦးကျော်ဆန်းကို မတ်လ (၁၇) ရက်နေ့က သူ၏နေအိမ်တွင် ဒီကေဘီအေ ပစ္စည်းများတွေ့ရှိမှုဖြင့် နအဖအာဏာပိုင်များက မတရားအမှုဆင်ဖမ်းဆီးခဲ့ပြီး သွင်းကုန်ထုတ်ကုန် ဥပဒေပုဒ်မ (၅-၃)ဖြင့် ထောင်ဒဏ် (၇)နှစ် ချမှတ်လိုက်ခြင်းဖြစ်သည်။ ❖

# ကယန်းပြည်သစ်တော်လှန်ရေးနှင့် မြင်နေရသော လမ်းခွဲတာ

**ကယန်းပြည်သစ်ပါတီအနေဖြင့် အပစ်အခတ်ရပ်စဲရေးကာလအတောအတွင်း ၂၀၀၀ ခုနှစ်မှ စတင်၍ ကယန်းစာပေ၊ ကယန်းဘာသာစကား၊ ကယန်းအလံတော်၊ ကယန်းအမျိုးသားသီချင်းများကို တရားဝင် သတ်မှတ်နိုင်ခဲ့ပြီး ကယန်းအမျိုးသားကျောက်တိုင်ကိုလည်း တည်ဆောက်နိုင်ခဲ့သည်။ ကယန်းမျိုးတူစု လေးမျိုးရှိပြီး ကယန်းကငန်၊ ကယန်းကတော့၊ ကယန်းကခေါင်း၊ ကယန်းလာထဟူ၍ ဖြစ်သည်။ ကယန်းစကားမှာလည်း လူမျိုးစုအလိုက် စကားများမတူကြပေ။**

ခင်မင်းဇော်

တော်လှန်ရေး မြစ်ဖျားတည်ရာ

ကယန်းလူမျိုးတို့၏ လက်နက်ကိုင် တော်လှန်ရေးသည် ၁၉၆၄ ခုနှစ်မှ စတင်ခဲ့သည်။ ယခုဥက္ကဌ ဝိုင်းကယန်းထန်သည် ၁၉၆၂ ခုနှစ်၊ ဇူလိုင် (၇)ရက်နေ့ အရေးအခင်းဖြစ်ပွားစဉ်က ရန်ကုန်တက္ကသိုလ်တွင် မောင်ရွှေအေးအမည်ဖြင့် ကျောင်းတက်နေသော ကျောင်းသားတစ်ယောက်ဖြစ်သည်။ နေဝင်းအစိုးရ၏ အရက်စက်ဆုံးသော ကျောင်းသားအရေးအခင်း ဖြိုခွင်းမှုကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရသော တိုင်းရင်းသားကျောင်းသားငယ်သည် တုန်လှုပ်သွားခဲ့သည်။ ၁၉၆၃ ခုနှစ် နေဝင်းစစ်ကောင်စီလက်ထက် ပြည်တွင်း ငြိမ်းချမ်းရေးအတွက် ခြောက်ခရိုင် လူထုဆန္ဒဖော်ထုတ်ပွဲများတွင် ကျောင်းသားတယောက်အနေဖြင့် ရှေ့တန်းမှ တက်ကြွစွာပါဝင်ခဲ့သည်။ နေဝင်းစစ်ကောင်စီသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တဖက်သက် ဖျက်သိမ်းပြီး တောတွင်းလက်နက်ကိုင်အဖွဲ့များကို ပြန်လည်မောင်းထုတ်သည့် ဖြစ်ရပ်ကို တွေ့ကြုံခဲ့ရပြန်သည်။ ထို့ကြောင့် လက်နက်အားကိုးပြီး ဖိနှိပ်ဖြိုခွင်းသော အစိုးရကို လက်နက်နှင့်သာ သူတိုက်ကိုယ်တိုက် တိုက်ရမည်ဟု စဉ်းစားယုံကြည်မိတော့သည်။

တောခိုမည့် ကျောင်းသားတယောက် အနေဖြင့် ကရင်တော်လှန်ရေးနယ်မြေသို့ ရောက်ရှိခဲ့သည်။ ကရင်တပ်မှူးများနှင့် အတူနေထိုင်စဉ် ကယန်းလူမျိုးတယောက်အနေနှင့် မိမိဒေသတွင် တော်လှန်ရေးအဖွဲ့အစည်း ရှိသလား၊ မရှိသေးလျှင် မိမိဒေသအတွင်း ပြန်လည်စည်းရုံးသင့်ကြောင်း အကြံပြုကြသည်။ ဒီလိုနှင့် မိမိဒေသတွင်းသို့ စည်းရုံးရေးဆင်းရန် ပြန်လာခဲ့တော့သည်။

လက်နက်ကိုင် တော်လှန်ရေးကို စတင်ရန် လူစုနေစဉ် နေဝင်းအစိုးရမှ ငွေစက္ကူ (၁၀၀) တန်များကို တရားမဝင်အဖြစ် ကြေညာသည်။ လက်ကုန်ရက်တွင် (၁၀၀)တန်တွေရထားသော ကယန်းဝန်ထမ်းတွေရဲ့ လစာလေးတွေ၊ တောထဲမှာ ဒေသထွက်ကုန်လေးတွေ ရောင်းပြီး စုထားတဲ့ ချွေးနည်းစာ ရာတန်လေးတွေ တန်ဖိုးမဲ့ကုန်ပြီ။ လူထုရဲ့ဒေါသက လူစုနေသော တော်လှန်ရေးကို အရှိန်မြင့်စေခဲ့ပြီ။ ကယန်းလူမျိုး တော်တော်များများမှာ ဂျပန်ခေတ်၊ အင်္ဂလိပ်ခေတ်က ရယူထားသော လက်နက်ကောင်းတွေ (၂၀၀)လောက် ရှိပြီးသားမို့ လက်နက်အတွက် အခက်အခဲမရှိတော့။ ပထမဦးဆုံးတိုက်ပွဲက ဖယ်ခုံမြို့နယ် ပီကင်းကျေးရွာ ရဲစခန်းကို ဝင်ရောက်စီးနင်းခဲ့သည်။ နေဝင်းအစိုးရကို စတင်တော်လှန်သော ထိုနေ့သည် ၁၉၆၄ ခုနှစ်၊ ဇွန်လ (၄)ရက်နေ့၊ ကယန်းလက်နက်ကိုင် တော်လှန်ရေးနေ့အဖြစ် ကယန်းလူမျိုးများ၏ သမိုင်းတွင် မှတ်တမ်းတင်ခဲ့လေပြီ။

ခိုင်မာကျစ်လစ် ကယန်းပြည်သစ်

ပီကင်းတိုက်ပွဲအပြီးတွင် တော်လှန်ရေးကောင်စီအစိုးရက လက်နက်နှင့်အလင်းဝင်လျှင် ဖမ်းဆီးခြင်းမပြုဟု စည်းရုံးစကားဆိုကာ ဖိတ်ခေါ်ခဲ့သည်။ ဦးရွှေအေးနှင့် အမာခံ အချို့သာ ကျန်ရစ်ခဲ့ပြီး အများစုရဲဘော်များ အလင်းဝင်ကြသည်။ မခံချင်စိတ်ဖြင့်သာ တိုက်ပွဲဝင်ခဲ့ကြပြီး ခိုင်မာသော ယုံကြည်ချက်၊ တိကျသော နိုင်ငံရေးဦးဆောင်မှု မတည်ဆောက်နိုင်မီ တော်လှန်ရေး ဖြိုခွဲခံခဲ့ရသည်။ ကျန်ရစ်ခဲ့သော အမာခံအင်အားစုဖြင့် ကျစ်လစ်ခိုင်မာသော ဦးတည်ချက်၊ မူဝါဒများရေးဆွဲကာ ကယန်းပြည်သစ်ပါတီကို ၁၉၆၄ ခုနှစ် ဩဂုတ်လ (၈)ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည်။

နိုင်ငံရေး ဦးဆောင်မည့် ပါတီဥက္ကဌအဖြစ် ဦးရွှေအေးက တာဝန်ယူခဲ့သည်။ ကယန်းလူထုအကြား စည်းရုံးရေးဆင်းကာ လက်နက်ကိုင်တော်လှန်ရေးကို ဆက်လက်ဆင်နွှဲခဲ့သည်။ သို့သော် အခက်အခဲက လက်နက်ကောင်းများအားလုံး အလင်းဝင်သူများနောက် ပါသွားခဲ့ပြီ။ တချက်တချက် ကျည်မထွက်ပဲ ကြောင်နေတတ်သည့် သေနတ်အစုတ်တွေနဲ့ ဘယ်လိုတော်လှန်ရေး ဆက်လုပ်မလဲ။ စဉ်းစားရပြီ။ နောက်ဆုံး ရန်သူစစ်ကြောင်းအဖြတ်မှာ သေနတ်ဝင်လုရန် တလံလောက်အကွာက စောင့်ကြသည်။ ဒါ့ထက်ဝေးလျှင်လည်းမဖြစ်။ ကျည်မထွက်လျှင် လူချင်းဝင်လုံးပြီး သေနတ်လုရန် ဆုံးဖြတ်ပြီးသားဖြစ်သည်။ အဲဒီနေ့က စောင့်နေသူတွေကို ရွာသားတွေ ထမင်းထုပ်လာပို့ချိန်နှင့် ရန်သူစစ်ကြောင်းလာချိန် တိုက်ဆိုင်ကာ ထမင်းထုပ်ပြန်ယူစဉ် လမ်းမှာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲတွင် ဥက္ကဌ ဦးရွှေအေး ခြေထောက်တွင် ကျည်သင့်ကာ ဒဏ်ရာရခဲ့သည်။ ကယန်းတိုင်းရင်းသမားတော်က တိုင်းရင်းဆေးများဖြင့် ဂရုတစိုက်ကုသပေးသဖြင့် မဖြတ်ရပဲ ခြေထောက်မှာ အရိုး (၃) လက်မခန့် တိုသွားခဲ့သည်။

ထိုတိုက်ပွဲမှ သင်ခန်းစာယူကာ လူအင်အားအရ ပြောက်ကျားတိုက်ပွဲ ဆင်နွှဲရန်သာ အသင့်တော်ဆုံးအဖြစ်ဆုံးဖြတ်ပြီး ပြောက်ကျားစစ်ဆင်နည်းကို စနစ်တကျတတ်မြောက်ရန် ကရင်တော်လှန်ရေးနယ်မြေသို့ တပ်ဖွဲ့ဝင်အချို့ကို စေလွှတ်ခဲ့သည်။ ကေအဲန်ယူမှ ကယန်းတပ်ဖွဲ့အတွက် လက်နက်ထောက်ပံ့မှုများ ရရှိခဲ့သည်။ ကယန်းနယ်မြေများတွင်လည်း စည်းရုံးရေးများကို တိုးချဲ့လုပ်ကိုင်နိုင်ခဲ့သည်။

တော်လှန်ရေးကောင်စီလက်ထက်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ လက်ထက်များတွင်လည်း ကယန်းဒေသသည် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး အားလုံး လျစ်လျူရှုခံခဲ့ရသည့် နယ်မြေဒေသ ဖြစ်ဆဲပင်။ ဆယ်ရက်တခါ ဈေးရက်ရှိသည့် အနီးဆုံးရွာကိုပင်လျှင် လမ်းမည်ကာသော လမ်းကလေးမှ တောတိုးကာ တစ်ရက်လောက်သွားကြရသည်။ ရွာသားများသည် မည်မျှပင်ဆင်းရဲစေကာမူ ကယန်းလူမျိုးတိုက်ပွဲဝင်ရဲဘော်များအတွက် ရိက္ခာထောက်ပံ့ရေးကို ဘယ်တော့မျှ မငြီးငြူခဲ့ချေ။

ကယန်းမိသားစုတွင် ယောကျ်ားလေး မွေးလာလျှင် သေနတ်တလက် အိမ်ရှေ့ခန်းတွင် ချိတ်ရသည့် ထုံးစံဓလေ့ရှိခဲ့သည်။ တောင်ယာလုပ်ရန်၊ တောလိုက်ရန် ယောကျ်ားလေးသည် သေနတ်ပစ်ကို ပစ်တတ်ရသည်။ ကယန်းပြည်သစ်ပါတီ၏ စည်းရုံးရေးသည် ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးဖြစ်နေမှုကို ထောက်ပြဝေဖန်ရင်း ကယန်းလူမျိုးများ၏ နိမ့်ကျနေသော ပညာရေး၊ ကျန်းမာရေးတို့ကို တတ်အားသမျှ မြှင့်တင်ခြင်းဖြင့် အောင်မြင်ခဲ့သည်။ ကယန်းရွာတိုင်းရှိ လူငယ် တော်တော်များများသည် ကယန်းပြည်သစ်ပါတီ ဦးဆောင်သည့် ကယန်းတပ်မတော် ရဲဘော်များဖြစ်လာသည်။ စစ်ရည်စစ်သွေး ဗီဇ အပြည့်ရှိသော ကယန်းတပ်မတော်မှ တိုက်ခိုက်စွမ်းရည်အပြည့်ရှိသော တပ်မှူး၊ တပ်သားကောင်းများပေါ်ထွက်လာသည်။ မဆလ လက်ထက် စစ်တပ်တွင်းရှိ တပ်မှူးများကိုယ်တိုင် အသိအမှတ်ပြုခဲ့ရသည်။

တဖက်တွင်လည်း အခြားတိုင်းရင်းသား တော်လှန်ရေး အဖွဲ့များဖြစ်သည့် က လ လ တ (ကရင်လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး)၊ ရ လ လ ဖ (ရှမ်းပြည် လူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့)တို့နှင့် မဟာမိတ်ဖွဲ့ကာ မဆလ၏ ထိုးစစ်ကိုကြံ့ကြံ့ခံ တွန်းလှန်နေရသည်။ မဟာမိတ်အဖွဲ့များနှင့် ပေါင်းစည်းမှုမှာ ဒေသခံပြည်သူများ၏ ထောက်ခံမှုကို တိုးပွားစေခဲ့သည်။ တော်လှန်ရေးသက်တမ်းရှည်ကြာခဲ့သော်လည်း နိုင်ငံရေး၊ စစ်ရေးအမြင်များ နိမ့်ကျသွားခြင်း အလျဉ်းမရှိချေ။

ကယန်းနယ်မြေများသည် မြန်မာနိုင်ငံနယ်စပ်မျဉ်းများနှင့် မနီးကပ်ပဲ နိုင်ငံအတွင်းပိုင်းတွင် တည်ရှိနေခြင်းကြောင့် ဘေးနံဆက်စပ် တော်လှန်ရေးမဟာမိတ်တပ်ဖွဲ့များ ၁၉၈၄ တွင် နဝတနှင့် အပစ်အခတ်ရပ်စဲရေး ရယူသောအခါ ရပ်တည်ရန် ခက်ခဲသွားတော့သည်။ ထို့ကြောင့် ၁၉၈၄ ခု၊ ဇွန်လတွင် နဝတနှင့် အပစ်အခတ်ရပ်စဲရေး စတင်ဆွေးနွေးရတော့သည်။ ဆွေးနွေးနေစဉ် အတွင်း၌လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲပင် ဖြစ်သည်။ ၁၉၈၄ ခု၊ ဇူလိုင်လ၊ (၂၆)ရက်နေ့တွင် ကယန်းပြည်သစ်ပါတီဦးဆောင်သော ကယန်းတပ်မတော်နှင့် နအဖတို့ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ အောင်မြင်ပြီးဆုံးခဲ့သည်။ မိမိနယ်အတွင်း လက်နက်ကိုင်ဆောင်ခွင့်ရှိပြီး စီးပွားရေးလုပ်ငန်းများ လုပ်ပိုင်ခွင့်အဖြစ် သတ္တုမိုင်းတွင်း တူးဖော်ခွင့်၊ မိုင်းရှူးကျောက်တွင်း တူးဖော်ခွင့်၊ ပျဉ်းမနားရေနီဖက်ရှိ သစ်ကွင်းများ ထုတ်လုပ်ခွင့်တို့ ရရှိသည်။ ရန်ကုန်၊ မန္တလေး၊ တောင်ငူ၊ ပျဉ်းမနားတို့တွင် ဆက်ဆံရေးရုံးခွဲနှင့် စီးပွားရေးရုံးများ ဖွင့်လှစ်ပြီး ကယားပြည်နယ် လွိုင်ကော်မြို့တွင် ဆက်ဆံရေးရုံးချုပ်ကို ဖွင့်လှစ်နိုင်ခဲ့သည်။

၁၉၉၆ ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ ကော်မတီဝင်များနှင့် ကယန်းပြည်သစ်ပါတီ ဥက္ကဌ ဝိုင်းကယန်းထန် (ခ) ဦးရွှေအေး၊ ဒုဥက္ကဌ ဦးသန်းစိုးနိုင်၊ ကလလတ (ကရင်လူမျိုးပေါင်းစုံ လွတ်မြောက်ရေးတပ်ဦး)မှ အတွင်းရေးမှူး ဦးမန်းသက်ဖောတို့ အလွတ်သဘောတွေ့ဆုံပွဲကို ရန်ကုန်မြို့ ဝင်ဒါမီယာလမ်း၊ ဗောဓိကုန်းကျောင်းတိုက်တွင် ပြုလုပ်ခဲ့သည်။ ထိုတွေ့ဆုံပွဲကို နဝတထောက်လှမ်းရေးများ မသိရှိလိုက်ပဲ ပြုလုပ်နိုင်ခဲ့သဖြင့် ကယန်းပြည်သစ်ပါတီ၏ ဥက္ကဌနှင့် ဒုဥက္ကဌကို ရန်ကုန်ထောက်လှမ်းရေးမှ ၎င်းညတွင်ပင် ခေါ်ယူစစ်ဆေးခဲ့သည်။ ရန်ကုန်တွင် ရုံးထိုင်သော ဒုဥက္ကဌမှလွဲ၍ ဥက္ကဌနှင့် အဖွဲ့ဝင်အချို့၏ ခရီးသွားလာခွင့်ကို ကယားပြည်နယ်အတွင်းသာ ခွင့်ပြုခဲ့သည်။

၁၉၉၇ ခုနှစ်တွင် ပျဉ်းမနားသစ်ကွင်း၌ မြေမြှုပ်မိုင်းပေါက်ကွဲ၍ အတွင်းရေးမှူး ဗိုလ်မှူးကြီးအိုက်ဒေါင်း ညာဖက်ခြေဒူးဆစ်မှ ဖြတ်ပစ်ရသည်။

၁၉၉၈ ခုနှစ်၊ ဩဂုတ်လတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဆောင်ဖွဲ့စည်းသော ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ကယန်းပြည်သစ်ပါတီ၊ ကလလတ၊ ရလလဖ မဟာမိတ်သုံးဖွဲ့ ခေါင်းဆောင်ကြီးများမှ ပူးတွဲလက်မှတ်ထိုး၍ ထောက်ခံကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။ မွန်ပြည်သစ်ပါတီမှလည်း သီးခြားထောက်ခံချက် ထုတ်ပြန်ခဲ့သည်။

နအဖမှ ၎င်း၏တပ်များကို တိုးချဲ့ပြင်ဆင်ပြီးထောက်လှမ်းရေးမှတဆင့် ထောက်ခံချက် ပြန်လည်ရုပ်သိမ်းရန် ဖိအားပေးခဲ့သည်။ သုံးဖွဲ့ခေါင်းဆောင်များ အပြန်အလှန် ညှိနှိုင်းနေစဉ် ကလလတ ရုပ်သိမ်းကြောင်း ဒုဥက္ကဌ လက်မှတ်ရေးထိုး၍ ထုတ်ပြန်လိုက်သည်။ နောက်ဆုံး ရလလဖမှလည်း ထောက်လှမ်းရေးဖိအားကြောင့် ရုပ်သိမ်းကြောင်း လက်မှတ်ရေးထိုးလိုက်ရပြန်သည်။ နောက်ဆုံးမှ ကယန်းပြည်သစ်ပါတီမှာ အားမတန်၍ မာန်လျှော့ခဲ့ရသည်။

ကယန်းပြည်သစ်ပါတီ ဥက္ကဌအနေဖြင့် ရုပ်သိမ်းကြောင်း ပြန်လည်လက်မှတ်ထိုး မပေးနိုင်သဖြင့် ပါတီဥက္ကဌရာထူးမှ နုတ်ထွက်ခဲ့သည်။ စစ်ဦးစီးမှူး ဗိုလ်မှူးကြီး သန်းပလန်မှ “ဒေါ်အောင်ဆန်းစုကြည်အား မထောက်ခံပါ။ လက်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား ထောက်ခံပါသည်။”ဟု နှစ်ကြောင်းတည်းသော တိုတောင်းသည့် ထုတ်ပြန်ချက်ဖြင့် လက်မှတ်ရေးထိုး ထုတ်ပြန်ပေးခဲ့သည်။

စုစည်းခဲ့ပြီ ကယန်းပြည်

ကယန်းပြည်သစ်ပါတီအနေဖြင့် အပစ်အခတ်ရပ်စဲရေးကာလအတောအတွင်း ၂၀၀၀ ခုနှစ်မှ စတင်၍ ကယန်းစာပေ၊ ကယန်းဘာသာစကား၊ ကယန်းအလံတော်၊ ကယန်းအမျိုးသားသီချင်းများကို တရားဝင် သတ်မှတ်နိုင်ခဲ့ပြီး ကယန်းအမျိုးသားကျောက်တိုင်ကိုလည်း တည်ဆောက်နိုင်ခဲ့သည်။ ကယန်းမျိုးတူစု လေးမျိုးရှိပြီး ကယန်းကငန်၊ ကယန်းကတော့၊ ကယန်းကခေါင်း၊ ကယန်းလာထဟူ၍ ဖြစ်သည်။ ကယန်းစကားမှာလည်း လူမျိုးစုအလိုက် စကားများမတူကြပေ။ ကယန်းရုံးသုံးဘာသာစကားအဖြစ် ဖယ်ခုံဒေသသုံး ကယန်းဘာသာစကားကို အများသဘောတူချက်အရ သတ်မှတ်နိုင်ခဲ့ပြီး ကက်သလစ်ဘုန်းတော်ကြီးများ တီထွင်ပေးခဲ့သည့် ကက်သလစ်ဘာသာဝင်သုံး ကယန်းစာပေကိုလည်း ကယန်းလူမျိုးစာပေအဖြစ် သတ်မှတ်နိုင်ခဲ့သည်။ ကယန်းအမျိုးသားကျောက်တိုင်ကို သိကျိုတ်ကျေးရွာတွင် စိုက်ထူပြီးဧပြီလ (၁၀)ရက်နေ့ကို ကယန်းအမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့သည်။

အပစ်အခတ်ရပ်စဲထားသည့် ကာလအတွင်း နိုင်ငံရေးရပ်တည်ချက်အရ ကယန်းပြည်သစ်ပါတီအနေဖြင့် အခြားအပစ်ရပ်အဖွဲ့များထက် နအဖနှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ပိုမို ရင်ဆိုင်ဖြတ်သန်းခဲ့ရသည်။ ဥက္ကဌမှအစ ဗဟိုကော်မတီများအပါအဝင် အဖွဲ့ဝင်များ၏ပိုင်ဆိုင်မှုများ တိုးတက်များပြားလာသော်လည်း တော်လှန်ရေးစိတ်ဓာတ်များ ပျက်ပြားခြင်း မရှိသေးသည်ကို ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ထောက်ခံခဲ့စဉ်က အထင်အရှားတွေ့မြင်ရသည်။ ထောက်လှမ်း

စာမျက်နှာ (၁၀) ကော်လံ (၅)သို့ ...

# အိုင်အယ်လ်အိုက မြန်မာနိုင်ငံအပေါ် တိုးမြှင့်အရေးယူရန်ဆုံးဖြတ်



ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အို) အစည်းအဝေးကျင်းပနေစဉ်

ဇွန်လဆန်းပိုင်းက ဂျီနီဗာတွင်ကျင်းပသော အိုင်အယ်လ်အိုညီလာခံက မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားပေးခိုင်းစေခြင်းများ ဆက်လက်လုပ်ဆောင်နေသည့် နအဖအပေါ် ပိုမိုပြင်းထန်သော အရေးယူမှုများပြုလုပ်ရန် ဆုံးဖြတ်လိုက်ကြောင်း သိရှိရသည်။

ယခုဆုံးဖြတ်ချက်အရ အိုင်အယ်လ်အို၏ ယခင်ဆုံးဖြတ်ချက်ဖြစ်သော မြန်မာနိုင်ငံကို အိုင်အယ်လ်အို ပုဒ်မ (၃၃)ဖြင့် အရေးယူရေး အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာနိုင်ငံအစိုးရများနှင့် အဖွဲ့အစည်းများအနေဖြင့် ပြန်လည်သုံးသပ်ရန်နှင့် မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားပေးခိုင်းစေမှုများ မပပျောက်သေးသည့်ကိစ္စကို ကုလသမဂ္ဂလူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ညီလာခံသို့တင်ပြရန် ကိစ္စများပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။ အိုင်အယ်လ်အို၏ ပုဒ်မ (၃၃)တွင် အိုင်အယ်လ်အိုကချမှတ်ထားသော အခြေခံစည်းမျဉ်းများကို ဖောက်ဖျက်သော မည်သည့်နိုင်ငံကိုမဆို အိုင်အယ်လ်အိုအဖွဲ့၏ အရေးယူရန် ပြဋ္ဌာန်းထားသည်။

အိုင်အယ်လ်အို၏ ယခုဆုံးဖြတ်ချက်သည် မေလက မြန်မာနိုင်ငံသို့ သွားရောက်ခဲ့သော မြန်မာနိုင်ငံဆိုင်ရာ အိုင်အယ်လ်အိုကိုယ်စားလှယ် ရစ်ချတ်ဟိုဆေး၏ အစီရင်ခံစာကို အခြေခံ၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အစီရင်ခံစာတွင် မစ္စတာဟိုဆေးက မြန်မာနိုင်ငံတွင်တွေ့ရသော တိုးတက်မှုများနှင့်ပတ်သက်၍ 'ကျနော် အစီရင်ခံစာမှာဖော်ပြထားတဲ့ တိုးတက်မှုတွေကတော့ ဥပမာအားဖြင့် ကျနော်တို့ကိုသတင်းပေးလို့ ထောင်ကျခံနေရတဲ့ ကိုရွှေမန်းကို ဧပြီလကုန်မှာ ပြန်လွှတ်ပေးလိုက်တာမျိုး၊ လုပ်အားပေးကိစ္စနဲ့ စုံစမ်းဖို့သွားချင်တဲ့ဒေသဆီ လွတ်လွတ်လပ်လပ်သွားခွင့်ပေးတာမျိုး၊ စစ်တပ်က ခိုင်းစေတဲ့လုပ်အားပေးတွေနဲ့ပတ်သက်ပြီး စစ်အရာရှိတဦးနဲ့ ဆွေးနွေးနိုင်တာမျိုးတွေယေဘုယျ တိုးတက်မှုတွေပါ'ဟု ပြောဆိုကြောင်း ဒီဗွီဘီသတင်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် လုပ်အားပေးခိုင်းစေမှုများနှင့်စပ်လျဉ်း၍ ၂၀၀၄ ဒီဇင်ဘာအတွင်းက မကွေးတိုင်း ကားလမ်းလုပ်အားပေးတွင် ကိုဝင်းလွင်သေဆုံးမှု၊ ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်တွင် ကလေးစစ်သားသစ် စုဆောင်းနေမှုအပါအဝင် အိုင်အယ်လ်အိုကရရှိထားသော အခြားတိုင်ကြားစာများကို အစီရင်ခံစာ၌ ပြည့်စုံစွာဖော်ပြထားသည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးလိုက်၍ ဘယ်သူမှနစ်နာစရာမရှိ

နအဖအနေဖြင့် နေအိမ်အကျယ်ချုပ် ကျခံနေရသော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးလိုက်ခြင်းဖြင့်ဘာမှ နစ်နာစရာအကြောင်း မရှိဟု မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီဟာမိုဟာမက်က ပြောဆိုလိုက်သည်။

မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင်ဖြစ်လာအောင် ဦးဆောင်ကြိုးပမ်းပေးခဲ့သူ ဝန်ကြီးချုပ်ဟောင်းက ဇွန်လ (၁၇) ရက်နေ့က သတင်းထောက်များကို ပြောကြားရာတွင် .... "စစ်အုပ်စုအနေနှင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ကို ပြန်လွှတ်ပေးလိုက်ခြင်းဖြင့် အားလုံးအတွက် လွယ်ကူချောမွေ့သောအပြောင်းအလဲကို ရှေးရှုစေမည်ဖြစ်ကြောင်းပြောကြားသွားသည်။

သူကနှစ်ပေါင်း (၄၀) ကျော် စစ်အုပ်ချုပ်ရေးကို အဆုံးသတ်မည့်အရေးတွင် ကမ္ဘာ့နိုင်ငံများအနေဖြင့် စိတ်ရှည်သည်းခံဖို့ လိုသည်ဟု ဆိုသည်။

ဆက်လက်၍ ဒီမိုကရေစီဟာ နှစ်ပေါင်းများစွာကတည်းက ရှိပြီးသားမဟုတ်ပါဘူး။ ကျနော်တို့ဟာလည်း သက်ဦးဆံပိုင်စနစ်နဲ့ အာဏာရှင်စနစ်ကိုသာ နှစ်အတန်ကြာ အကျွမ်းဝင်ခဲ့ကြတာဟု သူကဆိုသည်။

နအဖ အာဏာရှင်ကြီးများကို ရာထူးမှ ဆင်းစေလိုလျှင် သူတို့၏ အပြစ်ကျူးလွန်မှုများကို ကင်းလွတ်ခွင့်ပေးဖို့လိုကြောင်း နအဖကို အာဏာလက်မဲ့သွားလျှင် တရားစွဲထောင်ချမည်ဟူသော ပြောဆိုချက်သည် အပြောင်းအလဲဖြစ်လာစေမည့် နည်းလမ်းမဟုတ်ကြောင်း သူကဆိုသည်။

မြန်မာ့စစ်ခေါင်းဆောင်များအနေဖြင့်လည်း ပြည်တွင်းပြည်ပမှ လူထု၏ဆန္ဒအမြင်ကို အလေးထားပြီး ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ပြန်လွှတ်ပေးသင့်ကြောင်း ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်လိုလျှင် ဖြစ်ပေါ်လာမည့် အကျိုးရလဒ်များကို ကြောက်ရွံ့နေ၍ မသင့်ကြောင်း မဟာသီဟာက တိုက်တွန်းထားသည်။



မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီ

❖

# အာစီယံဥက္ကဋ္ဌနေရာကို မြန်မာမလုပ်ဖြစ်လျှင် ဖိလစ်ပိုင်အစားထိုးယူနိုင်

မြန်မာနအဖသည် နိုင်ငံတကာဖိအားများကြောင့် ၂၀၀၆ ခုနှစ် အာဆီယံဥက္ကဋ္ဌနေရာကို ဖိလစ်ပိုင်က အစားထိုးလုပ်ဆောင်ဖွယ်ရှိကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးက ဇွန်လ (၂၀) ရက်နေ့က ပြောဆိုလိုက်သည်။

မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဟာမက်အယ်ဘာက 'ဒါမခက်ပါဘူး မြန်မာက ရှေ့နှစ်မလုပ်ဖြစ်ရင် ဖိလစ်ပိုင်က တနှစ်စောပြီး လုပ်သွားမှာပါ'ဟု ဆိုသည်။

အာဆီယံအဖွဲ့၏ လုပ်ထုံးလုပ်နည်းများအရ မြန်မာနိုင်ငံသည် မလေးရှားနိုင်ငံဆီက အာဆီယံဥက္ကဋ္ဌတာဝန်ကို ယခုနှစ်ကုန်ပိုင်းတွင် ပြောင်းလဲယူရန်ဖြစ်သော်လည်း အမေရိကန်၊ အီးယူနှင့် အာဆီယံနိုင်ငံတချို့က မြန်မာနိုင်ငံအား အာဆီယံဥက္ကဋ္ဌ ဖြစ်မလာရေးအတွက် တောင်းဆိုလျက်ရှိသည်။



မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဟာမက်အယ်ဘာ

အာဆီယံအလှည့်ကျ ဥက္ကဋ္ဌသည် အဖွဲ့ကြီး၏ စည်းဝေးပွဲများကို ကမကထ တာဝန်ယူကျင်းပပြီး အဖွဲ့၏လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးသည့် အစဉ်အလာရှိသည်။

ထို့အပြင် အာဆီယံဥက္ကဋ္ဌသည် အမေရိကန်နှင့် ဥရောပနိုင်ငံများတက်ရောက်သော အာဆီယံဒေသဆိုင်ရာ လုံခြုံရေးဆွေးနွေးပွဲနှင့် ထိပ်သီးဆွေးနွေးပွဲများကိုလည်း စီစဉ်ပေးရမည်ဖြစ်ရာ အဆိုပါနိုင်ငံများက စစ်အုပ်စုကသာ အာဆီယံဥက္ကဋ္ဌဖြစ်လာလျှင် မိမိတို့အနေဖြင့် အာဆီယံနှင့်ပတ်သက်သော ဆွေးနွေးပွဲများကို တက်ရောက်မည်မဟုတ်ဟု ပြောဆိုထားပြီးဖြစ်သည်။

❖

# မြန်မာက အာဆီယံဥက္ကဋ္ဌတာဝန်ကို ငြင်းဆန်လိုက်လျှင် ဒီမိုကရေစီပြန်လည်တည်ဆောက်ရေး ထိခိုက်နိုင်

အာဆီယံအတွင်းရေးမှူးချုပ် (Ong Keng Yong)က မြန်မာအနေနှင့် လာမည့်နှစ်အတွက် အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို မယူလျှင် မြန်မာပြည်ဒီမိုကရေစီ ပြန်လည်တည်ဆောက်ရေးကို ထိခိုက်နစ်နာစေလိမ့်မည်ဟု ယခုလ (၁)ရက်နေ့က သတိပေးလိုက်သည်။

ဩဂုတ်လတွင် ကျင်းပမည့် အာဆီယံနှစ်ပတ်လည် ဝန်ကြီးအစည်းအဝေးတွင် မြန်မာနိုင်ငံက အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ယူမည်မဟုတ်ကြောင်း ကြေငြာမည်ဟု အာဆီယံခေါင်းဆောင်များက ထင်မြင်နေကြသည်။

မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ယူမည်ဆိုလျှင် ဒေါ်အောင်ဆန်းစုကြည် မြန်မြန်ဆန်ဆန်လွတ်လာအောင် အာဆီယံနိုင်ငံများက ပိုပြီးဖိအားပေးရန် အခွင့်အရေးရမည်ဟု အာဆီယံအတွင်းရေးမှူးချုပ်က ပြောကြောင်း ဗွီအိုအေသတင်းက ဆိုသည်။

မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌတာဝန်ယူမည်ဆိုလျှင် အာဆီယံဆွေးနွေးပွဲများကို သပိတ်မှောက်မည်ဟု အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများက သတိပေးထားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်ကလည်း ရှေ့လတွင် လာအိုနိုင်ငံ၌ ကျင်းပမည့် အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးပွဲသို့ အာဆီယံနိုင်ငံများက မြန်မာပြည်ဒီမိုကရေစီရေးအတွက် ထိရောက်သည့် တွန်းအားပေးမှုမရှိသောကြောင့် တက်ရောက်ရန်မရှိဟု ပြောဆိုထားသည်။

အကယ်၍ သူမ မတက်ရောက်ခဲ့လျှင် ထိုစည်းဝေးပွဲသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မတက်ရောက်သည့် ပထမဆုံးသော အာဆီယံ၏ ဝန်ကြီးအဆင့်စည်းဝေးပွဲဖြစ်ပေလိမ့်မည်။

မစ္စရိုက်သည် ထိုစည်းဝေးပွဲသို့ ၎င်း၏ လက်ထောက် ရောဘတ်ဇိုးလစ် (ယခင် အမေရိကန် ကုန်သွယ်ရေးကိုယ်စားလှယ်နှင့် အာဆီယံရေးကျွမ်းကျင်သူ)ကို စေလွှတ်ဖွယ်ရှိပြီး အာဆီယံဒေသတွင်း၏ အရေးပါဆုံးသောစည်းဝေးပွဲ၌ အမေရိကန်၏ အဆင့်လျှော့ဆက်ဆံမှုကို အာဆီယံခေါင်းဆောင်များအနေဖြင့် သိမြင်နိုင်မည်ဖြစ်သည်။

အနောက်တိုင်း သံတမန်တစ်ဦးက "အာဆီယံဟာ ပြဿနာကို ကိုင်တွယ်ဖြေရှင်းရမယ့်အစား အချိန်ဆွဲနေတယ်"ဟု ဝေဖန်ပြောကြားသည်။

❖

# ထိုင်းရွာသားများထံမှ ငှားရမ်းထားသည့် ဆင်စွယ်နှင့် ဆင်းတုတော်များကိုပြန်ပေးရန် ထိုင်းကတောင်းဆို

ဒီကေဘီအေ (ခေါ်) ကရင်ဗုဒ္ဓဘာသာအဖွဲ့က ထိုင်းရွာသားများထံမှ ငှားရမ်းသွားသည့်ဆင်စွယ်တစုံနှင့် ရုပ်ပွားတော် အဆူ (၂၀)ကို ပြန်ပေးရန် ထိုင်းနယ်ခြား ကော်မတီက မြန်မာအရာရှိများကို တောင်းဆိုလိုက်ကြောင်းသိရှိရသည်။

(၂၅) ကြိမ်မြောက် ထိုင်းနှင့်မြန်မာနယ်ကြားအရာရှိများ၏ အစည်းအဝေးတွင် အုန်းဖျန်းမြို့နယ်၊ မဲချန်ရွာမှ ကရင်လူမျိုးများပိုင်ဆိုင်သောဆင်စွယ်နှင့် ဆင်းတုတော်များကို ဒီကေဘီအေတပ်က ဧပြီလကတည်းက အခမ်းအနားလုပ်ရန် ငှားရမ်းသွားပြီး၊ ယခုတိုင်ပြန်မပေးဘဲ မြိုင်ကြီးငူကျောင်းတွင် ဆက်ရှိနေသည်။ ထိုင်းအရာရှိများက ဆင်စွယ်နှင့်ရုပ်ပွားတော်များကို ပြန်ပေးရန် တောင်းဆိုလိုက်ကြောင်း ဇူလိုင်လ (၁) ရက်နေ့ထုတ် ဘန်ကောက်ပို့သတင်းတွင်ဖော် ပြထားသည်။

မြန်မာဘက်ကခေါင်းဆောင်က ထိုကိစ္စကိုစုံစမ်း၍ မှန်ကန်လျှင်ပြန်ပို့ပေးမည်ဟု တာဝန်ခံသွားသည်ဟု သတင်းကဆိုသည်။

အစည်းအဝေးတွင် သောင်ရင်းမြစ်ပေါ်ရှိ မြန်မာများကို ဖယ်ရှားပေးရေးအပါအဝင်၊ မူးယစ်ဆေးဝါးကိစ္စ၊ ကားခိုးမှု၊ ခေါးပြတိုက်မှုကိစ္စများနှင့် ကူးစက်ရောဂါကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်းသိရှိရသည်။

❖

ဒီနေ့ကာလမှာတော့ ခေတ်မှီတိုးတက်တဲ့ မည်သည့်လူမှုအဖွဲ့အစည်းနှစ်ခုမဆို တဖက်နဲ့ တဖက်စစ်ဖြစ်ကြဖို့ ဆောင်ရွက်နေကြမယ် ဆိုရင်တော့ဘယ်လိုမှ လက်ခံနိုင်ဖွယ်မရှိပါဘူး။

အရှေ့တောင်အာရှဆိုတာ အာရှရဲ့ ဘော်လ်ကန်ဒေသလို့ တခါတရံ သမုတ်ကြ လေ့ရှိပါတယ်။ အချက်အလက်အရဆိုရင် တော့ တကယ်တန်းအားဖြင့် ဘော်လ်ကန်ဒေ သထက်တောင်မှပိုပြီး မတူကွဲပြားမှုတွေရှိပါ တယ်။ အဓိက အထင်ကရ ဘာသာရေးတွေ အားလုံးပဲ အရှေ့တောင်အာရှနိုင်ငံသားတွေ ကိုးကွယ်လက်ခံကြပါတယ်။ ဟင်ဒီ၊ မူဆလင်၊ ခရစ်ယာန်၊ ဗုဒ္ဓ၊ ကွန်ဖြူးရှပ်၊ (၁၉၆၇) ခုနှစ်က အာဆီယံဆိုတဲ့ အဖွဲ့အစည်းကြီးပေါ်ပေါက် လာခဲ့တဲ့ အချိန်ကာလကတည်းက အာဆီယံ နိုင်ငံနှစ်နိုင်ငံအချင်းချင်း စစ်ဖြစ်ခဲ့ကြတယ်ဆို တာမရှိခဲ့ပါဘူး။

ဒါဟာ အင်မတန်ကြီးကျယ်တဲ့ အောင် မြင်မှုတခုဖြစ်ပါတယ်။ ဒီအတွက် ကျိုးကြောင်း ပြနိုင်စရာတွေရှိပါတယ်၊ ဦးဆောင်မှု ကုသိုလ်ကံ၊ အရှေ့တောင်အာရှမှာ ခိုင်မာတောင့်တင်းတဲ့ အမေရိကန် ပါဝင်ပတ်သက်မှုတွေကြောင့် လား။ ဒါပေမယ့် သံသယကင်းစွာပါပဲ။ အာ ဆီယံနိုင်ငံတွေရဲ့ ဆုံးဖြတ်ချက်တွေဟာ ဒုတိယကမ္ဘာစစ်အပြီး အမေရိကန်က ကမ္ဘာကို ကမ်းလှမ်းထားခဲ့တဲ့ လိုက်နာကျင့်သုံးရမယ့် စည်းမျဉ်းစည်းကမ်းတွေအပေါ်မှာ လက်ခံ ကျင့်သုံးခဲ့တာဖြစ်ပါတယ်။ ဒါဟာ အင်မတန် သိသာလှတဲ့ မတူကွဲပြားမှုလို့ ဆိုနိုင်ပါတယ်။

ဥရောပ နိုင်ငံတွေမှာတော့ အင်အားပါ ဝါကြီးမားလာတဲ့ အခါမျိုးမှာ ကမ္ဘာကြီးကို သိမ်းပိုက်ဖို့ ကြိုးစားခဲ့ကြပါတယ်။ အမေရိက ဟာ သူရဲ့ အင်အားပါဝါကြီးမားခဲ့ပါတယ်။ ဒါပေမယ့် အဲဒီလိုသိမ်းပိုက်ခဲ့တာမျိုး မလုပ်ခဲ့ ပါဘူး။ သမိုင်းမှာ အမေရိကဟာ ပထမ အင် အားအကြီးဆုံးနိုင်ငံဖြစ်ကြောင်း ထုတ်ဖော် ပြသနိုင်ခဲ့ပါတယ်။ ဒါဟာ တခြားနိုင်ငံတွေကို ကျူးကျော်သိမ်းပိုက်ခဲ့လို့လဲ မဟုတ်သလို ကိုလိုနီပြုခဲ့တာမျိုးလည်းမဟုတ်ဘဲနဲ့ ကျေကျေ နပ်နပ်အပေါ်စီးက ရရှိအောင်ဆောင်ရွက်နိုင် ခဲ့တာပါ။ ဒုတိယ ကမ္ဘာစစ်အပြီးမှာတော့ အမေရိကန် နိုင်ငံတကာဥပဒေရေးရာပညာ ရှင်တွေဟာ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနဲ့ နိုင်ငံတကာဥပဒေတွေကို ရေးဆွဲပုံဖော်နိုင်ခဲ့ ကြပါတယ်။ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ် မှာ အင်အားသုံးမှုဆိုင်ရာအပေါ် ထိန်းကြောင်း နိုင်မယ့် တကယ့်အရေးကြီးတဲ့ စည်းမျဉ်း စည်းကမ်းတွေဖြစ်ပါတယ်။ ပရမ်းပတာ စည်းမဲ့ကမ်းမဲ့ အင်အားသုံးဖြေရှင်းပြုမူတာ တွေကို တရားဝင်မှုမရှိကြောင်း ချမှတ်နိုင်ခဲ့ တာဟာလည်း ကမ္ဘာကြီးအပေါ် အမေရိကရဲ့ အကျိုးပြုမှုတွေထဲက တခုဖြစ်ခဲ့ပါတယ်။

ဘာကြောင့် အီရတ်စစ်ပွဲဟာ အမေရိက ရဲ့ ကမ္ဘာ့ကြီးအပေါ်ထားရှိတဲ့ သဘောထား ရပ်တည်မှုကို ပြင်းထန်တဲ့သက်ရောက်မှုတွေ ဖြစ်စေခဲ့တယ်ဆိုတာ အထက်ပါအချက်နဲ့ ချိန်ထိုးတွက်ဆကြည့်နိုင်ပါတယ်။ ကုလသမဂ္ဂ ဆုံးဖြတ်ချက်တွေကို ချမှတ်နိုင်ဖို့ ကြိုးစား တာမရခဲ့ပေမယ့်လည်း အမေရိကန်အစိုးရ ဟာ စစ်ရေးနည်းနဲ့ ဖြေရှင်းဖို့ ဆုံးဖြတ်ခဲ့တဲ့ အချိန်မှာ ကမ္ဘာကြီးကိုပေးထားတဲ့ အမေရိက ရဲ့ လက်ဆောင်တခုလို့ဆိုရမယ့် အများ သဘောတူမှ လုပ်ဆောင်ပိုင်ခွင့်ဆိုတဲ့ သဘော ထားကို သူကိုယ်တိုင် ဖောက်ဖျက်သလိုဖြစ် သွားခဲ့ပါတယ်။

ဒီအတွက် ပေးဆပ်ရမယ့်တန်ဖိုးကို တွက်ချက်ဖို့ အတော့်ကိုခက်ပါတယ်။ ဒီကိစ္စက နေပြီး လူသားမျိုးနွယ်စုတွေရဲ့ သမိုင်းဖြစ်စဉ် ကြီးကို မထိခိုက်ပါစေနဲ့လို့ ဆုတောင်းကြရ မလိုဖြစ်နေပါတယ်။ကမ္ဘာကြီးတခုလုံး လိုက်နာ ကျင့်သုံးနေတဲ့ စည်းမဲ့ကမ်းမဲ့ အင်အားသုံး ဖြေရှင်းတာကို တရားဝင်မှု မရှိဘူးဆိုတာ ဆက်လက်ဖြစ်ထွန်းနိုင်ပါတယ်။ ဒါပေမယ့် အခြားနိုင်ငံတွေက သူတို့ရဲ့ ရေတိုအကျိုး စီးပွားအတွက်လုပ်ဆောင်ဖို့ ကြိုးစားဆောင် ရွက်မှုတွေဟာ အခုပုံစံမျိုးအတုခိုး အသုံးချ ပြုလုပ်လာနိုင်ဖို့ အမေရိကန်အစိုးရကိုယ်တိုင် ရှေ့ဆောင်ပြုလုပ်ပြလိုက်တဲ့ အားနည်းချက် ဆိုတာ သဘောပေါက်လက်ခံဖို့ လိုအပ်ပါ တယ်။

ကမ္ဘာကြီးရဲ့ စာနာထောက်ခံမှုကို ပြန် လည်ရရှိဖို့အတွက်ဆိုရင် အမေရိကအနေနဲ့ သူကိုယ်တိုင် နားလည်လက်ခံထားပြီး ကမ္ဘာကြီး အတွက်ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်း တွေအတိုင်း လိုက်ပါပြုမူလုပ်ဆောင်နိုင်ဖို့ စွမ်းဆောင်ကြိုးပမ်းရပါမယ်။ နိုင်ငံတကာ ဥပဒေတွေကို တိုးမြှင့်လေးစားလိုက်နာဖို့ ကြိုးစားရင်း ဒုတိယကမ္ဘာစစ်ကြီးပြီးစ အချိန် ကလို အမေရိကအနေနဲ့ တပ်ဦးကနေပြီး နောက်ထပ်တကြိမ်ဆောင်ရွက်ဖို့ အခွင့်အလမ်း တွေရှိနေပါတယ်၊ အမေရိကဆိုတာ တည်ငြိမ်ပြီး တိုးတက်ဖွံ့ဖြိုးနေတဲ့ ကမ္ဘာ့အစီအစဉ်ထဲမှာ ရှိနေတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ နိုင်ငံတကာ ဥပဒေစည်းမျဉ်းတွေအတွက် ကွန်ယက်တခုကို ဖန်တီးပုံဖော်ရင်း ဒါဟာ အမေရိကန်အမျိုးသား အကျိုးစီးပွား အတွက်ရော ကမ္ဘာလုံးဆိုင်ရာ အကျိုးစီးပွား အတွက်ပါ အလုံးစုံအကျိုးပြုနိုင်မှသာ ဒီဥပဒေ တွေဟာ ခိုင်မာအသက်ဝင်လာမှာ ဖြစ်ပါ တယ်။ အမေရိကန်ခေါင်းဆောင်မှုဟာ

■ အမေရိကန် လူ့အဖွဲ့အစည်းဆိုတာ ခြောက်ပစ်ကင်းသဲလဲ စင်အကြွင်းမဲ့ ပြည့်စုံနေတာတော့ မဟုတ်ပါဘူး။ ချို့ယွင်း အားနည်းချက်တွေ အများကြီးရှိပါတယ်။ ဒါပေမယ့်လည်း အနီးကပ်ဆုံးပြည့်စုံတဲ့ လူမှုအဖွဲ့အစည်းကတော့ အမေရိက ရယ်လို့ လူအများက ယုံကြည်နေကြပါတယ်။ အများစုကြီး ထိုက်ထိုက်တန်တန်နဲ့ ရယူခံစားရမယ့် တန်ဖိုးဆိုတာ အခြားနိုင်ငံ သားတွေဟာလည်း သူတို့နဲ့အတူ တန်းတူတန်ဖိုးရှိတယ်ဆိုတဲ့ အကြောင်း အမေရိကန်နိုင်ငံသားတွေက လက်ခံယုံကြည်မှုအပေါ် မူတည်ပါတယ်။ မွေးဖွားတဲ့နေရာ၊ ချမ်းသာကြွယ်ဝမှု နောက်ပြီး အခြေအနေတွေကို ခဝါချထားရပါမယ်။ အမေရိကန်နိုင်ငံသား တွေရဲ့တသီးပုဂ္ဂလဆိုင်ရာ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ဆိုတာ ကျေနပ်စရာကောင်းပါတယ်။ ဆက်လက်ထိန်းသိမ်းရပါမယ်။ ဒါကို နေရာတကာမှာ မြင်တွေ့ရမှာပါ။■

ဒီနယ်ပယ်မှာ တဖန်ပြန်ပြီး ကမ္ဘာကြီးရဲ့ စာနာထောက်ခံမှုတွေကို ရရှိလာနိုင်ပါတယ်။

၄။ အကောင်းဆုံး လူမှုအဖွဲ့အစည်းကို ဆက်လက်တည်ဆောက်ရေးဆိုတဲ့ အမေရိက အတွက် စတုတ္ထမြောက် မဟာဗျူဟာမြောက် ဆုံးဖြတ်ချက်ကတော့ အင်မတန်မှ ရိုးစင်း လွယ်ကူလွန်းလှတယ်လို့ ဆိုနိုင်ပါတယ်။ ဒါ ကတော့ သမိုင်းမှာ အမြဲမြင်တွေ့ခဲ့ရတဲ့ အကောင်းဆုံးလူမှုအဖွဲ့အစည်းကို ဆက်လက် တည်ဆောက်ဖို့ ဖြစ်ပါတယ်။ အမေရိကန် လူ့အဖွဲ့အစည်းဆိုတာ ခြောက်ပစ်ကင်း သဲလဲ စင်အကြွင်းမဲ့ ပြည့်စုံနေတာတော့ မဟုတ်ပါ ဘူး။ ချို့ယွင်းအားနည်းချက်တွေ အများ ကြီးရှိပါတယ်။ ဒါပေမယ့်လည်း အနီးကပ်ဆုံး ပြည့်စုံတဲ့ လူမှုအဖွဲ့အစည်းကတော့ အမေ ရိကရယ်လို့ လူအများက ယုံကြည်နေကြပါ တယ်။ အများစုကြီး ထိုက်ထိုက်တန်တန်နဲ့ ရယူခံစားရမယ့်တန်ဖိုးဆိုတာ အခြားနိုင်ငံသား တွေဟာလည်း သူတို့နဲ့အတူ တန်းတူတန်ဖိုး ရှိတယ်ဆိုတဲ့အကြောင်း အမေရိကန် နိုင်ငံသား တွေက လက်ခံယုံကြည်မှုအပေါ် မူတည်ပါ တယ်။ မွေးဖွားတဲ့နေရာ၊ ချမ်းသာကြွယ်ဝမှု နောက်ပြီး အခြေအနေတွေကို ခဝါချထားရ ပါမယ်။ အမေရိကန်နိုင်ငံသားတွေရဲ့ တသီး ပုဂ္ဂလဆိုင်ရာ ကိုယ့်ကိုယ်ကို ယုံကြည်စိတ် ဆိုတာ ကျေနပ်စရာကောင်းပါတယ်။ ဆက်လက်ထိန်းသိမ်းရပါမယ်။ ဒါကို နေရာ တကာမှာ မြင်တွေ့ရမှာပါ။

အကယ်၍ အမေရိကန်တွေရဲ့ အိပ်မက် ပျောက်ဆုံးခဲ့မယ်ဆိုရင်တော့ ကမ္ဘာကြီးကို အမှောင်တိုက်ထဲ တွန်းပို့သလို ဖြစ်သွားနိုင်ပါ တယ်။ ဘယ်လိုဘဲဆိုဆို လူမှုအဖွဲ့အစည်းတွေ အားလုံးဟာ အတိတ်ရဲ့ အကျဉ်းသားတွေဖြစ် ကြပါတယ်။ ရှေ့ကို တိုးတက်အောင်ဆောင် ရွက်ဖို့ဆိုရင် လူ့အဖွဲ့အစည်းတိုင်းမှာရှိရမယ့် အရည်အချင်းကတော့ အသက်မရှိတဲ့ အတိတ်ရဲ့နှောင်ကြိုးထဲက လွတ်မြောက် အောင်လုပ်နိုင်တဲ့ အရည်အချင်းပေါ်မှာ မူတည်ပါတယ်။ အာရှလူ့အဖွဲ့အစည်းဆိုတာ အင်မတန်ရှည်လျားပြီး တကယ့်ကြီးကျယ်တဲ့ သမိုင်းတွေနဲ့ သိဒ္ဓိတင်ခံထားရတာပါ။ ဒါပေမယ့် ဒီလို ရှည်လျားလွန်းလှတဲ့ သမိုင်း တွေက အနာဂတ်ကို ပွေ့ဖက်ဖို့အတွက် အဟန့်အတားတွေလို ဖြစ်နေပါတယ်။ အာရှသားတော်တော်များများဟာ သူတို့ရဲ့ ကိုယ်ပိုင် လူမှုအဖွဲ့အစည်းတွေကို ထွက် ခွာခဲ့ကြပြီး အမေရိကမှာ သွားရောက် နေထိုင်ခဲ့ကြပါတယ်။ အဲဒီမှာ သူတို့အတွက် ပုဂ္ဂလပိုင်းဆိုင်ရာ အခါအခွင့်ကောင်း ပိုတန် ရှယ်ကို စတင်သတိပြုမိခဲ့ကြပါတယ်။

အမေရိကကို ဒါကြောင့်မို့ အင်မတန် ထူးခြားတဲ့ လူ့အဖွဲ့အစည်းတခုလို့ ဆိုလိုတာ ဖြစ်ပါတယ်။ မကြာမီကထိ အမေရိကဆိုတာ လူသားမျိုးနွယ်စုတွေအားလုံးအတွက် အနာဂတ်ကို လမ်းညွှန်ပြသနေတဲ့ အင်မတန် အင်အား ကြီးမားတဲ့ မီးပြတိုက်ကြီးတခုလို စွမ်းဆောင် နိုင်ခဲ့ပါတယ်။ ဒီကိစ္စဟာ တကယ့်အနှစ်ပါ။ တကယ့် မစ်ရှင်ဖြစ်ပါတယ်။ ဒါကတော့ သူ့ရဲ့ ရင်ထဲ၊ အသည်းထဲက အမှန်ကိုထိန်းသိမ်းထား ဖို့နဲ့ သာမန်ထက်ကြီးကျယ်တဲ့ လူမှုအဖွဲ့အစည်း တခုတည်ရှိနေဖို့ဆိုတာပါဘဲ။ အချိန်ကာလ တခုမှာတော့ လူသားမျိုးနွယ်တွေအားလုံးက အမေရိကန်လူမှုအဖွဲ့အစည်းရဲ့ အကောင်းဆုံး ပုံစံတွေကို အတုယူပြိုင်ဆိုင်လာကြမှာပါ။ အမေရိကရဲ့ လုပ်ဆောင်ချက်တွေဟာ နောင်လာမယ့် နှစ်ပေါင်းရာကျော် ကာလတွေ အထိဖြစ်ဖို့ဆိုရင်တော့ အားလုံးဟာ တောက်နေတဲ့ မီးတိုင်ကို ဝိုင်းဝန်းဖေးမထား ဖို့လိုပါတယ်။ ဒါကို တကယ်လုပ်မယ်ဆိုရင် တော့ (၂၁)ရာစုအဆုံးမှာ လူသားတွေအား လုံးရဲ့ ချီးကျူးထောပနာပြုမဲ့ လက်ခုပ်သံ တွေနဲ့ ကျေးဇူးတင်မှုတွေကို ရရှိပါလိမ့်မယ်။

မှတ်ချက်။ ။ အချို့နေရာများတွင် နိုင်ငံ ကို အမေရိကလို့ရေးပြီး လူမျိုးကို အမေရိ ကန်လို့ ကိုယ်စားပြုပြီး ဖတ်စေချင်ပါတယ်။

[၂၀၀၅ခုနှစ် ဇန်နဝါရီလ (၂)ရက်– ၀၀း၂၅ နာရီ]

❖

# နာလန်ထအောင် ကြိုးပမ်းနေရတဲ့

# အမေရိက

သံဒိုင်း ၉၈

**စာမျက်နှာ (၈) ဆောင်းပါးမှ ...**

ရေးမှ ငြိမ်းချမ်းရေးသဘောတူချက် ပျက် ပြားသွားနိုင်သည်ဟု ခြိမ်းခြောက်သည်ကို မြို့ပေါ်ရောက် အဖွဲ့ဝင်များ (ဒုဥက္ကဋ္ဌမှ အစ) အားလုံး အခြေခံဒေသသို့ ပြန်လည်ဆင်းပြီး စစ်ရေးပြင်ဆင်သည်ကို ကြည့်ခြင်းဖြင့် သိနိုင် သည်။

ရွေးချယ်သင့်သောလမ်း ဘယ်လိုလမ်းလဲ။

ယခု ၂၀၀၅ ခုနှစ်အတွင်း အပစ်အခတ် ရပ်စဲရေးအဖွဲ့များသည် လက်နက်အပြီးအပ် ခိုင်းသည့်အခြေအနေကို ရင်ဆိုင်နေကြရပြန် သည်။ စစ်အုပ်စုအနေဖြင့် စစ်မှန်သော ငြိမ်း ချမ်းရေးကို အမှန်တကယ်မယုံကြည်ပဲ ကမ္ဘာ့ အလယ် မျက်နှာပန်းလှရန် ပြင်ဆင်ပြသည့် ငြိမ်းချမ်းရေး သဘောတူချက်များအား အလေးမထားသည်ကို အထင်အရှားတွေ့မြင် နိုင်သည်။ ကယန်းအပစ်အခတ်ရပ်စဲရေးအဖွဲ့ အနေဖြင့် စစ်မှန်သော ပြည်သူ့အစိုးရတရပ် ပေါ်ပေါက်လာလျှင် လက်နက်စွန့်လွှတ်မည်ဟု ကယန်းလက်နက်ကိုင်တော်လှန်ရေး (၃၃) နှစ်မြောက်အခမ်းအနားတွင် ဥက္ကဋ္ဌ ငိန်းက ယန်းထန်မှ ပြောကြားခဲ့သည်။

ဒေသနယ်လေးခုအတွင်း ဖရုံသီးလေး စိတ်ကွဲလို ခွဲခြားထည့်သွင်းခြင်းခံထားရသော ကယန်းလူမျိုးများသည် ယနေ့ကာလ၌ တခုတည်းသော ကယန်းအမျိုးသားအလံ တော်အောက်တွင် ကယန်းပြည်သစ်ပါတီ၊ ကယန်းပြည်သစ်တပ်မတော်နှင့်အတူ စည်း လုံးညီညွတ်စွာ တည်ရှိနေပြီဖြစ်သည်။ ခေတ် အဆက်ဆက် ကယန်းအမျိုးသား တော်လှန် ရေးခေါင်းဆောင်များဖြစ်သည့် ကလိုင်းဖား ရီး၊ အိုက်သထောင်၊ သိုင်းဘဟန်တို့ကဲ့သို့ပင် ယနေ့ကာလ၌ ကယန်းအမျိုးသားခေါင်း ဆောင်ကြီး ငိန်းကယန်းထန်၏ ဦးဆောင်မှု အောက်ဝယ် ကယန်းအမျိုးသားထု တရပ်လုံး စုစည်းနိုင်ခဲ့ကြပြီ။

အခြားလက်နက်ကိုင် အပစ်အခတ်ရပ်စဲ ရေးအင်အားစုများနည်းတူ နအဖ၏ လက် နက်ဖြုတ်ရေး အတင်းအကျပ် ဖိအားပေးမှုကို ကယန်းပြည်သစ်ပါတီအနေဖြင့် ရင်ဆိုင်နေ ရပြီဖြစ်သည်။

သမိုင်းအစဉ်အဆက် တော်လှန်ရေး အစဉ်အလာရှိခဲ့သော ကယန်းပြည်သစ်ပါတီ နှင့် ကယန်းလူထုအနေဖြင့် ဘယ်လမ်းကို ရွေးမည်နည်း။ လမ်းခွဲတခုသို့ ရောက်ချေပြီ။

❖

**မျက်နှာဖုံးသဝဏ်လွှာပေးပို့ခြင်း သတင်းမှ**

တိုက်တွန်းထားသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်များ အနက် တဦးတည်းသော အကျဉ်းချခံရသူ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင် ဆန်းစုကြည်သည် လွန်ခဲ့သော (၁၆)နှစ်တာ၏ (၁၀)နှစ်နီးပါးအချိန်ကို နေအိမ်အကျယ်ချုပ် ကျခံခဲ့ရပြီး၊ လွန်ခဲ့သော (၂)နှစ်ကျော်၊ အထက် မြန်မာပြည် စည်းရုံးရေးခရီးစဉ်အတွင်း အကြမ်းဖက်တိုက်ခိုက်ခံရပြီးကတည်းက အာဏာပိုင်များသည် အသက်ဘေးမှလွတ် မြောက်ခဲ့သောသူမအား နေအိမ်အကျယ်ချုပ် ဖြင့် သတ္တမအကြိမ် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

❖

## SAW လူမှုရေးအသင်းတည်ထောင်ခြင်း (၅) နှစ်ပြည့် အခမ်းအနားကျင်းပ

အမျိုးသမီးဆိုင်ရာ လူမှုရေးအထောက်အကူပြုအဖွဲ့ (Social Action for Women) တည်ထောင်ခြင်း (၅)နှစ်ပြည့်နှင့် ကျောင်းဖွင့်ပွဲအခမ်းအနားကို ဇွန်လ (၂၅)ရက်နေ့ နံနက်က ထိုင်းမြန်မာ နယ်စပ်တနေရာတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် (SAW)အဖွဲ့၏ ဒါရိုက်တာ ဒေါ်အေးအေးမာက မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ချွတ်ခြုံကျနေမှုများကြောင့် ထိုင်းနိုင်ငံဘက်သို့ရွှေ့ပြောင်းလာသူ အမျိုးသမီးများ တနေ့တခြား များပြားလာသည်နှင့်အမျှ ဒုက္ခရောက်၍ (SAW)အဖွဲ့ထံ အကူအညီတောင်းလာသောအမျိုးသမီးများ၊ မိဘမဲ့ကလေးများ တိုးများလာနေကြောင်း ပြောကြားသွားသည်။

"ကျမတို့ဆီမှာ မိဘမဲ့ချည်းမဟုတ်ဘူး၊ တချို့ဆိုရင်ကလေးကို ခဏဆိုပြီးထားခဲ့တာ ပြန်လာမယူတော့ဘူး။ အမေတွေ ဘယ်တော့ ခေါ်မလဲဆိုပြီး စောင့်နေတဲ့ ကလေးငယ်တွေ ရှိနေတယ်။ သူတို့ကို (၂)နှစ် (၃)နှစ်ကြာ သွားတဲ့အထိ မိဘတွေက ပြန်လာမခေါ်တော့ဘူး။ သူတို့မိဘတွေလည်း ဘယ်ကိုရောက်နေမှန်း မသိဘူး"ဟု ဒေါ်အေးအေးမာက ဆိုသည်။

(SAW) အဖွဲ့၏ အမျိုးသမီးတာဝန်ခံ ဒေါ်မေကြည်က အဖွဲ့သို့ အကူအညီတောင်းခံလာသူအများစုမှာ စက်ရုံအလုပ်သမများဖြစ်ပြီး၊ အချို့မှာ ကိုယ်ဝန်ဖျက်ချပြီးနောက် ကျန်းမာရေးမကောင်း၍ အလုပ်လုပ်မလုပ်နိုင်သဖြင့် စက်ရုံများက နေခွင့်မပေးသောကြောင့် အဖွဲ့ထံသို့ အကူအညီတောင်းခံခဲ့ကြောင်း၊ ပြီးခဲ့သည့် မေလနှင့် ဇွန်လတွင် စက်ရုံအလုပ်သမ (၂၈)ဦး (SAW) သို့ လာရောက်နေထိုင်ခဲ့ကြောင်း၊ အဖွဲ့သည်ယခုအချိန်အထိ အေ့ဒ်စ်ရောဂါရှိသူ အမျိုးသမီးများ (၄)ဦးနှင့်ကလေး (၂)ဦးကို စောင့်ရှောက်ထားကြောင်း ပြောကြားသွားသည်။

(SAW)လူမှုရေးအဖွဲ့ကို ဒုက္ခရောက်၍ အကူအညီမဲ့နေသော အမျိုးသမီးများ၊ အေ့ဒ်စ်ရောဂါရှင် အမျိုးသမီးများနှင့် အကြောင်းအမျိုးမျိုးကြောင့် မိဘစွန့်ပစ်သွားသော (၃) နှစ်အောက်ကလေးများကို စောင့်ရှောက်ရန် ရှယ်ရှယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ❖

## ဒီကေဘီအေ၏ စီးပွားရေးလုပ်ငန်းများ ဖိအားပေးခံနေရ

ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာ ဒီကေဘီအေကုန်သည်များကို နအဖက စစ်ဆေးဖမ်းဆီးမှုများပြုလုပ်နေသဖြင့် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ ရပ်ဆိုင်းနေပြီး ဒီကေဘီအေတပ်များ အကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ဒီကေဘီအေ၏ စီးပွားရေးလုပ်ငန်းဖြစ်သော မြဝတီမှရန်ကုန်သို့ ကုန်ပစ္စည်းနှင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများတွင် နအဖက ယခုကဲ့သို့ ထိန်းချုပ်လိုက်ခြင်းသည် ဒီကေဘီအေတပ်၏ ရန်ပုံငွေရှာဖွေရေးတွင် ကတောက်ကဆဖြစ်စေပြီး ရေရှည်တွင် အခက်အခဲရှိလာနိုင်ကြောင်း ဒီကေဘီအေတာဝန်ရှိသူကို ကိုးကား၍ ဘီဘီစီကဆိုသည်။

ဒီကေဘီအေတပ်သည် (၁၉၉၅)ခုနှစ်တွင် ကေအဲန်ယူမှခွဲထွက်၍ နအဖနှင့်အပစ်အခတ်ရပ်စဲသည့်အချိန်မှစ၍ မြဝတီဘက်အခြမ်း နယ်စပ်ကုန်သွယ်ရေးတွင် ကုန်စည်နှင့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းကို နှစ်အတန်ကြာလုပ်ကိုင်နေခဲ့သော်လည်း ဗိုလ်ချုပ်ကြီးခင်ညွန့် ရာထူးမှဖြုတ်ချခံရပြီးကတည်းက တခြားငြိမ်းအဖွဲ့များနည်းတူ ဒီကေဘီအေ၏ လုပ်ပိုင်ခွင့် များလည်း တဖြည်းဖြည်းလျော့နည်းလာကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ ❖

နောက်ကျောဖုံးသတင်းမှ ...

ဆောင်ရန်ခက်ခဲသည့်အကြောင်းများကို တင်ပြခဲ့သည်။

နအဖသည် နိုင်ငံတွင်းရှိ သယံဇာတများ၊ သဘာဝရင်းမြစ်များကိုအသုံးပြု၍ ကမ္ဘာ့အင်အားကြီးနိုင်ငံစာရင်းဝင်၊ ကုလသမဂ္ဂထဲတွင်လည်း ဗီတိုအာဏာ ပိုင်ဆိုင်ထားသော အိမ်နီးချင်းတရုတ်နိုင်ငံကို တရုတ်ရဲ့ထောက်ခံမှုကို အရယူထားနိုင်ခြင်း၊ ကိုးကိုးကျွန်းကို တရုတ်ရေဒါစခန်း ဖွင့်ခြင်းပေးလိုက်ခြင်းက မြန်မာနိုင်ငံကို တရုတ်သြဇာခံဖြစ်လာမည်ကို စိုးရိမ်နေသောအိန္ဒိယအတွက် စစ်ရေးအမြင်အရ စဉ်းစားစရာဖြစ်လာပြီး အိန္ဒိယအစိုးရ၏ မြန်မာ့ဒီမိုကရေစီအရေးကို ထောက်ခံနေသောပေါ်လစီကို ပြောင်းပစ်လိုက်နိုင်ခဲ့ခြင်း၊ အိမ်နီးချင်းနိုင်ငံများကလည်း နအဖကို အာဆီယံအဖွဲ့ဝင်ခွင့်ပေးခဲ့ခြင်း စသည့်အခြေအနေအထိ ဖြစ်လာခဲ့ကြောင်း၊ လက်ရှိအခြေအနေတွင် မြောက်ကိုးရီးယားအရေးနှင့် ပတ်သက်၍ တရုတ်အကူအညီလိုအပ်နေသော အမေရိကန်သည် မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ သူတို့၏လုပ်နိုင်စွမ်းကို အပြည့်အဝ အသုံးချနေခြင်းမဟုတ်ဘဲ ဂုဏ်သိက္ခာနှင့် ကွန်ဂရက်၏ တိုက်တွန်းမှုများကြောင့် ရှေ့နေရတဲ့ သဘောလောက်သာဖြစ်ကြောင်း၊ အီးယူအဖွဲ့ဝင်နိုင်ငံတချို့ကလည်း (အထူးသဖြင့် ဂျာမနီနှင့်ပြင်သစ်)တို့သည့် အခြားစံများထက် စီးပွားရေးအကျိုးအမြတ်ရယူရန် ပိုအဓိကထားသည့်အတွက် အီးယူအနေဖြင့်လည်း ရှေ့ဆက်တိုးရန် ခက်နေကြောင်း၊ အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားရှေ့တန်းတင်ရေး ပေါ်လစီများသည် လက်ရှိစစ်ခေါင်းဆောင်များကို အသက်ရှူချောင်စေပြီး လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအတွက်တော့ အကာ အကွယ်မဲ့နေရကြောင်း၊ လက်တွေ့အရေးယူဆောင်ရွက်မှုများမပါသ၍ ထိရောက်သည့် ပံ့ပိုးမှုများကို ပေးနိုင်လိမ့်မည်မဟုတ်ကြောင်း စသည့်အချက်များကို ဆွေးနွေးခဲ့သည်။

ညီလာခံအပြီးတွင် ညီလာခံ၏ နောက်ဆက်တွဲအဖြစ် ဝါရှင်တန်ဒီစီတွင် လွှတ်တော်အမတ်ဖြစ်သော Congressman Obaba, John Maccine, Joe Biden နှင့် တွေ့ဆုံဆွေးနွေးရာတွင် ကိုဘိုကြည်က မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့မှုသက်တမ်း ထပ်မံတိုးမြှင့်ရေးနှင့် လက်ရှိအစိုးရအနေဖြင့် ဒီမိုကရေစီနှင့် လွတ်လပ်မှုဥပဒေကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံခဲ့ပြီး၊ တရုပ်၊ အိန္ဒိယနှင့် အာဆီယံပေါ်လစီများ ပြောင်းလဲလာရန်မှာ အရေးကြီးသည့်အတွက် အမေရိကန်အစိုးရအနေနှင့်ထိုကိစ္စကိုပါ ဦးစားပေးလုပ်ဆောင်သင့်ကြောင်း ထောက်ပြခဲ့ကြောင်းသိရှိရသည်။

## ၂၀၀၅ ခုနှစ်အတွက် နိုဗယ်လ်ငြိမ်းချမ်းရေးဆုအမည်စာရင်းတွင် မြန်မာတိုင်းရင်းသူ (၄)ဦးပါဝင်

၂၀၀၅ ခုနှစ်အတွက် နိုဗယ်လ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ရန် အမည်စာရင်ပေးသွင်းခံရသူကမ္ဘာတလွှားမှ အမျိုးသမီးများစာရင်းတွင် မြန်မာတိုင်းရင်းသူအမျိုးသမီး (၄) ဦးလည်း ပါဝင်ကြောင်းသိရှိရသည်။

ကမ္ဘာတလွှားမှ အမျိုးသမီး (၁၀၀၀) ကျော်ကိုစာရင်းပြုစုခဲ့သော ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ငြိမ်းချမ်းရေးဖောင်ဒေးရှင်းအဖွဲ့၏ ဇွန်လ (၂၉)ရက်နေ့ ကြေညာချက်တွင် အမျိုးသမီးများအား ယခုကဲ့သို့ ငြိမ်းချမ်းရေးဆုပေးရန်ပြုလုပ်ခြင်းသည် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် အမျိုးသမီးများကို အာရုံစိုက်လာရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

ဆွစ်ဆုပေးအဖွဲ့၏ အမည်စာရင်းတွင် မဲခေါင်မြစ်ဝှမ်းဒေသမှ အများအကျိုးအတွက် ထူးထူးခြားခြားစွမ်းဆောင်ကြိုးပမ်းနေသူ အမျိုးသမီး(၄၃)ဦးပါဝင်ပြီး၊ မြန်မာအမျိုးသမီးများထဲမှ ထိုင်းမြန်မာနယ်စပ် မယ်တော်ဆေးခန်းကို စတင်တည်ထောင်ခဲ့သူ ဒေါက်တာစင်သီယာမောင်၊ လူ့အခွင့်အရေးအတွက် ငြိမ်းချမ်းစွာတိုက်ပွဲဝင်နေသူ ရှမ်းတိုင်းရင်းသူနန်းချန်သောင်၊ ကရင်အမျိုးသမီးအဖွဲ့မှ နော်စီဖိုးဒါနှင့် မြန်မာဒုက္ခသည်များကို ကူညီစောင့်ရှောက်နေသူ ပေါလုလုတို့လည်း ပါဝင်ကြောင်းသိရှိရသည်။

ထိုင်းမြန်မာနယ်စပ်တွင်ရှိ မြန်မာများနှင့် ဒေသခံများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို နှစ်အတန်ကြာအောင် စေတနာဝန်ထမ်းအဖြစ် ဆောင်ရွက်နေသူ ဒေါက်တာစင်သီယာမောင်က "ကျမအနေနဲ့တော့ ဒီလို အမျိုးသမီး (၁၀၀၀)ကို ရွေးချယ်တယ်ဆိုတဲ့အစဉ်မှာလည်း ဒါ တဦးတယောက်ကိုရည်ညွှန်းတာမဟုတ်ဘဲနဲ ကမ္ဘာအရပ်ရပ်မှာ ငြိမ်းချမ်းရေး၊ လွတ်လပ်ရေး၊ တရားမျှတရေးကို တိုက်ပွဲဝင်နေတဲ့ အမျိုးသမီးအားလုံးကို ချီးကျူးဂုဏ်ပြုတဲ့အနေနဲ့ ဖြစ်တာကြောင့် အမျိုးသမီးအားလုံးနဲ့ ပတ်သက်တယ်။ တိုက်ပွဲဝင်နေတဲ့ အမျိုးသမီးတွေအားလုံးကို အားပေးရာရောက်တယ်ဆိုပြီး ဝမ်းသာအားရ ဖြစ်မိခဲ့ပါတယ်။ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးကိုဆောင်ရွက်နေကြတဲ့ အမျိုးသမီးများအားလုံးကိုလည်း ကျမတို့ ဆက်လက်ဆောင်ရွက်ဖို့ စွမ်အားတွေ စွမ်းအင်တွေကို တိုးမြှင့်ပေးတာဖြစ်ပါတယ်။"ဟု ပြောကြားသွားသည်ဟု ဒီဗွီဘီသတင်းကဆိုသည်။



ဒေါက်တာ စင်သီယာမောင်

ဒေါက်တာစင်သီယာမောင်သည် ၂၀၀၃ ခုနှစ်တွင် တိုင်းမ်မဂ္ဂဇင်းမှ ချီးမြှင့်သော အာရှ သူရဲကောင်းဆု၊ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်နိုင်ငံအခြေစိုက် Maric Claire အမျိုးသမီးပေါ်ပြူလာမဂ္ဂဇင်းမှပေးအပ်သော ကမ္ဘာ့စံပြအမျိုးသမီး (၁၀) ဦး (10 Women of the World)ဆု၊ ထိုင်ဝမ်အခြေစိုက် လူမှုရေးအဖွဲ့အစည်းတခုဖြစ်သည် Chou Da Guen Foundation အဖွဲ့မှပေးအပ်သော ၂၀၀၄ခုနှစ်အတွက် (Love Life Award )အပါအဝင် နိုင်ငံတကာမှ ပေးအပ်သောဆု (၇)ဆုကို ရရှိထားသူဖြစ်သည်။

ဒေါက်တာစင်သီယာမောင်သည် ရှစ်လေးလုံးအရေးအခင်းကြီး ဖြစ်ပွားပြီးကတည်းက ထိုင်းနိုင်ငံသို့ထွက်ခွာလာခဲ့သူဖြစ်ပြီး နောက်ပိုင်းတွင် မဲဆောက်မြို့လေး၌ ဆေးခန်းငယ်တခု ဖွင့်လှစ်ခဲ့သည်။

ယခုအခါ "ဒေါက်တာစင်သီယာမောင်၏မယ်တော်ဆေးခန်း"အဖြစ် နိုင်ငံတကာက အသိအမှတ်ပြုလာရသော အဆိုပါ ဆေးခန်းသည် မဲဆောက်မြို့ရှိ မြန်မာအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တခုတည်းသော မှီခိုအားထားရာလည်းဖြစ်သည်။

❖

## ဝမ်းနည်းကြေကွဲခြင်း
## ရဲဘော်ထက်မိုး (၁၉၆၀– ၂၀၀၅)



မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး စည်းရုံးရေးဌာန တာဝန်ခံ၊ ဗဟိုကော်မတီဝင် ရဲဘော်ထက်မိုးသည် သက္ကရာဇ် ၂၀၀၅ခုနှစ်၊ ဇွန်လ (၁၆)ရက်နေ့ ကြာသာပတေး၌ နှလုံးရောဂါဖြင့် ကွယ်လွန်ကျဆုံးခဲ့ရသည်။

ရဲဘော်ထက်မိုးသည် ကျောင်းသားတိုက်ပွဲ၊ ထောင်တိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲအတွက် စွမ်းစွမ်းတမန်ဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။ တော်လှန်ရေးသမားတဦးအဖြစ်သာမက၊ စာပေအနုပညာရှင်တဦးဖြစ်သူ ကဗျာဆရာ ရဲဘော်ထက်မိုး ကွယ်လွန်ဆုံးရှုံးရခြင်းသည် မိသားစုအတွက်သာမက မြန်မာပြည်သူအဖွဲ့အစည်းအတွက် အဖိုးတန်သားကောင်းရတနာ တပါး ဆုံးရှုံးကွယ်ပျောက်ခြင်းဟု ယူဆ၍ နှမြောတသဝမ်းနည်းကြေကွဲရပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**အယ်ဒီတာအဖွဲ့**
**မိုးကြိုးသတင်းစဉ်**

ဘဝ၏ ဂုဏ်ယူဖွယ် တေးသွား

"သံလွင်ကမ်းခြေမှာ
သဲသောင်ပြင်ကို လက်နဲ့ထိုးဆွ
သားကို ဆေးကုဖို့အတွက် ငွေ
အဖေ မရှာနိုင်တော့ဘူး
သားရေ"

တော်လှန်ရေးခရီးကြမ်းပေါ်ကလူ
သူဒီလို ကြေကွဲခဲ့ဖူးတယ်
ခုတော့....။

မြေကမ္ဘာရေ
သင့်ရင်ခွင်ထဲ
တိုက်ပွဲဝင် နှင်းဆီနီတပွင့်
ကြွေလွင့်ခဲ့ပြီ....။

ပန်းတိုင်းပွင့်မည့် ဥယျာဉ်သစ်မှာ
အဖိုးတန်မြေသြဇာအဖြစ်
စွဲနစ်သိုမှီးလိုက်ပါလေ။

ကမာပုလဲ

နိုင်ငံတကာ

# သတင်းတိုထွာ

## ဆူဒန်အရေးစိတ်မအေးသေး

[ဗွီအိုအေ]

ဆူဒန်နိုင်ငံအနောက်ပိုင်း ဒါဖောဒေသ၏အကြမ်းဖက်မှုသည် လူမျိုးတုံးသတ်ဖြတ်မှုဖြစ်ပြီး ဆူဒန်လူထုတရပ်လုံးအတွက် ငြိမ်းချမ်းရေးရအောင်ကူညီရန် အခိုင်အမာစိတ်ပိုင်းဖြတ်ထားကြောင်း သမတဘုရှ်က ပြောကြားလိုက်သည်။ ဆူဒန်အရေးတွင် အရေးကြီးဆုံးမှာ ပဋိပက္ခတွင်ပါဝင်သော ဘက်ပေါင်းစုံမှ သတ်ဖြတ်မှုများရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးသဘောတူညီချက်ရအောင် ဆွေးနွေးညှိနှိုင်းရန်ဖြစ်သည်ဟု သမတဘုရှ်က သူ၏ ဇွန်လ (၃၀) ရက်နေ့မိန့်ခွန်းတွင် ပြောကြားသွားသည်။ ရေတိုတွင် နောက်ထပ်တပ်သားများကို လိုအပ်မည်ဖြစ်ပြီး ဒါဖောဒေသတွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်သားဦးရေ သိသိသာသာ တိုးပေးရန်ကတိပြုသော အာဖရိကယူနီယံကို သမတက ချီးကျူးလိုက်သည်။ အမေရိကန်အတွက် အထိရောက်ဆုံးမဟာဗျူဟာမှာ သွေးထွက်သံယိုမှုရပ်ဆိုင်းအောင် အာဖရိကယူနီယံ၏ကြိုးပမ်းမှုကို ဆက်လက်ထောက်ခံသွားရန်ဖြစ်သည်ဟု သမတဘုရှ်ကဆိုသည်။ ❖

## ၁၉၇၉ အမေရိကန် သံရုံးစီးနင်းမှုတွင် အီရန် သမတသစ်ပါဝင်

[ဘီဘီစီ]

အီရန်သမတသစ် မာမွတ်အာမက်အီနဂျစ်သည် (၁၉၇၉) ခုနှစ် အစ္စလမ်တော်လှန်ရေးဖြစ်ပွားချိန်က အမေရိကန်သံရုံးစီးနင်းဝင်ရောက်သူများတွင် ပါဝင်ခဲ့သည်ဟူသော စွပ်စွဲချက်ကို အမေရိကန်အစိုးရ စစ်ဆေးလေ့လာလျက်ရှိသည်။ အစ္စလမ်တော်လှန်ရေးကာလ သံရုံးစီးနင်းမှုတွင် ဓားစာခံအဖြစ်ဖမ်းဆီးခံရသူ အမေရိကန်နိုင်ငံသား (၅၂) ဦးအနက် အချို့က အီရန်သမတသစ်ကို မှတ်မိနေကြသည်ဟု ဆိုသည်။ စီးနင်းမှုတွင်ပါဝင်သော အီရန်ကျောင်းသားအများအပြားက စွပ်စွဲချက်များကို ငြင်းဆန်လိုက်သည်။ ❖

## တရုတ်နှင့် ရုရှားဆက်ဆံရေးကောင်းမွန်လာ

[ဗွီအိုအေ]

တရုတ်နှင့်ရုရှား နှစ်နိုင်ငံဆက်ဆံရေးတွင် ထူးထူးခြားခြားတိုးတက်မှုရရှိပြီးဟု ရုရှသမတဗလာဒီမာပူတင်က ပြောကြားလိုက်သည်။ မစ္စတာပူတင်က မစ္စတာဟူဂျင်တောင်းကို မော်စကိုမြို့တွင် ဇွန်လ (၃၀) ရက်နေ့ကကြိုဆိုခဲ့ပြီး တရုတ်သမတ၏ခရီးစဉ်သည် နှစ်ဦးနှစ်ဖက်ဆက်ဆံရေးကို တွန်းအားအသစ်ဖြစ်စေမည်ဟု ပြောကြားလိုက်သည်။ မကြာခင်နှစ်များအတွင်း ရုရှနှင့် တရုတ်အစိုးရတို့အကြား နယ်စပ်အငြင်းပွားမှုများကိုဖြေရှင်းပြီး စီးပွားရေး၊ ယဉ်ကျေးမှုနှင့် စွမ်းအင်ကိစ္စရပ်များကို တိုးတက်အောင် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သမတဟူက ပြောဆိုသည်။ တရုတ်နှင့်ရုရှတို့ နှစ်ပေါင်းများစွာအတွင်း ပထမဆုံးစစ်ရေးလေ့ကျင့်မှုကို မကြာခင်ပြုလုပ်မည်ဟု သမတပူတင်က ပြောကြားသည်။ ရေနံလိုအပ်နေသော တရုတ်က အရှေ့အလယ်ပိုင်းဒေသ၏ ရေနံကိုသာ အားကိုးနေရသည့်ဘဝကလွတ်အောင် ရုရှားရေနံ ပိုက်လိုင်းဆောက်လုပ်ရန် တရုတ်သမတဟူက တိုက်တွန်းမည်ဟု မျှော်လင့်ရသည်။ ❖

## မိုက်ခရိုဆော့ဖ်ကုမ္ပဏီက ထိုင်းနိုင်ငံတွင် ဒေါ်လာ ၄.၅သန်း ရင်းနှီးမြှုပ်နှံမည်

[အေပီ]

ထိုင်းနိုင်ငံ၏ ပညာရေး၊ စီပွားရေး၊ နည်းပညာပိုင်းတွင် မိုက်ခရိုဆော့ဖ်ကုမ္ပဏီက အမေရိကန်ဒေါ်လာ ၄.၅သန်းကျော် ရင်းနှီးမြှုပ်နှံရန် အစီအစဉ်ရှိကြောင်း မိုက်ခရိုဆော့ဖ်ကော်ပိုရေးရှင်းဥက္ကဌ ဘီလ်ဂိတ်က ဇွန်လ (၁)ရက်နေ့တွင် ပြောဆိုလိုက်သည်၊ ထိုင်းနိုင်ငံသို့ ပထမဆုံး အလွတ်သဘော ခရီးစဉ်တွင် ဒီဂျစ်တယ်လ်နည်းပညာတိုးတက်အောင်ကြိုးပမ်းသော ထိုင်းအစိုးရကို မစ္စတာဂိတ်က ချီးကျူးလိုက်သည်။ ထိုင်းအစိုးရက ပြည်တွင်းဆော့ဖ်ဝဲလုပ်ငန်းနှင့် ပြည်ပတွင် ထိုင်းဝပ်ဆိုဒ်လုပ်ငန်းများတွင်ဆောင်ရွက်ရန် ရေရှည်စီမံကိန်းအဖြစ် Microsoft on Thailand. Net နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံတွင် အောင်မြင်ကြောင်းတွေ့ရသဖြင့် မိုက်ခရိုဆော့ဖ်က ယခုအခါ ကမ္ဘာ့နိုင်ငံ (၂၀)တွင် အလားတူအစီအစဉ်များ ပြုလုပ်လျက်ရှိသည်။ ဈေးသက်သာသောဆော့ဖ်ဝဲများ ရောင်းချခြင်းဖြင့် ထိုင်းနိုင်ငံတွင် ကြုံတွေ့ရသည့် ခိုးကူးမှုပြဿနာကို ပြေလည်သွားမည်ဟု အေပီသတင်းကဆိုသည်။ ❖

## အီရတ်စစ်ပွဲအတွင်း အမေရိကန်နှင့် ညွန့်ပေါင်းစစ်သား အကျအဆုံး

[စီအင်န်အင်န်]

၂၀၀၄ ခုနှစ်၊ ဇွန်လ (၂၈)ရက်နေ့ထိ ကျဆုံးသွားသော အမေရိကန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့များမှအတည်ပြုပြီးစစ်သားဦးရေမှာ စုစုပေါင်း (၁,၉၂၈)ဦး ရှိသွားပြီဖြစ်ပြီး ၎င်းတို့မှာ အမေရိကန်စစ်သား(၁,၇၄၁)၊ ဗြိတိသျှစစ်သား (၈၉)ဦး၊ ဘူဂေးရီးယားစစ်သား (၁၃)ဦး၊ ဒိန်းမတ်စစ်သား (၁)ဦး၊ ဒတ်ချ်စစ်သား (၂)ဦး၊ အက်စ်တိုနီးယားစစ်သား (၂)ဦး၊ ဟန်ဂေရီစစ်သား (၁)ဦး၊ အီတလီစစ်သား (၂၅)ဦး၊ ဂါဇက်စစ်သား (၁)ဦး၊ လတ်ဗီယန်းစစ်သား (၁)၊ ပိုလန်စစ်သား (၁၇)ဦး၊ ဆာဗေးဒိုးစစ်သား (၁)ဦး၊ ဆလိုဗက်စစ်သား (၃)ဦး၊ စပိန်စစ်သား (၁၁)ဦး၊ ထိုင်းစစ်သား (၂)ဦးနှင့် ယူကရိန်းစစ်သား (၁၈)ဦးတို့ ဖြစ်ကြသည်။ ပင်တဂွန်သတင်းဌာနအရ စစ်ပွဲအတွင်းဒဏ်ရာရရှိသော အမေရိကန်စစ်သားများမှာ (၁၃,၁၉၀)ဦးရှိပြီးဖြစ်သည်။ ❖

# တရုတ်၏ စစ်ရေးတိုးချဲ့မှုကို ထောက်လှမ်းထားသော အမေရိကန်အမျိုးသားထောက်လှမ်းရေးအဖွဲ့၏ အစီရင်ခံစာသစ်ထွက်လာ



လက်နက်အပြည့်အစုံတပ်ဆင်ထားသော တရုတ်တပ်မတော် စစ်ရေးပြနေစဉ်

[ဇွန်လ (၉)ရက်နေ့၊ ဝါရှင်တန်ပို့စ်။]

အမေရိကန် အမျိုးသားထောက်လှမ်းရေးအကြီးအကဲသစ်ထံ တင်သွင်းသည့် အဆင့်မြင့် ထောက်လှမ်းရေးအစီရင်ခံစာတွင် အမေရိကန် အမျိုးသားထောက်လှမ်းရေးသည်တရုတ်နိုင်ငံ၏ စစ်ရေးတိုးချဲ့မှုများကို စောင့်ကြည့်တင်သွင်းရန် ပျက်ကွက်ခဲ့သည်ဟု ဖော်ပြထားကြောင်း ဝါရင်တန်တိုင်း(မ်) သတင်းစာတွင် ရေးသားထားသည်။

အမေရိကန် အမျိုးသားထောက်လှမ်းရေးဌာနတွင်ယခင်နှင့် လက်ရှိတာဝန်ထမ်းဆောင်နေသည့် အရာရှိများစုပေါင်းပြုစုသော ယင်းအစီအရင်ခံစာတွင် အမေရိကန် ထောက်လှမ်းရေးသည် တရုတ်နိုင်ငံ၏ စစ်ဘက်တိုးချဲ့တပ်ဆင်မှု အနည်းဆုံး (၁၂) ခုကို အစီရင်ခံရန် ပျက်ကွက်ခဲ့သည်ဟုဆိုသည်။

ထိုအစီရင်ခံစာသည် သမတ ဘုရှ်အစိုးရအဖွဲ့က တရုတ်နိုင်ငံ၏ စစ်ရေးတိုးချဲ့တပ်ဆင်မှုများနှင့်ပတ်သက်၍ အပြစ်တင်နေသည့် အချိန်နှင့် အချိန်ကိုက်ထွက်ပေါ်လာခဲ့သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းဖဲလ်က စင်္ကာပူနိုင်ငံ၌ ရောက်ရှိစဉ်ကာလအတွင်း တရုတ်နိုင်ငံသည် စစ်ရေးအသုံးစရိတ်များကို ထိမ်ချန်ထားကြောင်းနှင့် တိုက်ချင်းပစ်ဒုံးပျံများကို တိုးချဲ့တည်ဆောက်နေကြောင်း စွပ်စွဲပြောဆိုခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်ကလည်း ယင်းကိစ္စနှင့်ပတ်သက်၍ စိုးရိမ်ကြောင်းထုတ်ဖော်ပြောဆိုခဲ့သည်။

စစ်ရေးလေ့လာသူများက အဆိုပါ အစီရင်စာသည် တရုတ်နိုင်ငံ၏ စစ်ရေးတိုးတက်လာမှုနှင့်ပတ်သက်၍ တိကျခိုင်မာသည့် သတင်းအချက်အလက်မရရှိနိုင်မှုနှင့် ကွန်မြူနစ်အစိုးရအတွင်း သူလျှိုများမြှုပ်နှံထားရှိနိုင်မှုအပေါ် ချဲ့ကားအပြစ်တင်ထားသည်ဟု ဆိုသည်။

တဖက်တွင်လည်း ပြီးခဲ့သော (၁၀) နှစ်အတွင်း တရုတ်နိုင်ငံ၏ စစ်ရေးတိုးတက်လာမှုအပေါ် ပေါ့ပေါ့တန်တန်၊ သဘောထားခဲ့ကြသည့် အမေရိကန် စစ်ရေးကျွမ်းကျင်သူနှင့် လေ့လာသူတို့အပေါ် အပြစ်လွှတ်ရာလွှတ်ကြောင်း ဖန်တီးရေးသားထားသည့် အစီရင်ခံစာသာဖြစ်သည်ဟုလည်း ဆိုကြသည်။

ထို့ကြောင့် "တရုတ်နိုင်ငံသည် လုံခြုံရေးအရ မည်သည့်အန္တရာယ်မှမရှိ" ဆိုသည့် သဘောထားအခိုင်အမာကွဲပြားနေသည့် စစ်ရေးကျွမ်းကျင်သူများလည်း အမေရိကန်ထောက်လှမ်းရေးဌာနအတွင်း ရှိနေကြောင်း ထိုအစီရင်ခံစာက ဖော်ပြနေပြီး ယင်းအခြေအနေများကြောင့် ယခင်အမေရိကန်ထောက်လှမ်းရေးစနစ်တခုလုံးကို ပြင်ဆင်ဖွဲ့စည်းမည့် အစီအစဉ်ကိုပင် ရပ်နားထားရတော့ မလိုဖြစ်နေသည်ဟု ဆိုသည်။

စစ်ရေးကျွမ်းကျင်သူတဦးက ယင်းအစီရင်ခံစာသည် တရုတ်နိုင်ငံ၏ စစ်ရေးတိုးချဲ့မှုများကို စောင့်ကြည့်လေ့လာကြသည့် အမေရိကန် စစ်ရေးကျွမ်းကျင်သူများအဖွဲ့က ယင်းတို့အစိုးရအပေါ် (၁၀) နှစ်တိုင်တိုင် လိမ်ညာလှည့်ဖြားနေခဲ့သည်ကိုတော့ ဖော်ထုတ်နိုင်ခဲ့သည်ဟု ဆိုသည်။

အဆိုပါအဖွဲ့၏ တရုတ်နိုင်ငံနှင့် အလိုက်သင့်ဆက်ဆံရေးမူဝါဒမှာ အလုပ်မဖြစ်ကြောင်းကို တရုတ်က အမေရိကန်ကို ၎င်း၏ အဓိကပြိုင်ဘက် (သို့မဟုတ်) ရန်သူအဖြစ် သတ်မှတ်နေခြင်းကိုပင် ယင်းကျွမ်းကျင်သူများအဖွဲ့က မသိရှိခဲ့ခြင်း (သို့မဟုတ်) ထိမ်ချန်ထားခဲ့ခြင်းက ဖော်ပြနေသည်။❖

# သဘောထားတင်းမာသော တီဟီရန်မြို့တော်ဝန် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရ

[ဇွန်လ (၂၅)ရက်၊ ဝါရှင်တန်တိုင်းမ်း။]

(၁၉၇၉) အီရန်တော်လှန်ရေးကို တိုင်တည်လေ့ရှိသူ အမေရိကန်ပြည်ထောင်စုနှင့် သင့်မြတ်စွာဆက်ဆံရေးအပေါ်တွင် သဘောထားတင်းမာသူ တီဟီရန်မြို့တော်ဝန် "မာမွတ်အာမက်အီနဂျစ်"သည် သောကြာနေ့ ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး "အစ္စလာမ်မစ်ပြည်သူ့သမတနိုင်ငံ"သမတအဖြစ် တခဲနက်ရွေးကောက်တင်မြှောက်ခံရသည်။

အာမက်အီနဂျစ်သည် ပြီးခဲ့သည့် သီတင်းပတ်အတွင်း ပထမအကြိမ်မဲပေးပွဲတွင် အနိုင်ရခဲ့ပြီး သက်တမ်းနှစ်ခုကြာ တာဝန်ထမ်းဆောင်ခဲ့သူ သမတဟောင်း အလီအလာဘာဟာရှ်မိရာမ်ဆန်ဂျာနီကို အနိုင်ရခဲ့ခြင်းဖြစ်သည်။

အာမက်အီနဂျစ်၏ ရွေးကောက်ခံရမှုသည် နိုင်ငံ၏ နျူးကလီးယားအစီအစဉ်နှင့်ပက်သက်၍ မပြေမလည်ဖြစ်နေသော အနောက်ကမ္ဘာနှင့် စေ့စပ်ညှိနှိုင်းရေးတွင် ရှုပ်ထွေးမှုများဖြစ်လာစေရန် လမ်းခင်းပေးလိုက်သကဲ့သို့ပင်ဖြစ်သည်ဟု သုံးသပ်သူများကဆိုသည်။

ဒီနေ့ကတော့ နိုင်ငံရေးခေတ်သစ်တခုရဲ့နိဒါန်းအစပါဘဲ"လို့ မြို့တော်ဝန် အာမက်နဂျစ်ကဆိုသည်၊ သာမန်ပြည်သူလူထုရဲ့ အကျိုးစီးပွားကိုဖော်ဆောင်မဲ့ ရည်မှန်းချက်ကိုပြသတဲ့အနေနဲ့ မြို့တော်ရဲ့ အီရန်ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို ကြီးကြပ်သူ "ကာကွယ်ရေးကောင်စီ" ပြောခွင့်ရပုဂ္ဂိုလ်တယောက်၏ အဆိုအရ ရေတွက်ပြီးစီးတဲ့ စုစုပေါင်းမဲအရေအတွက် (၇၅)ရာခိုင်နှုန်းတွင် အာမက်အီနဂျစ်က (၆၁.၈)ရာခိုင်နှုန်းနဲ့ ဦးဆောင်နေပြီး၊ ရာမ်ဆန်ဂျာနီက (၃၅.၇) ရာခိုင်နှုန်းရရှိနေ



သဘောထားတင်းမာသည်ဟု ထင်ကြေးပေးခံရသူ အီရန်သမတသစ် အာမက်အီနဂျစ်

ပါတယ်။ ဒီအရေအတွက်ဟာဆိုရင် နာဂျပ်ကို ဒီတစ်ခါ ထောက်ခံသူ ပိုလာတယ်ဆိုတာပြတာပါပဲ "ဟု ဆိုသည်။

ဝါရှင်တန်ရှိ နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် "ဂျူနီမိုး"က ဒီအကျိုးရလာဒ်ဟာ အမေရိကန်ရဲ့ အီရန်အပေါ်ထားရှိတဲ့အမြင်ကို ပြောင်းလဲစေမှာမဟုတ်ဘူးဟု အေပီသတင်းဌာနကို ပြောဆိုသည်။

အာမက်အီနဂျစ်ကို အတော်စောစောပိုင်းမှစ၍ သိကျွမ်းခဲ့ဘူးတဲ့ ဥပဒေနဲ့နိုင်ငံရေးသိပ္ပံပါမောက္ခ ဟာဒီရန်ဂျာဇီက "နဂျစ်ရဲ့အားနည်းချက်က နိုင်ငံတကာဆက်ဆံရေးနဲ့ နိုင်ငံတကာဖွဲ့တည်မှုတွေနဲ့ ပက်သက်လို့ လုံးဝနားမလည်တာပါဘဲ"ဟု ဆိုသည်။

မဲဆန္ဒရှင်တချို့က လိင်ကိစ္စမှစ၍ အဝတ်အစားဝတ်ဆင်မှုတွေများအထိ ပုဂ္ဂလိကလွတ်လပ်မှုများကို နဂျစ်က ဥပဒေပြန်ဌာန်း၍ ရုပ်သိမ်းသွားမည်ကို စိုးရိမ်နေကြသည်။

# နိုင်ငံတကာ

## ဥရောပသမဂ္ဂ၏ နှစ်ရက်ကြာ ထိပ်သီးဆွေးနွေးပွဲ၌ နှစ်ရှည်ဘတ်ဂျက်နှင့် ပက်သက်၍ သဘောတူညီမှု မရ

[ဇွန်လ (၁၉)ရက်နေ့၊ ဝါရှင်တန်တိုင်းမ်း။]

ဘတ်ဂျက်ကိစ္စနှင့် တူညီချက်တစုံတရာမှ မရဘဲ အဖွဲ့ဝင် (၂၅)နိုင်ငံမှ ခေါင်းဆောင်များ အကြား ပြင်းပြင်းထန်ထန် ကန့်ကွက်မှုများသာ မကြုံစဖူးဖြစ်ခဲ့သောဇွန်လ (၁၇–၁၈) နှစ်ရက်ကြာ အီးယူဆွေးနွေးပွဲတွင် (၂၀၀၇) သို့မဟုတ် (၂၀၀၈)တွင် ဘူလ်ဂေးရီးယားနှင့် ရိုမေးနီးယားတို့အား အဖွဲ့ဝင်အဖြစ် လက်ခံရန်ကိုမူ သဘောတူညီမှု ရခဲ့ကြသည်။

ပြင်သစ်နှင့် နယ်သာလန်တို့၏ ဥရောပသမဂ္ဂဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ကို ကန့်ကွက်မှုကြောင့် နောက်ထပ်အဖွဲ့ဝင်သစ်တိုးချဲ့မှုကြန့်ကြာနေမည်ကို အဖွဲ့ဝင်များအကြားတွင် စိုးရိမ်မှုများရှိနေပြီးပြင်သစ်နှင့် ဗြိတိန်ကြားညှိနှိုင်းရန်မလွယ်သည့် သဘော



(ဝဲမှ ယာ) ပြင်သစ်သမတ ဂျက်ရှာရက်၊ ဘယ်လ်ဂျီယံ ဝန်ကြီးချုပ် နှင့် လူဇင်ဘက်နိုင်ငံခြားရေးဝန်ကြီးတို့ကို အတူတကွတွေ့မြင်ရစဉ်

ထားကွဲပြားမှုကြောင့် အဖွဲ့ဝင် (၂၅) နိုင်ငံ၏ (၂၀၀၇–၂၀၁၃)ဘတ်ဂျတ်အသုံး၊ တစ်နှစ်လျှင် (၁၄၇) ဘီလျံအား ခွဲဝေသုံးစွဲမှုကို ဆုံးဖြတ်ချက်ချရန် ရွှေ့ဆိုင်းလိုက်ရသည်။

အဖွဲ့ဝင်သစ်နိုင်ငံများနှင့်ပတ်သက်၍ “ပိုဆင်းရဲတဲ့ အရှေ့ဥရောပနိုင်ငံများက ကျနော်တို့ကို ငွေပေးတာကို မလိုချင်ပါဘူး ကျနော်တို့လိုချင်တာ မျှတတဲ့ခွဲဝေမှုနဲ့ သင့်လျော်တဲ့ဦးစားပေးမှုပါပဲ”ဟု ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အီးယူ၏ ဦးစားပေးအစီအစဉ် များမှာ တလွဲတချော်ဖြစ်နေပြီး အီးယူ၏ ဘက်ဂျက် (၄၀) ရာခိုင်နှုန်းကို လယ်ယာအမတော်ကြေးအတွက် သုံးစွဲရန်ဖြစ်သဖြင့် အခြားအီးယူနိုင်ငံများထက် စိုက်ပျိုးမြေပိုရှိသော ပြင်သစ်သည် ၎င်းအမတော်ကြေးအစီအစဉ်မှ အကျိုးကျေးဇူးများစွာ ရရှိခဲ့သည်။

ယခင်ဝန်ကြီးချုပ် မာဂရက်သက်ချာလက်ထက် (၁၉၈၄) ခုနှစ်က ဗြိတိန်ရရှိသည့် နည်းပါးသော အီးယူလယ်ယာအမတော်ကြေးကို ပြင်သစ်နှင့် အခြားသောနိုင်ငံများရရှိမှုနှင့်နှိုင်းယှဉ်ပြီး လျော်ကြေးအဖြစ် အမှန်ပေးသွင်းရမည့်ငွေထက် လျှော့ပေါ့ပေးသွင်းခွင့်ကို ရရှိခဲ့သည်။

မစ္စတာဘလဲက “ကျနော်တို့မှာ လျှော့ပေါ့ပေးသွင်းရမည့်ငွေနဲ့ ပက်သက်ပြီး ပြောစရာတွေ အများကြီးရှိနေတုန်းပါပဲ”ဟု ဆိုသည်၊ ပြင်သစ်သမတက ဗြိတိန်အစိုးရ၏ အလျှော့မပေးမှုကြောင့် သမဂ္ဂသည် ထွက်ပေါက်မရှိသည့် အခြေအနေသို့ ရောက်ရသည်ဟု ဗြိတိန်အားအပြစ်ဖို့သည်။

သမဂ္ဂသို့ ထည့်ဝင်ရမည့်ငွေကို လျှော့ချရန်တောင်းဆိုသော ဗြိတိန်နှင့် နယ်သာလန်ကို ထိပ်သီးအစည်းအဝေးမပြေမလည် ပျက်ပြားရမှုအတွက် တာဝန်ရှိသည်ဟု ဂျာမနီအဓိပတိ ဂါဟတ်ရှရိုဒါးက ယိုးစွပ်သည်။

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲကလည်း အီးယူသည် ၎င်း၏ လယ်ယာ အမတော်ကြေး အစီအစဉ်ကို ပြန်လည်ပြုပြင်မည်ဆိုလျှင် လျှော့သွင်းရမည့် ငွေကိစ္စနှင့်ပတ်သက်၍ အလျှော့ပေးမည်ဟု အခိုင်အမာပြောဆိုသည်။

အီးယူ၏ ပထမနှစ်ဝက်အလှည့်ကျ သဘာပတိအဖြစ်တာဝန်ယူထားသည့် လူဇင်ဘတ်ဝန်ကြီးချုပ်က ဘလဲ၊ ရှီးရတ်နှင့် အခြားခေါင်းဆောင်များအား သီးခြားစီတွေ့ဆုံကာ ၎င်းတို့ မည်မျှအလျှော့ပေးရန် ဆန္ဒရှိကြောင်း ဆွေးနွေးစုံစမ်းမှုကလည်း အချည်းနှီးဖြစ်ခဲ့ရသည်။

မအောင်မြင်ခဲ့သော ၎င်း၏ (၁၅) နာရီကြာစေ့စပ်ညှိနှိုင်းမှုအပြီးတွင် သူက “အီးယူဟာ တကယ့် မဟာအကျပ်အတည်းကာလထဲကို ရောက်နေတယ်”ဟု ပြောကြားခဲ့သည်။

ဥရောပကော်မရှင်ဥက္ကဋ္ဌ ဂျိုဇ်မန်နူရယ်ဘာရိုဆိုက ယမန်နှစ်က အဖွဲ့ဝင်ဖြစ်ခဲ့သော အီးယူ အဖွဲ့ဝင်သစ် (၁၀) နိုင်ငံမှာ ဥရောပတွင် ဆင်းရဲသောနိုင်ငံများဖြစ်နေ၍ ဗြိတိန်၏ လျှော့ပေါ့ပေးသွင်းမည့်ငွေအတွက် ဝန်ထုပ်ဝန်ပိုးကို ဝင်ရောက်ထမ်းပိုးရန်မသင့်ကြောင်းပြောကြားသည်။

အီးယူခေါင်းဆောင်များသည် ပြဿနာဖြစ်နေသော ဥရောပသမဂ္ဂ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိစ္စကို အတည်ပြုရန် (နိုဝင်ဘာ ၂၀၀၆) မတိုင်ခင်ထိ ရွှေဆိုင်းထားရန် ဆုံးဖြတ်ခဲ့ကြသည်။ ❖

## အမေရိကန်–အီရတ်စစ်ပွဲသည် တန်ဖိုးကြီးမြင့်သည်ဟု သမတဘုရှ်ပြောကြား

ဇွန်လ (၂၉)ရက်နေ့၊ ဘီဘီစီ။

အသက်ပေါင်းများစွာနှင့် ငွေကြေးအမြောက်အမြား ဆုံးရှုံးရမှုကြီးဖြင့်လင့်ကစား အမေရိကန်အနေဖြင့် အီရတ်ဖြစ်စဉ်တွင်ရှိနေရဦးမည်ဖြစ်သည်ဟု သမတဘုရှ်က ယနေ့ ပြောကြားလိုက်ပါတယ်။

သမတက သူ့၏ အီရတ်ပေါ်လစီနှင့် ပတ်သက်၍ ထောက်ခံမှုရရန်ကြိုးပမ်းချက်တခုအနေဖြင့် အမေရိကန်နိုင်ငံအတွင်းရှိ အကြီးမားဆုံးစစ်အခြေစိုက်စခန်းကြီးများထဲမှ စခန်းတခုသို့ သွားရောက်စဉ် ယင်းသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

“အီရတ်မှာ ကျနော်တို့လုပ်နေတဲ့ အလုပ်က အကြမ်းဖက်သမားတွေကို လိုက်ရှာဖော်ထုတ်နေတာရယ်။ အကြမ်းဖက်သမားချေမှုန်းရေးစစ်ပွဲမှာ မဟာမိတ်ဖြစ်တဲ့ အီရတ်ပြည်သူတွေကို လွတ်လပ်တဲ့ နိုင်ငံတနိုင်ငံ တည်ရဆောက်နိုင်ဖို့ ကူညီနေတာရယ်။ နောက်တခုက ကျယ်ပြန့်လှသော အရှေ့အလယ်ပိုင်းဒေသ လွတ်လပ်ဖို့အတွက်လည်း ကျနော်တို့ တိုးမြှင့်ဆောက်ရွက်နေတယ်”ဟု သမတဘုရှ်က ပြောဆိုသည်။

မြောက်ကာရိုလိုင်းနားရှိ ဖို့သ်ဘရက်ခ် စစ်အခြေစိုက်စခန်းမှနေ၍ တိုင်းပြည်သို့ မိန့်ခွန်းပြောကြားရာတွင် သမတဘုရှ်က အမေရိကန်ပြည်သူအတော်များများအနေဖြင့် အီရတ်စစ်ပွဲနှင့် ပတ်သက်၍ ဘဝင်မကျမှုများ တိုးပွားနေသည်ကို သူ့အနေဖြင့် အသိအမှတ်ပြုပါကြောင်း၊ အသေခံဗုံးခွဲတိုက်ခိုက်မှုများနှင့် အခြားအကြမ်းဖက်လုပ်ရပ်များ၏ စိတ်မချမ်းမြေ့ဘွယ်မြင်ကွင်းများကို မိမိလည်း တွေ့မြင်နေရသဖြင့် နားလည်ပါကြောင်း ပြောကြားခဲ့ပြီး “မြင်ကွင်းတိုင်းလိုလိုဟာ ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းတယ်။ ဒုက္ခရောက်နေကြရတယ်ဆိုတာ မငြင်းနိုင်ပါဘူး။ ဒီလိုအကြမ်းဖက်မှုတွေကြားထဲမှာ စွန့်လွှတ်စွန့်စားမှုဟာ အကျိုးများပါသလားဆိုတဲ့ အမေရိကန်ပြည်သူတွေရဲ့ မေးခွန်းတွေကိုလည်း ကျနော်သိပါတယ်”လို့ ဆိုသည်။ သမတ ဘုရှ်က “စက်တင်ဘာ (၁၁) သင်ခန်းစာတွေကို



အမေရိကန်သမတ ဂျော့ဒဗလျူဘုရှ်

မေ့ပစ်မယ်ဆိုရင်၊ ဇာကာဝီလိုလူမျိုးတွေအတွက် အီရတ်ပြည်သူတွေကို ပစ်ထားလိုက်မယ်ဆိုရင် ဘင်လာဒင်လိုလူမျိုးတွေအတွက် အရှေ့အလယ်ပိုင်းရဲ့ အနာဂတ်ကို အလျှော့ပေးလိုက်မယ်ဆိုရင် ရန်သူ့ဘက်က အောင်မြင်သွားနိုင်တဲ့ တခုတည်းသောလမ်းစဖြစ်သွားမှာ ဧကန်ပါပဲ”ဟု ပြောကြားခဲ့ပြီး ရက်အနည်းငယ်အတွင်း၊ အီရတ်တွင် သွေးထွက်သံယိုမှုတခု ဖြစ်ပွားခဲ့ပြန်သည်။

ယင်းအသေခံကားဗုံးခွဲတိုက်ခိုက်တွင် ထင်ရှားသော ရှီးရိုက်ပါလီမန် အဖွဲ့ဝင်တဦး အသတ်ခံရပြီး အမေရိကန် စစ်သားနှစ်ယောက် အပါအဝင် အခြားလူနှစ်ဦးသေဆုံးခဲ့သည်။

သေဆုံးသူအရေအတွက် တိုးတက်များပြားလာနေမှုအပေါ် မစ္စတာဘုရှ်အနေဖြင့် အလေးအနက် ကိုင်တွယ်စဉ်းစားခဲ့သော်လည်း “အလောင်းအစားလုပ်ရသလို စွန့်စားရမှုအပေါ်မှာ အမေရိကန်အနေနဲ့လက်စမသတ်နိုင်ဖြစ်နေရတယ်”ဟု သူက အလေးအနက် ပြောကြားသွားသည်။

“ကျနော်တို့ဟာ အယ်လ်ကိုင်ဒါနဲ့ အခြား နိုင်ငံခြားအကြမ်းဖက်သမားတွေကို ကာကွယ် တားဆီးသွားရလိမ့်မယ် ဒီလိုမှ မဟုတ်ရင် သူတို့ဟာ လုံခြုံတဲ့ကွန်းခိုရာတခု ရနေပြီး အဲဒီကတဆင့် အမေရိကန်နဲ့ ကျနော်တို့ မဟာမိတ်တွေကို တိုက်ခိုက်နေနိုင်တဲ့ လုပ်ငန်းတာဝန်အောင်မြင် ပြီးမြောက်ဖို့ အကောင်းဆုံးနည်းလမ်းကတော့ လွတ်လပ်တဲ့ နိုင်ငံတနိုင်ငံ တည်ဆောက်နိုင်ရေးအတွက် အီရတ်ပြည်သူတွေကို ကူညီသွားရမယ် ဒါမှသာ သူတို့ဖာသာသူတို့ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်မှာ ဖြစ်တယ်”လို့ မစ္စတာဘုရှ်က ဆိုသည်။

USA TODAY/ CNN သတင်းဌာနကြီးများ၏ အသစ်ကောက်ယူထားသော လူထုစစ်တမ်းအရ စစ်ပွဲအပေါ် လူထုကို သံသယတွေတိုးပွားနေကြောင်း ပြသနေပြီး၊ (၆၁) ရာခိုင်နှုန်းသောလူများက သမတမှာ စစ်ပွဲပြီးဆုံးရန်အတွက် တိကျရေရာသော အစီအစဉ်ရှိမည်ဟု မထင်ကြချေ။

ကွန်ဂရက်တွင် ရီပတ်ပလီကန် အမတ်အချို့နှင့် ဒီမိုကရက်အမတ်များပေါင်း၍ ဘုရှ်အစိုးရ၏ အီရတ်ပြဿနာကိုင်တွယ်ပုံအပေါ် မေးခွန်းတွေ မေးထုတ်ကြသည့်အထဲတွင် နီဘရက်စကာမှ ဆီနိတ်တာချွန်ခ်ဟေဂယ်က “မျှော်လင့်ချက်တွေပြည့်နေတဲ့ စစ်ပန်းချီကားကြီးတခု ရေးဆွဲနေတဲ့အိမ်ဖြူတော်” ဆိုပြီး ပြစ်တင်ကင်ပွန်းတပ်ခဲ့သည်။ ❖

## အာဖရိကတိုက်ကို ကူညီရန် သမတဘုရှ် အဆိုပြု

[ဇူလိုင် (၁)ရက်နေ့၊ ဘီဘီစီ။]

အာဖရိက ခေါင်းဆောင်များအနေဖြင့် ရိုးရိုးသားသားအုပ်ချုပ်ပြီး ဥပဒေကို လိုက်နာမည်ဆိုလျှင် နောက် (၅) နှစ်အတွင်း အမေရိကန်က အာဖရိကနိုင်ငံများကို ပေးရမည့်အထောက်အပံ့များကို (၂) ဆတိုးပေးမည်ဟု အမေရိကန်သမတက ယနေ့ အဆိုပြုလိုက်သည်။

ဗြိတိန်နိုင်ငံတွင် ရှေ့အပတ်စတင်မည့် (၈)စက်မှုထိပ်သီး ရှစ်နိုင်ငံ၏ ဆွေးနွေးပွဲအတွက် အမေရိကန်၏ ဦးစားပေးတောင်းဆိုချက်ကို တင်ပြရာတွင် သမတဘုရှ်က ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများက ကြွေးမြီများကို လျော်ပစ်ပေးနိုင်လျှင် ဆင်းရဲမွဲတေမှုကို အနိုင်ယူနိုင်မည်ဖြစ်ကြောင်း ပြောဆိုလိုက်ပြီး ယခုအချိန်သည် အနောက်နိုင်ငံများအနေဖြင့် အာဖရိကနိုင်ငံများ၏ ဆင်းရဲမွဲတေမှုကို အဆုံးသတ်အောင်ပြုလုပ်ပေးနိုင်မည့် အခွင့်အလမ်းများရှိနေသောအချိန်ဟု သမတ ဘုရှ်က ဆိုသည်။

သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုကိစ္စတွင် သမတဘုရှ်သည် အလျှော့ပေးမည့်ပုံမပြဘဲ ကာဘွန်စွမ်းအားကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်မှုပုံစံကို ဆန့်ကျင်သူများကို ပြစ်တင်လိုက်ပြီး ယင်းလှုပ်ရှားမှုများကိုလည်း ကန့်သတ်ချင်ကြောင်း အရိပ်အယောင်ကို ပြသခဲ့သည်။

ဘုရှ်က အာဖရိကတိုက်၏ အဓိက စိန်ခေါ်မှုမှာ အနှစ်သာရမရှိသော သင်္ကေတနှင့် မအောင်မြင်သောမူဝါဒများကို အတိတ်တွင်ထားပြီး စိတ်ကူးနှင့်ရလဒ်ရလဒ် ကိုက်ညီအောင်လုပ်ဖို့လိုကြောင်း အာဖရိက ခေါင်းဆောင်များနှင့် ပြုပြင်ပြောင်းလဲရေးသမားများသည် ပြုပြင်ပြောင်းလဲလုပ်ဖို့လိုပြီး ထောက်ပံ့ငွေကို လက်ခံရုံသက်သက်မဖြစ်သည်ကြောင်း သမတဘုရှ်က ဆိုသည်။

အာဖရိကဘက်က အပြောင်းအလဲများ အမှန်တကယ်ပြုလုပ်လာလျှင် အမေရိကန်ဘက်ကလည်း ငွေကြေးထောက်ပံ့ရန် အဆင်သင့်ရှိသည်ဟု သူကဆိုသည်။

ကမ္ဘာ့ရာသီဥတု အပြောင်းအလဲပျက်စီးလာခြင်းနှင့် ပတ်သက်၍ သမတဘုရှ်က ရေရှည်ပြဿနာတစ်ခုဖြစ်သဖြင့် အလျင်စလိုမလုပ်ဘဲ လေ့လာရန်လုပ်သေးကြောင်း သူ၏ ယခင်ရပ်တည်ချက်အလျှောပေးရန် လက္ခာမပြသခဲ့ပေ။ ❖

# စစ်ရုံးချုပ်နှင့် ဝန်ကြီးဌာန(၅)ခုကို အောက်တိုဘာလနောက်ဆုံးထား၍ ပျဉ်းမနားသို့ပြောင်းမည်



နအဖလက်ထက်တွင် သစ်ဖွင့်လှစ်လိုက်သော (MRTV-3) အဆောက်အဦး

စစ်ရုံးချုပ်နှင့် ဝန်ကြီးဌာန (၅)ခုကို မန္တလေးတိုင်း၊ ပျဉ်းမနားမြို့အနောက်ဘက် (၄)မိုင်ခန့်အကွာတွင်ရှိသော ကြပ်ပြေးအရပ်သို့ပြောင်းရွှေ့ရန် သက်ဆိုင်ရာဝန်ကြီးဌာနများကို ဇွန်လ (၁၄) ရက်နေ့ကတည်းက ဗဟိုမှ ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း သတင်းများအရ သိရှိရသည်။

ယင်းစီမံချက်ကို ၂၀၀၁ ခုနှစ်က လျှို့ဝှက်ဖော်ဆောင်ခဲ့ခြင်းဖြစ်ပြီး၊ စစ်ရုံးချုပ်အပါအဝင်၊ စိုက်ပျိုးရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ခံမှ မြန်မာသတင်းစဉ်နှင့် မြန်မာရုပ်မြင်သံကြားဌာနတို့ကို အောက်တိုဘာလ နောက်ဆုံးထား၍ ပြောင်းရွှေ့ရမည်ဟု ညွှန်ကြားထားသော်လည်း နအဖလက်ထက် တွင် ဖွင့်လှစ်ခဲ့သော (MRTV-3)နှင့် မြဝတီရုပ်မြင်သံကြားဌာနတို့သည် ညွှန်ကြားချက်တွင် မပါဝင်ဟု သိရှိရသည်။

နအဖ၏ အပြောင်းအရွှေ့ ညွှန်ကြားချက်ကြောင့် ဝန်ထမ်းများ စိတ်ရှုပ်ထွေးနေကြပြီး၊ ရန်ကုန်စာနယ်ဇင်းအသိုင်းအဝိုင်းက ယခုရွှေ့ပြောင်းမှုသည် နအဖစစ်အုပ်ချုပ်ရေးပြောင်းရွှေ့ခြင်း ဖြစ်ကောင်းဖြစ်မည်ဟု ထင်ကြေးပေးနေကြကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

နအဖ၏ ယခုဝန်ကြီးဌာနနေရာ အပြောင်းအရွှေ့နှင့်ပတ်သက်၍ ထိုင်းမြန်မာနယ်စပ်မှ စစ်ရေးအကဲခတ် ဦးဌေးအောင်က စစ်ဗိုလ်ချုပ်များသည် ရန်ကုန်မြို့၏ ပထဝီအနေအထားအရ ပင်လယ်နှင့်နီးကပ်နေသဖြင့် အမေရိကန်နှင့် အနောက်နိုင်ငံများက ရေကြောင်းက ထိုးစစ်ဆင်လာနိုင်သည်ကို စိုးရိမ်ကြောင်း၊ တဖက်ကလည်းအမေရိကန်က ထိုင်းနိုင်ငံကိုခြေကုတ်ယူ၍ စစ်ရေးဆင်လာမည်ဖြစ်သဖြင့် ယခုကဲ့သို့ မြောက်ဖက် ပျဉ်းမနားသို့ ပြောင်းရွှေ့ရန် စဉ်းစားခြင်းဖြစ်နိုင်သည်ဟု ဆိုသည်။

ဆက်လက်၍ ဦးဌေးအောင်က "သူတို့ကတော့ နိုင်ငံရေးကိစ္စကို သပ်သပ်စဉ်းစားတဲ့သဘောရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ စစ်ဗိုလ်ချုပ်တွေဖြစ်တဲ့အားလျော်စွာ လုံခြုံရေးကိုပဲ အဓိကထားစဉ်းစားတယ်လေ။ ဒါကြောင့်မို့လို့လည်း သူတို့က ဗမာပြည်မှာဆိုလို့ရှိရင် ပြည်သူ့စစ်မဟာဗျူဟာဆိုတာ ချထားတယ်။ အဲဒီနောက်မှာ ခုခံစစ်သေနင်္ဗျူဟာ စီမံချက်ဆိုပြီး စီမံချက်တွေရေးဆွဲပြီးတော့ သူတို့ကာကွယ်ဖို့ သူတို့စစ်အာဏာရှင်စနစ်ကို ဆက်ပြီးတော့ သူတို့က ထိန်းသိမ်းနိုင်ဖို့ သူတို့က ဒါမျိုးကို စနစ်တကျလုပ်နေတဲ့အနေအထားတွေရှိတယ်လေ။ အဲဒီတော့ အခုပြောင်းတာရွှေ့တာတွေ၊ အခုလို တိုးချဲ့တည်ဆောက်တာတွေကလည်း ဒီစီမံချက်ရဲ့အောက်က တစိတ်တပိုင်းအနေနဲ့ သူတို့လုပ်နေတဲ့ပုံစံမျိုးတွေလို့ ကျနော်မြင်တယ်"ဟု ဒီဗွီဘီသတင်းဌာနနှင့် မေးမြန်းခန်းတွင် ပြောဆိုသွားသည်။

## နောက်ကျောဖုံး အမေရိကားအရှေ့ခြမ်းဌာနခွဲ ပထမအကြိမ်ညီလာခံ သတင်းမှ ...

ဝင်စုစုပေါင်း ညီလာခံကိုယ်စားလှယ် (၄၀) ကျော်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ ဂျပန်ဌာနခွဲမှ ကိုယ်စားလှယ်များ၊ မဟာမိတ်အဖွဲ့အစည်းများမှ ကိုယ်စား လှယ်တော်များတက်ရောက်ခဲ့ပြီး အဲန်စီဂျီယူဘီမှ ဝန်ကြီးဦးဗိုလ်လှတင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ ဒုဥက္ကဋ္ဌ ဦးပီတာလင်းပင်၊ ဆရာတော်ဦးခေမာစာရနှင့် လွတ်မြောက်နယ်မြေအရှေ့ခြမ်းမှ ဦးမြညိုတို့က ညီလာခံသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

အစီအစဉ်အရ အမေရိကား အရှေ့ခြမ်းဌာနခွဲ၏ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ကိုမျိုးသန့်မှ ရှင်းလင်းပြောကြားပြီးနောက်၊ ညီလာခံကိုယ်စားလှယ်များ၏သဘောဆန္ဒအရ အဲန်စီဂျီယူဘီဝန်ကြီး ဦးဘိုလှတင့်၊ အမ်ပီယူ ဒုဥက္ကဋ္ဌ ဦးပီတာလင်းပင်နှင့် အိုင်အာအိုင်မှ Linneas Batty တို့ပါဝင်သော ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းအပြီးတွင် တက်ရောက်လာသော ညီလာခံကိုယ်စာလှယ်များအနက်မှ အရွေးကောက်ခံကိုယ်စားလှယ်များဖြစ် ကိုယ်စားလှယ် (၂၁)ဦးကို ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ခဲ့ကြသည်။

ညီလာခံအပြီးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမေရိကားအရှေ့ခြမ်းဌာနခွဲက ကြေညာချက်ထုတ်ပြန်ရာတွင် တိုင်းရင်းသားလူမျိုးစုဒေသများတွင် ကျူးလွန်နေသော နအဖအုပ်စု၏ မျိုးဖြုတ်သတ်ဖြတ်မှုများများ၊ တိုင်းရင်းသူများအပေါ်အဓမ္မပြုကျင့်မှုများ၊ တိုင်းရင်းသားလူမျိုးစုများအတွင်း သပ်လျှိုဖြိုခွဲမှုများ၊ ဒီမိုကရေစီနှင့်မညီသောနအဖ၏ အမျိုးသားညီလာခံနှင့် နိုင်ငံရေးသမားများအား ဥပဒေမဲ့ဖမ်းဆီးနေမှုများကို ဆန့်ကျင်ကြောင်းဖော်ပြထားပြီး၊ ဒီမိုကရေစီစနစ်ကို ရှေ့ရှုသော သုံးပွင့်ဆိုင်ဆွေးနွေးပွဲသို့ တက်လှမ်းနိုင်ရန် နအဖအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားများကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန်၊ မြန်မာပြည်သူလူထုကို ဒီမိုကရေစီအခွင့်အရေးများ ပေးရန်၊ တတိုင်းပြည်လုံး အပစ်အခတ်ရပ်စဲရေးအတွက် ဆောင်ရွက်ရန်နှင့် မေ(၃၀) ဒီပဲယင်းဖြစ်ရပ်ကို နိုင်ငံတကာနှင့်ပူးပေါင်း၍ လွတ်လပ်သော စုံစမ်းမှုများပြုလုပ်ရန် တောင်းဆိုထားသည်။

ထို့အပြင် ကုလသမဂအနေဖြင့် မြန်မာနိုင်ငံကို ပိုမိုထိရောက်သော အရေးယူဆောင်ရွက်များပြုလုပ်ရန်အတွက် ကုလမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်အားပန်ကြားထားပြီး၊ အမေရိကန်၊ အီးယူအပါအဝင် ကမ္ဘာ့နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေး တစုံတရာမပေါ်ပေါက်သရွေ့ အရေးယူပိတ်ဆို့မှုများကို ဆက်လက်ထိန်းသိမ်းထားရန်၊ ဂျပန်၊ တရုတ်၊ အိန္ဒိယနှင့် အာဆီယံနိုင်ငံများကလည်း ဒေသတွင်းတည်ငြိမ်ရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိုဦးတည်လျက် မြန်မာနိုင်ငံတွင် တွေ့ဆုံ ဆွေးနွေးပွဲပေါ်ပေါက်ရေးအတွက် နည်းလမ်းရှာဖွေအကူအညီပေးကြရန် ကြေညာချက်တွင် တိုက်တွန်းထားသည်။

ဆက်လက်၍ ဒီမိုကရေစီရေးလှုပ်ရှားမှုတွင် ပြည်တွင်း၊ နယ်စပ်နှင့် နိုင်ငံတကာဟူ၍ မျက်နှာစာအမျိုးမျိုးရှိရာ နိုင်ငံရေးအင်အားစုများအနေဖြင့် မိမိတို့ကျရောက်ရာနိုင်ငံရေးမျက်နှာစာများမှနေ၍ နိုင်ငံရေးဦးတည်ချက်များ၊ မူဝါဒသဘောထားများဆိုင်ရာကိစ္စများကို တညီတညွတ်တည်း၊ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုအလေးထားဆောင်ရွက်ကြရန် ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့နောက် သဘာပတိအဖွဲ့မှ အလုပ်ကော်မတီသို့ တာဝန်လွှဲအပ်ခဲ့ပြီး၊ အလုပ်ကော်မတီမှ တက်ရောက်လာသော ညီလာခံကိုယ်စာလှာများရှေ့တွင် ကျမ်းသစ္စာကျိန်ဆိုကာ အခမ်းအနားကို ညနေ(၄)နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။ ❖

### အရွေးကောက်ခံကိုယ်စားလှယ်များ

**နာယကအဖွဲ့**

၁။ ဒေါက်တာစိန်ဝင်း (အဲန်စီဂျီယူဘီ)
၂။ ဦးပီတာလင်းပင် (အမ်ပီယူ)
၃။ ဦးမြညို

**အလုပ်ကော်မတီ**

၁။ ဦးအောင်စောဦး (ဥက္ကဋ္ဌ)
၂။ ဦးရဲထွဋ် (ဒုဥက္ကဋ္ဌ)
၃။ ဦးမျိုးသန့် (အတွင်းရေးမှူး)
၄။ ဦးစိုးသန်း (တွဲဖက်အတွင်းရေးမှူး)
၅။ ဒေါ်အေးအေးအောင် (တွဲဖက်အတွင်းရေးမှူး)
၆။ ဦးမင်းသိန်း (စည်းရုံးရေးမှူး)
၇။ ဦးအောင်မင်းထွန်း (သတင်းနှင့်ပြန်ကြားရေး)
၈။ ဒေါ်မေသန်းရှိန် (ဘဏ္ဍာရေးမှူး)
၉။ ဦးဖြိုးဝေလွင် (ပြည်တွင်းရေးရာ)
၁၀။ ဦးသန်းတင့်ဆင့် (နိုင်ငံတကာဆက်ဆံရေး)
၁၁။ ဒေါ်ရွှေစင် (အမျိုးသမီးရေးရာမှူး)

# ချောက်အိပ်မက် စစ်စစ်တွေနဲ့ မိခင်တမ်းချင်း

✡ ကြည့်စမ်း
တစစီ ဆွဲဆုတ်ခံထားရလို့
မှောင်တိုက်ကျနေတဲ့ညတွေ....
ဘဝတွေတောင်မဟုတ်တော့သလို ........

✡ တောင်တန်းတွေမှာ
ရိုးမတွေမှာ
မြို့တော်ရဲ့ လမ်းမတွေမှာ
မြို့သိမ်လေးတွေရဲ့ ကြယ်မဲ့ညတွေမှာ
ခုန်ချခဲ့ကြရ ချောက်ကမ်းပါးညတွေမှာ
အစိမ်းအစိုမဲ့
ခြောက်သရောင်းသက္ကရာဇ်တွေမှာ ........

✡ ကဲ ....
ဘယ်မလဲ။
တောက်ပနေဆဲခင်တန်းတွေ
ချက်ခြင်းပေး၊ ချက်ခြင်းယူ
ဘူဖေးဆန်ဆန်ကိစ္စတွေကတော့
ပါးပါးလေးတွေပေါ့ကွဲ့
အညာသား ရဲဘော်ပြောဖူးတဲ့
'ငပ်လိုက်တာ ဟပ်ဟပ်ထိုးခဲ့ပါတယ်ဗျာ' ဆိုတဲ့လူတွေကို
အုန်းကနဲ ပြိုကြမလို အရယ်အကြည့်တွေနဲ့
ကြည့်ကြ .... လှပတယ်တဲ့ .... သူတို့က .... ဗျာ၊

✡ စပါယ်တွေ တင်ုံချင်း
ထောင်းလမောင်းကြေ ခြိမ့်ခြိမ့်သည်းသည်း
ညှိုးကျနေခဲ့ကြရတာ
ကနေ့'ဂလိုဘယ်'ကြီးထဲမှာပေါ့ ........

✡ အကျဉ်းစံကဗျာဆရာရဲ့ နှလုံးသားကိုလွမ်းလှ
တခွန်းထဲပါ
'ကောင်းကင်ပြာပြာလွှင်လွှင်
အပျော်ဦးတင် မော်ဖူးချင်လှပါပြီ အမေ' ...............။

( ၆၀ ပြည့်အမေနှင့်မိခင်ဗမာပြည်သို့ )

# နအဖသည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်းမရှိ

နအဖသည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသေးကြောင်း ဇွန်လဆန်းပိုင်းက စင်ကာပူနိုင်ငံတွင်ကျင်းပသော ကမ္ဘာ့ငွေကြေးဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့ အစည်းအဝေးထုတ်ပြန်ချက်က ဖော်ပြလိုက်သည်။

ပြင်သစ်အခြေစိုက် (The Finanicial Action Test Force)ခေါ် ငွေကြေးဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့နှင့် အာရှ–ပစိဖိတ်ဒေသ ငွေခဝါချမှုစောင့်ကြည့်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ပထမအကြိမ်ပူးတွဲအစည်းအဝေးက မြန်မာအပါအဝင် ပစိဖိတ်ကျွန်းနိုင်ငံငယ် နိုင်ရူး၊ အာဖရိကမှ နိုင်ဂျီးရီးယားနိုင်ငံတို့ကို ငွေခဝါချမှု တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုမရှိသောနိုင်ငံများအဖြစ် မှတ်တမ်းတင်ခဲ့သည်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုလက်ထောက်အတွင်းရေးမှူး ဒန်နီယဲလ်ဂလေဆာက "မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ကတော့ မေးခွန်းနှစ်ခုရှိပါတယ်။ ပြည်တွင်းမှာ ပြဋ္ဌာန်းထားတဲ့ဥပဒေတွေဟာ နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့ အပြည့်အဝ ကိုက်ညီရဲ့လား၊ ဒီဥပဒေတွေ တနိုင်ငံလုံးနဲ့ ငွေကြေးလည်ပတ်သုံးစွဲမှုအပေါ်မှာရော ထိထိရောက်ရောက်ဖြစ်မှာလားဆိုတာတွေပါပဲ"ဟု ပြောဆိုကြောင်း ရိုက်တာသတင်းတပုဒ်တွင် ဖော်ပြထားသည်။

၂၀၀၃ နိုဝင်ဘာလကလည်း အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံရှိ မြန်မာမေဖလားဝါးဘဏ်နှင့် အာရှဓနဘဏ်တို့သည် မူးယစ်မှောင်ခိုကုန်သွယ်ရေးမှရရှိသော ငွေများနှင့်မကင်းဟု ပြောဆိုမှုကို နအဖက လက်သင့်မခံခဲ့သော်လည်း၊ ယခုနှစ် မတ်လတွင်မှ အဆိုပါဘဏ်နှစ်ခုစလုံးကို ငွေကြေးဆိုင်ရာဥပဒေများ လိုက်နာရန်ပျက်ကွက်သည်ဟုဆိုကာ ဖျက်သိမ်းခဲ့သည်။ ❖




စစ်တပ်က နိုင်ငံရေးထဲဝင်ပါလို့ စစ်တပ်ပြိုကွဲတဲ့ သာဓကတွေ များမှများ။ ဗမာပြည်နဲ့ အနီးဆုံးနိုင်ငံတွေဖြစ်တဲ့ ဗီယက်နမ်နဲ့ ထိုင်းကို ပဲကြည့်။ ထိုင်းစစ်တပ်ဟာ အခုအထိ ပြောင်နီးပါးကွဲနေတယ် မဟုတ်လား။ ဒါဟာ ၁၉၃၂ ခုနှစ်ကတည်းကစခဲ့တဲ့ စစ်တပ်အာဏာသိမ်းမှုကနေ စစ်ဗိုလ်ချုပ်တွေရဲ့ခေါင်းထဲကို နှိုက်သွင်းလိုက်တဲ့ တွေးခေါ်စဉ်းစားမှုကြောင့် ဖြစ်ပေါ်လာတဲ့ ...

ဒီနေ့စစ်အုပ်စု၊ စစ်အစိုးရနဲ့ စစ်အာဏာရှင်စနစ်တို့ရဲ့ အဓိကအင်အားဟာ စစ်တပ်ပဲဖြစ်တယ်ဆိုတာကို ဘယ်သူမှအငြင်းမပွားဘူး။ ဒီကတဆင့်တက်ရင် အဲဒီစစ်တပ်ကို စစ်အုပ်စု ထိပ်သီးတွေလက်အောက်က ဆွဲထုတ်နိုင်ရင်၊ တနည်း လွတ်မြောက်အောင် လုပ်ပေးနိုင်ရင် စစ်အုပ်စု ဇာတ်လမ်းသိမ်းမယ်ဆိုတာကိုလည်း အားလုံးလိုလို သဘောတူကြမယ်။ ဒီစစ်တပ်ထဲမှာ စစ်အုပ်စုထိပ်သီးတွေနဲ့အမြင်မတူတဲ့၊ ဒါမှမဟုတ် ထိပ်သီးတွေကို မကျေနပ်တဲ့ တပ်မှူးတပ်သားတွေ ရှိတယ်ဆိုရင်တော့ လူတိုင်း သဘောတူချင်မှ တူမယ်။ ဒါပေမယ့် အဲဒီစစ်တပ်ကို လူထုဖက်ပါအောင် လုပ်သင့်တယ်ဆိုတာကိုတော့ ဘယ်သူမှ ငြင်းမှာမဟုတ်ဘူး။ ဒါဖြင့် ခင်ဗျားတို့ လုပ်ဖို့အစီအစဉ်ရှိပြီလား။ လက်တွေ့ လုပ်နေကြပြီလားလို့ဆက်မေးရင်တော့ အဖွဲ့အစည်းတော်တော် များများဟာ ပုခုံးတွန့်ကြလိမ့်မယ်ထင်တယ်။

ဒါပေမယ့် ဒါဟာ မလုပ်လို့မရဘူး။ ဒီနေ့ ဒီမိုကရေစီအရေးတော်ပုံ အောင်ပွဲရရေးအတွက် ဒီလုပ်ငန်းဟာ အခရာကျတဲ့လုပ်ငန်းတခုဖြစ်နေတယ်။ ဘယ်လိုလုပ်ရမယ်ဆိုတာထက်၊ ဘာကြောင့်လုပ်လို့ရတယ်၊ အဓိကအကြောင်းရင်းတွေကို အမြင်ဖလှယ်ကြည့်ချင်တယ်။

အရှင်းဆုံးအချက်ကို ပြောရရင် စစ်တပ်ဟာ စစ်တပ်လိုမနေ၊ နိုင်ငံရေးလုပ်နေလို့ပဲ။ သူတို့အပြောကတော့ "နိုင်ငံရေးအလုပ်ကို နိုင်ငံရေးသမားတွေရဲ့လက်ထဲထားလို့ မဖြစ်ဘူး။ စစ်တပ်က ဝင်လုပ်ရမယ်" တဲ့။ နောက်တပါတည်း ပြောတတ်တာက အဲဒီလိုမှ သူတို့မလုပ်ရင် တိုင်းပြည်ပြိုကွဲမယ်တဲ့။ အခုဗမာပြည်မှာ စစ်တပ်က နိုင်ငံရေးလုပ်နေလိုက်တာ အနှစ် (၄၀)ကျော်သွားပြီ။ တိုင်းပြည် ပိုကောင်းလာသလား။ ပိုဆိုးသွားသလား။ နိုင်ငံတော် ပိုမိုသွေးစည်းညီညွတ်လာသလား၊ ဖရိုဖရဲဖြစ်လာသလား။ နောက်တချက်က စစ်တပ်က နိုင်ငံရေးလုပ်ခဲ့လို့ တပ်မတော် စည်းလုံးညီညွတ်ရေးကောပိုကောင်းလာသလား။ ပျက်သွားသလား။ ဒါက လွတ်လွတ်လပ်လပ် စဉ်းစားတတ်တဲ့ စစ်သည်တွေကို ပြောဖို့။

စစ်အုပ်စုထဲမှ နိုင်ငံရေးအလုပ် နိုင်ငံရေးသမားတွေလက်ထဲမထားချင်တဲ့ အတွေးအခေါ်ဟာ ၁၉၆၂ ခုနှစ်ကမှ စပေါ်ခဲ့တာမဟုတ်ဘူး။ ဒါဟာ စစ်ခေါင်းဆောင်တွေရဲ့ ခေါင်းထဲမှာ အစောကြီးကတည်းက တည်ရှိနေတဲ့ အတွေးအခေါ်ဖြစ်တယ်။ အဲဒီ အတွေးအခေါ်နဲ့ပဲ အာဏာရနိုင်ငံရေးပါတီ (ဖဆပလ)ကို စစ်ဗိုလ်တွေက တလျှောက်လုံးဘေးကနေ ကြိုးကိုင်ခဲ့တယ်။ ဘာလုပ်ပါ၊ ဘာမလုပ်ပါနဲ့လို့ ဘေးကနေအမိန့်ပေးနေခဲ့တယ် မဟုတ်လား။ အဲဒီလို နိုင်ငံရေးထဲဝင်ရှုပ်လို့ အာဏာရပါတီဖြစ်တဲ့ ဖဆပလ ကွဲသွားတာပဲ။ နိုင်ငံရေးပါတီကွဲတော့ 'အိမ်စောင့်ပေးမယ်၊ တို့အစိုးရ ဝင်လုပ်မယ်'လို့ ပြောသာသွားရော။ အဲဒီ အိမ်စောင့်ပေးခဲ့တဲ့ ဗိုလ်မှူးချုပ်တွေ၊ ဗိုလ်မှူးကြီးတွေ အခု ဘယ်ရောက်နေပြီလဲ။ အတိုက်အခံ နိုင်ငံရေးသမား ဖြစ်နေပြီမဟုတ်လား။

၁၉၆၀ ရွေးကောက်ပွဲနိုင် အာဏာရပါတီ (ပထစ)ကိုကျတော့ ၁၉၆၂ခုနှစ်မှာ ဗိုလ်နေဝင်းက 'မင်းဖယ်ပေး၊ ငါလုပ်မယ်' ဆိုပြီး အစိုးရတက်လုပ်တယ်။ အိမ်စောင့်တာ မဟုတ်တော့ဘူး။ အိမ်ကို သိမ်းလိုက်တာ။ အဲဒီ ဗိုလ်မှူးကြီးတွေကော အခု ဘယ်ရောက်နေပြီလဲ။ အတိုက်အခံနိုင်ငံရေးသမားတွေ ဖြစ်နေပြန်ပြီ။

နဝတဆိုပြီး အာဏာလွှဲယူခဲ့ကြတဲ့ ဒုဗိုလ်ချုပ်ကြီးတွေကော အခုဘယ်ရောက်ကုန်ပြီလဲ။ သူတို့ဟာ အတိုက်အခံနိုင်ငံရေးကို ပြောင်လုပ်ခွင့်မရလို့ တိုးတိုးတိတ်တိတ် အတိုက်အခံနိုင်ငံရေးလုပ်နေကြပါပြီ။ သူတို့ဆီကနေ ဗိုလ်သန်းရွှေအကြောင်းတွေ တစွန်းတစ သိလာနေကြရတယ်။

ကမ္ဘာမှာ ဗမာပြည်က စစ်တပ်လောက် ဖြုတ်၊ ထုတ်၊ ဖမ်းလုပ်တာ ရှားပါတယ်။ (၅၈) နောက်ပိုင်းမှာ ဆိုရှယ်လစ်ပါတီအဆက်အနွယ် စစ်ဗိုလ်တွေကို ဖယ်ရှားခဲ့တာကနေ စတွက်ကြည့်ပါ။ အခုအထိ ဘယ်နှစ်သုတ်၊ ဘယ်နှစ်ဦးရှိသွားပြီလဲ။ ရေတွက်လို့တောင် မရဘူးမဟုတ်လား။ ဒါဟာ စစ်တပ်က နိုင်ငံရေးဝင်လုပ်လို့၊ အာဏာလောဘ၊ အာဏာကဖန်တီးပေးတဲ့ ဥစ္စာလောဘတို့ကြောင့် အချင်းချင်း အဝေမတည့်၊ ပြန်ချကုန်ကြတာပဲ။

ဒီနေ့ အတိုက်အခံနိုင်ငံရေးသမားတွေ စာရင်းချကြည့်။ ဘယ်သူတွေလဲ။ အဓိက အတိုက်အခံနိုင်ငံရေးပါတီဖြစ်တဲ့ ဒီ–ချုပ် ထိပ်ပိုင်းမှာ စစ်ဗိုလ်ကြီးတွေအများစု မဟုတ်လား။ မကြာခင်မှာ အတိုက်အခံပါတီ

ဗညာ

ဖြစ်လာမယ့် 'တစည' ပါတီထဲမှာလဲ စစ်ဗိုလ်ကြီး တွေချည်းပဲ။ အတိုက်အခံစစ်ဗိုလ်တွေ တိုးလာဦးမှာ သေချာတယ်။ ဒီတခါ တိုးမှာက သက်ကြီးရွယ်အိုတွေ မဟုတ်ဘူး။ အရွယ်ကောင်း အားကောင်းမောင်းသန် ဗိုလ်မှူးအောင်လင်းထွဋ် (ငြိမ်း)လို စစ်ဗိုလ်တွေ ဖြစ်မယ်။ လူထုဖက်ကတော့ 'မိမိကိုယ်ကို လူထုဆီပုံအပ်ရင် သန်းရွှေစစ်အုပ်စုအကြောင်း သိသမျှ ဖွင့်ပြောရင်' ဘယ်သူ့ကိုမဆို ကြိုဆိုမှာပဲ။ တိုင်းချစ်ပြည်ချစ်စာရင်းဝင်မှာပဲ။ မျက်မှောက်အခြေအနေအရ တိုင်းပြည်အတွက် အရေးကြီးနေလို့ ဂိုဏ်းဂဏမထားဘဲ စည်းလုံးကြရမယ်။

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံတုမှု
ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

စစ်ဗိုလ်တွေ အာဏာကိုင်ထားရင် အတိုက်အခံထဲမှာ စစ်ဗိုလ်ဟောင်းတွေ များလာမှာပဲဆိုတာကလည်း တရားတခုပဲ။

စစ်တပ်က နိုင်ငံရေးထဲဝင်ပါလို့ စစ်တပ်ပြိုကွဲတဲ့ သာဓကတွေ များမှများ။ ဗမာပြည်နဲ့ အနီးဆုံးနိုင်ငံတွေဖြစ်တဲ့ ဗီယက်နမ်နဲ့ ထိုင်းကို ပဲကြည့်။ ထိုင်းစစ်တပ်ဟာ အခုအထိ ပြောင်နီးပါးကွဲနေတယ်မဟုတ်လား။ ဒါဟာ ၁၉၃၂ ခုနှစ်ကတည်းကစခဲ့တဲ့ စစ်တပ်အာဏာသိမ်းမှုကနေ စစ်ဗိုလ်ချုပ်တွေရဲ့ခေါင်းထဲကို ရိုက်သွင်းလိုက်တဲ့ တွေးခေါ်စဉ်းစားမှုကြောင့် ဖြစ်ပေါ်လာတဲ့ ၁၉၇၀ စု နှစ်များက စစ်တပ်အာဏာသိမ်းပွဲတွေရဲ့ အကျိုးဆက်ပဲ။ အာဂျင်တီးနားလည်း အတူတူပဲ။ တောင်ဗီယက်နမ်ရယ်လို့ တည်ရှိနေတဲ့ကာလတွေတုန်းက တော်လှန်ရေးသမားတွေနဲ့ ရင်ဆိုင်နေရပြီး ပေါ်လာတဲ့ အာဏာသိမ်းပွဲတွေ နည်းလို့လား။ တချို့အစိုးရများ နှစ်ပေါက်အောင်တောင် မခံဘူး။

ဒါကြောင့် စစ်တပ်၊ အပေါင်း၊ အာဏာ ညီမျှခြင်း ဂိုဏ်းဂဏအကွဲအပြဲ၊ အာဏာလုပွဲ လို့ ဆိုလို့ရတယ်။ ဒီတော့ နအဖကိုလည်း ဒီလိုပဲကြည့်မြင်ရမယ်။ တပ်မတော်ပြုပြင်ပြောင်းလဲရေးဟာ စာအုပ်ထဲမှာသာရှိတဲ့ သဘောတရားသက်သက် မဟုတ်ဘူး။ လက်တွေ့လုပ်လို့ရတယ်။ လုပ်ရမယ်။

နောက်တချက်က ဒီစစ်တပ်ဟာ ဘယ်လိုစစ်တပ်လဲဆိုတာ သိထားရမယ်။ ဒီစစ်တပ်ဟာ နိုင်ငံတော်ကိုကာကွယ်တဲ့ စစ်တပ်မဟုတ်ဘူး။ သူတို့ရဲ့တာဝန်ဟာ စစ်အုပ်စုထိပ်သီးတွေ အာဏာတည်မြဲရေးအတွက် အသက်ပေးရေးဖြစ်တယ်။ သူတို့ခေါင်းထဲကို တိုင်းချစ်ပြည်ချစ်စိတ်တောင် သွင်းပေးမထားဘူး။ ဘာနိုင်ငံရေးမှ မရှိဘူး။ တပ်သားတွေဆိုရင် သာမာန်ပညာရေးအရည်အချင်းကိုတောင်မှ တင်းတင်းကြပ်ကြပ်တောင်းဆိုခဲ့တာ မဟုတ်ဘူး။ ဒါကြောင့် သူတို့ကို တချို့က ကြေးစားတပ်လို့ခေါ်ကြတယ်။ ဒါကိုသူတို့ သိပ်နာတယ်။ ဒါပေမယ့် အဲဒီလက္ခဏာဟာ အခုကြာလေ ထင်ရှားလေဖြစ်လာနေတယ်။ တချို့နိုင်ငံတွေမှာရှိတဲ့ တကယ့်အခကြေးငွေယူပြီး လိုက်တိုက်ပေးတဲ့ ကြေးစားမျိုးတော့မဟုတ်ဘူး။ ဒါပေမဲ့ ငွေရှာရေးကိုအဓိကထားတဲ့ တပ်ဖြစ်မှန်းမသိ ဖြစ်လာနေတယ်။ အရင် စစ်တိုက်နေကြတုန်းကဆိုရင် စစ်အစိုးရဲ့တပ်တွေကို နယ်စပ်ပို့တာ၊ ရှေ့တန်းပို့တာဟာ သေမိန့်ပေးသလိုမို့ ဘယ်သူမှ မသွားချင်ကြဘူး။ အသေကြောက်တယ်။ အခုတော့ နယ်စပ်တို့၊ ရှေ့တန်းတို့ဆိုတာဟာ အခွန်ကောက်စားလို့ရတဲ့နေရာတွေမို့ သွားချင်လိုက်ကြတာ။ အလှည့်နဲ့ တပ်လဲလှည့်နေရတယ်။ တိုင်းမှူးမပြောနဲ့၊ ဗျူဟာမှူးလောက်လဲတယ်ဆိုရင်ပဲ တဖက်နိုင်ငံထဲက ကုန်သည်တွေဆီကို စာရေးပြီး ငွေတောင်းတယ်။ အဲဒီလောက် စုတ်ပြတ်နေတာ။

ထိပ်သီးပိုင်းချမ်းသာတာကတော့ မပြောနဲ့တော့။ ဖဆပလအစိုးရခေတ်တုန်းက လူပြောများခဲ့တဲ့ ဦးကျော်ငြိမ်းရဲ့နန်းတော်ဆိုတာဟာ အခု ဗိုလ်သန်းရွှေရဲ့အိမ်နဲ့စာလိုက်ရင် တဲပုပ်ပဲ။ တချိန်က ဆိုရှယ်လစ်ဝန်ကြီးတွေကို မျက်နှာလုပ်ချင်ရင် သူတို့သားသမီးတွေကို ပတ်ကားဖောင်ထိန် ဝယ်ပေးရတာမျိုးလုပ်ကြတယ်။ အခုတော့ အနည်းဆုံး မော်တော်ကားတစီးပဲ။ တိုက်တာ၊ ခြံမြေ လက်ဆောင်ပေးတယ်ဆိုတာ ဘာမှမဆန်းဘူး ဖြစ်သွားပြီ။

ဖဆပလကွဲတာဟာ SAMB ခေါ် နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးဘုတ်အဖွဲ့ရဲ့ ဆန်ကိစ္စမှာ အခြေခံတာဖြစ်တယ်။ အခုလည်း ထောက်လှမ်းရေးနဲ့ကိစ္စမှာ ဖောက်ခဲ့တဲ့ကိစ္စက ဂျီအက်စ်အမ် တယ်လီဖုန်းကိစ္စလို့ ပြောနိုင်တယ်။ ဒီလက်ကိုင်ဖုန်းလုပ်ငန်းဟာ ဗမာပြည်မှာ အာဏာရစစ်ဗိုလ်အသိုင်းအဝိုင်းနဲ့ တိုက်ရိုက်ပတ်သက်နေတာ မဟုတ်လား။ စန္ဒာဝင်းလက်ထက်တုန်းကတော့ ရဲလှိုင်ဝင်းတို့ရဲ့ စားပေါက်၊ အခု ဗိုလ်သန်းရွှေလက်ထက်ကျတော့ ထူးထရေဒင်ကတေဇရဲ့ စားကွက်ဖြစ်သွားပြီ။ ဒီလိုပဲ စားခွက်လုပွဲတွေဟာ အာဏာလုပွဲတွေ သဏ္ဍာန်နဲ့ ဆက်ဖြစ်နေဦးမှာပဲ။

ဒါကြောင့် ဒီစစ်တပ်ဟာ ထိပ်ကနေ အောက်ဆုံးအထိ စီးပွားရှာတဲ့တပ်၊ ကိုယ်ကျိုးရှာတဲ့တပ်ဖြစ်သွားပြီ။ ဒီလိုကိုယ်ကျိုးရှာ၊ စီးပွားရှာနေတဲ့ တပ်တတပ်ကို ဖြိုခွဲတယ်ဆိုတာဟာ မဖြစ်နိုင်တဲ့အလုပ်မဟုတ်ဘူး။

ဒါကိုလက်တွေ့ ဘယ်လိုလုပ်ကြမလဲ။ နည်းနာတွေက များလှတယ်။ ပစ်ကွင်းကို ကျဉ်းနိုင်သမျှ ကျဉ်းအောင်ထားပြီး နအဖစစ်အုပ်စုလက်အောက်က ဆွဲထုတ်နိုင်သလောက် ဆွဲထုတ်ကြရမှာပဲ။

ရိုးသားပြီး လွတ်လွတ်လပ်လပ် စဉ်းစားတတ်တဲ့ တပ်မှူးတပ်သားတွေကို စည်းရုံးဖို့ဆိုတာကတော့ သူတို့နဲ့အနီးဆုံးဖြစ်တဲ့ သူတို့ရဲ့အိမ်သားတွေ၊ ဆွေမျိုးမိတ်သင်္ဂဟတွေနဲ့ ပြည်သူလူထုကြီးတရပ်လုံးကို အဓိကအားထားရမှာပဲ။

ဒီလုပ်ငန်းဟာ အရေးတော်ပုံရဲ့ သေရေး ရှင်ရေးနဲ့ ဆက်စပ်နေတဲ့လုပ်ငန်းမို့ သဘောထားရှိရှိ၊ အမြင်ရှင်းရှင်း၊ ပရိယာယ်ကြွယ်ကြွယ်နဲ့ လုပ်ကြရမယ်။ ❖

Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချီသည်။

**အယ်ဒီတာချုပ်**
ဇော်ဝဇိုး

**တာဝန်ခံအယ်ဒီတာ**
နေသွင်

စာမျက်နှာဖွဲ့စည်းမှု
စောဒီထူး၊ အောင်ထက်

မိုးကြိုးသတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အမေရိကားအရှေ့ခြမ်းဌာနခွဲ၏ ပထမအကြိမ်ညီလာခံပြီးစီး၊ သုံးပွင့်ဆိုင်ဆွေးနွေးပွဲပေါ်ပေါက်ရေးနှင့် ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကိုအခြေခံသော ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးအတွက် လုပ်ငန်းစဉ်ချမှတ်




ရှေ့တန်း (ဝဲမှ ယာ) ဒေါ်အေးအေးအောင်၊ ဦးမျိုးသန့်၊ ဦးအောင်စောဦး၊ ဦးရဲထွဋ်၊ ဦးစိုးသန်း
နောက်တန်း (ဝဲမှ ယာ) ဦးမင်းသန့်၊ ဦးအောင်မင်းထွန်း၊ ဦးဖြိုးဝေလွင်၊ ဒေါ်မေသန်းရှိန်၊ ဒေါ်ရွှေစင်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ အမေရိကား အရှေ့ခြမ်းဌာနခွဲ၏ ပထမအကြိမ်ညီလာခံကို ဝါရှင်တန်ရှိ Inter- national Republican Institute ရုံး၊ အစည်း အဝေးခန်းမတွင် မေလ (၂၇) ရက်နေ့ နံနက် (၁၀)နာရီမှ ညနေ (၄)နာရီအထိ ကျင်းပခဲ့ပြီး တက်ရောက်လာသော ညီလာခံကိုယ်စားလှယ်များက မြန်မာနိုင်ငံတွင် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ပေါ်ပေါက်ရေးနှင့် ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကိုအခြေခံသည့် ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်ရန်လုပ်ငန်းစဉ်များ ဆုံးဖြတ်ချမှတ်ခဲ့ကြသည်။

ညီလာခံသို့ အမေရိကားအရှေ့ခြမ်းတွင်ပါဝင်သော Indiana North Carolina, New York City, New York Upstate, Wisconsin ESifh Maryland ပြည်နယ်များမှ အမျိုးသားဒီမိုကရေစီအဖွဲ့ဝင်များ၊ အဖွဲ့ချုပ်လွတ်မြောက်နယ်မြေမှ အဖွဲ့

စာမျက်နှာ (၁၁) ကော်လံ (၃)သို့ ...

# အမေရိကန်နိုင်ငံ အတ္တလန်တာပြည်နယ်တွင် ကျင်းပခဲ့သော လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးညီလာခံတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး

အမေရိကန်နိုင်ငံ အတ္တလန်တာပြည်နယ်တွင် ဇွန်လ (၆)ရက်နှင့် (၇)ရက်နေ့များက ကျင်းပသော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများညီလာခံ (Human Rights Defenders on the Frontlines of Freedom: Advancing Security and the Rule of Law)သို့ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှ တွဲဘက်အတွင်းရေးမှူး ကိုဘိုကြည်တက်ရောက်ခဲ့ပြီး၊ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြခဲ့ကြောင်း သိရှိရသည်။

နိုင်ငံပေါင်း (၁၅)နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့သော ယင်းညီလာခံတွင် အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်နာမင်းကြီး လူးဝစ်(စ)အာဘာတို့က ညီလာခံသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

ညီလာခံအကြို ဇွန်လ (၅)ရက်နေ့ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ ကိုဘိုကြည်က နအဖသည် နိုင်ငံတော်၏ယန္တရားများဖြစ်သော အာဏာကြီးသုံးရပ်အပါအဝင်၊ သတင်းဌာနများ၊ လက်နက်ကိုင်တပ်များနှင့် သဘာဝရင်းမြစ်များကို ထင်သလိုအသုံးပြုနေပြီး၊ ဒီမိုကရေစီနှင့်လူ့ အခွင့်အရေးအတွက် တောင်းဆိုနေသူများနှင့် တိုင်းရင်းသားများကို အဖျက်သမားများအဖြစ် သတ်မှတ်နှိမ်နင်းနေသည့် အဖြစ်အပျက်များကို အချက်အလက်များဖြင့် တင်ပြဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်း စုံဖြင့်ဖွဲ့စည်းထားခြင်းဖြစ်ပြီး စစ်အုပ်စု၏ သွေးခွဲအုပ်ချုပ်ရေးနှင့် ဖိနှိပ်ရေးပေါ်လစီကြောင့် လူမျိုးရေးမုန်းတီးမှုများဖြစ်ပေါ်နေခြင်း၊ ဒေသဆိုင်ရာစစ်ဘုရင်ငယ်များရှိနေခြင်း၊ ဒေသဆိုင်ရာတွင်း၌လည်း မြန်မာနိုင်ငံသည် အင်အားကြီးတရုတ်၊ အိန္ဒိယနှင့် အာဆီယံနိုင်ငံများအကြားတွင် တည်ရှိနေရာ ထိုနိုင်ငံများသည် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေးကို မျက်နှာသာမပေးဘဲ စီးပွားရေးအကျိုးအမြတ်ရရှိရေးကိုသာ ဦးစားပေးလွန်းခြင်းကြောင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖော်

စာမျက်နှာ (၁၄) ကော်လံ (၁)သို့ ...




မြန်မာနိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ကိုဘိုကြည်အား အတတ္တလန်တာညီလာခံ၌ တွေ့မြင်ရစဉ်

မျက်နှာဖုံး ဒေါ်စု မွေးနေ့သတင်းမှ ...

က ''ကျနော်တသက်နဲ့တကိုယ်မှာ ဒီလိုမွေးနေ့မျိုးတခါမှ မကြုံဖူးပါဘူး။ မွေးနေ့ရှင်မရှိဘဲနဲ့ ကျင်းပနေရတဲ့မွေးနေ့ပွဲပေ့ါ။ ကျနော်တို့မွေးနေ့ဆုတောင်းကိုလည်း သူတိုက်ရိုက်မကြားနိုင်ဘူးလေ။ ဒီထက်ထူးခြားတာက



ဂျပန်နိုင်ငံ၌ ကျင်းပသော ဒေါ်အောင်ဆန်းစုကြည် မွေးနေ့အခမ်းအနားတွင် အဲန်စီဂျီယူဘီဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းအား တွေ့ရစဉ်

မွေးနေ့ရှင်ဟာ မိန်းမသားတဦးဖြစ်နေတယ်။ မိန်းမသားတဦး ဘယ်ရောက်နေလဲဆိုတော့ အကျဉ်းသားဘဝကို ရောက်တယ်။ ကျနော်ကိုယ်တိုင်ဟာလည်း အကျဉ်းသားဘဝနဲ့ အထီးကျန်ခဲ့ရတာ (၁၆)နှစ်နီးပါးဆိုတော့ အခုမွေးနေ့ရှင်ဟာလည်း တဦးတည်းအထီးကျန် အကျဉ်းသားဘဝနဲ့ဆိုတော့ ဒီအချိန်မှာရှိမယ့် သူ့ခံစားချက်တွေကို ကျနော်စာနာပေးလို့ရပါတယ်။ အထီးကျန် အကျဉ်းသားဘဝနဲ့ ကျနော် တချိန်ကခံစားခဲ့ရသလိုပဲ မှန်းဆပြီးတော့ အင်အားတွေမွေးနေမှာပဲလို့ ကျနော်ယုံကြည်ပါတယ်''ဟုဆိုသည်။

မန္တလေးတိုင်းအဖွဲ့ချုပ် ကလည်း ဒေါ်အောင်ဆန်းစု ကြည် အသက် (၆၀)ပြည့်မြောက် သော ဇွန်လ (၁၉)ရက်နေ့ နံနက် တွင် ငွေတောင်ကျောင်းတိုက်၊ ဘုရားကြီးကျောင်းတိုက်၊ အနောက် ထီးလင်းနှင့်မစိုးရိမ်ကျောင်းတိုက်များမှ သံဃာတော် (၁၂)ပါးကို အရုဏ်ဆွမ်းကပ်လှူကောင်းမှုပြုခဲ့ပြီး၊ နေ့လည်ပိုင်းတွင် မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူမှုအထောက်အကူပြုအဖွဲ့က မန္တလေးတိုင်းအတွင်းရှိ နိုင်ငံရေးအကျဉ်းသားများ၏ သားသမီးများအတွက် ပညာသင်စရိတ် တဦးလျှင် တသောင်းစီ ထောက်ပံ့ပေးခဲ့ကြောင်း သိရှိရသည်။

ဒေါ်အောင်ဆန်းစုကြည် မွေးနေ့အခမ်း အနားကို မိုးကုတ်၊ မြင်းခြံ၊ တောင်သာ၊ ပျဉ်းမနား၊ တောင်ငူ၊ ရေနံချောင်း၊ ပွင့်ဖြူ၊ စလင်း၊ အောင်လံ၊ တောင်တွင်းကြီးနှင့် ရေဝတီတိုင်း ဘိုကလေးမြို့တို့တွင်လည်း ကျင်းပခဲ့ပြီး၊ ဒေါ်စုလွတ်မြောက်ရေးအတွက် ကုသိုလ်ပြုဆုတောင်းပွဲများ ပြုလုပ်ခဲ့ကြသည်။

ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းမုံရွာနှင့် ကလေးမြို့များတွင် ဒေါ်စုမွေးနေ့ပွဲအခမ်းအနားများကို အာဏာပိုင်များက အနှောင့်အယှက်ပေးနေသဖြင့် ကျင်းပခွင့်မရဟု ပြည်တွင်းသတင်းများက ဆိုသည်။

အလားတူ ထိုင်း-မြန်မာနယ်စပ်တွင် ကျင်းပသော ဒေါ်အောင်ဆန်းစုကြည် အသက် (၆၀)ပြည့်အခမ်းအနားတွင် အဝါရောင်ဖဲပြား၊ ရင်ထိုးနှင့် အင်္ကျီများဝတ်ဆင်၍ ဖယောင်းတိုင်မီးများကိုင်ဆောင်ထားသော ပရိသတ် (၂၅၀)ခန့်တို့က မိမိတို့ယုံကြည်ကိုးကွယ်သောဘာသာအလိုက် ဒေါ်စုလွတ်မြောက်ရေးအတွက် ဆုတောင်းခဲ့ကြသည်။

အခမ်းအနားတွင် အဲန်အယ်လ်ဒီ လွတ်မြောက်နယ်မြေ ဒုဥက္ကဋ္ဌ ဦးတင်အောင်၊ ဖယ်ခုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားညွန့်ပေါင်းအစိုးရ ဖက်ဒရယ်ရေးရာဝန်ကြီးဦးခွန်မားကိုဘန်းနှင့် မြန်မာနိုင်ငံအမျိုးသမီးအဖွဲ့ချုပ်မှ နော်ခိုင်မာကျော်ဇောတို့က ဒေါ်အောင်ဆန်းစုကြည်ကို ချီးကျူးစကားများ ပြောကြားခဲ့ကြသည်။ ထို့နောက် ကဗျာဆရာငြိမ်းဝေက ကဗျာဆရာ အဝေးလူစပ်ဆိုသော ''၁၂ ရက်မြောက် ညနေ'' ကဗျာကို ရွတ်ဆိုခဲ့သည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသောသူများက အဝါရောင်မိုးပျံပူပေါင်းများကို ကောင်းကင်သို့ လွှတ်တင်ခဲ့ကြသည်။

ထိုင်းနိုင်ငံဘန်ကောက်မြို့ရှိ နိုင်ငံခြားသတင်းထောက်များကလပ်တွင် ဇွန်လ (၁၆)ရက်နေ့ညကကျင်းပသော ဒေါ်အောင်ဆန်းစုကြည်မွေးနေ့အခမ်းအနားသို့ ထိုင်းနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သည့် ဒါဇင်နှင့်ချီသော အဖွဲ့အစည်းများမှ စည်းရုံးမှူးများ၊ မြန်မာ့ ဒီမိုကရေစီလှုပ်ရှားသူများ၊ ဘန်ကောက်ရှိ နိုင်ငံခြားသံတမန်များ၊ ထိုင်းနိုင်ငံ အထက်လွှတ်တော်အမတ်များ တက်ရောက်ခဲ့ပြီး၊ နိုဗယ်လ်ဆုရှင် (၁၄)ဦးနှင့် ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင်နှစ်ဦးဖြစ်သော တောင်အာဖရိကဘုန်းတော်ကြီး ဒက်စမွန်တူးတူးနှင့် တိဘက်ဘာသာရေးခေါင်းဆောင် ဒလိုင်းလားမားတို့က မွေးနေ့ဆုတောင်းသဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

ဇွန်လ(၁၆)ရက်နေ့ကလည်း အမေရိကန်လွှတ်တော်အဆောက်အအုံတွင် ယူအက်စ်စီဘီခေါ် အမေရိကန်ဆိုင်ရာ မြန်မာအရေးလှုပ်ရှားအဖွဲ့နှင့် အဲန်စီဂျီယူဘီတို့က ကမကထလုပ်ကျင်းပသော ဒေါ်အောင်ဆန်းစုကြည်မွေးနေ့သို့ အမေရိကန်လွှတ်တော်အမတ်များ တက်ရောက်ခဲ့ပြီး၊ ဂျော်ဂျီယန်သမတကဒေါ်စုအတွက် မွေးနေ့သဝဏ်လွှာကို ပေးပို့ခဲ့သည်။ ထိုနေ့ညနေတွင် ဝါရှင်တန်ရှိ နအဖသံရုံးသို့ အမေရိကန်အထက်လွှတ်တော်အမတ် တိုလန်တိုးက ကမ္ဘာအရပ်ရပ်မှ ပေးပို့သော မွေးနေ့ကဒ် (၆၀၀၀)ကို သွားရောက်ပေးပို့ခဲ့သည်။ သို့သော် နအဖသံရုံးတာဝန်ခံများက အတွေ့မခံခဲ့သဖြင့် အခွင့်အရေးရသည့်အခါ ဒေါ်အောင်ဆန်းစုကြည်လက်သို့ အဆိုပါမွေးနေ့ကဒ်များ အရောက်ပေးပို့နိုင်ရန်အတွက် မွေးနေ့ကဒ်ပြားများကို ပြန်လည်သိမ်းဆည်းခဲ့သည်ဟု သတင်းများကဆိုသည်။

ထို့အပြင် အီးယူနိုင်ငံများ၊ တောင်အာဖရိကနိုင်ငံ၊ အိန္ဒိယနိုင်ငံ နယူးဒေလီ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒက္ကာ၊ စင်ကာပူ၊ ဂျပန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဆွတ်ဇာလန်၊ အိုင်ယာလန်၊ နော်ဝေ၊ အမေရိကန်နိုင်ငံနှင့် တရုတ်-မြန်မာနယ်စပ်ရွှေလီတို့တွင်လည်း ဒေါ်အောင်ဆန်းစုကြည်အသက် (၆၀)ပြည့်အခမ်းအနားများ ကျင်းပခဲ့သည်ဟု ပြည်ပသတင်းဌာနများမှ သတင်းထုတ်ပြန်ခဲ့ကြသည်။

အလားတူ အိုင်ယာလန်နိုင်ငံ၏ သမိုင်းဝင် ကာကာလန်ဒဗ္ဗလင်ရဲတိုက်တွင် ကမ္ဘာကျော်ဂီတဝိုင်းတခုဖြစ်သော (RAM)တေးဂီတဝိုင်းကလည်း ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ အထူးအစီအစဉ်အဖြစ် ဇွန်လ (၂၀)ရက်နေ့ညတွင် ဂီတပွဲတခုပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

❖